# KACHIN WAVES

## ၂၀၁၇ ဆောင်းပါးပေါင်းချုပ်

*NEWS FEATURE*
*INTERVIEW*
*OPINION*
*PROFILE*

# KACHIN WAVES





# မာတိကာ

NEWS FEATURE 1
INTERVIEW 42
OPINION 46
PROFILE 55
2017 KACHIN WAVES ရက်စွဲမှတ်တမ်း 60
TRANSLATION 64



# NEWS FEATURE

1. စည်လုံးခြင်းဖြင့် ကချင်လူမျိုးတို့၏ လွတ်မြောက်ရေးဆီသို့ —— By Lawhkum Zau
2. အမှုမှန်ပေါ်ဖို့မိသားစုတွေ မျှော်လင့်နေကြပါတယ် —— By Maran
3. စင်ကြိုင် ဒုက္ခသည်စခန်းသို့ ခရီးသွားခြင်း —— By Lawhkum Zau
4. ဒဏ်ရာများနေတဲ့ မြန်မာပြည်မြောက်ဖျားက နောင်မွန် —— By Maran
5. ငေါ့ချွန်းခကို ရှင်သန်ခွင့်ပြုပါ —— By Maran
6. လုယက်မှုများနှင့် မြစ်ကြီးနားမြို့လုံခြုံမှု ဘယ်မှာလဲ —— By Maran, Lawhkum Zau
7. ကချင်ပြည်နယ် တစ်နှစ်သားအစိုးရ၏ မီဒီယာနှင့် နိုင်ငံရေးပေါ် ထုတ်ပြန်သည့် ရီပို့ကဒ် —— By Maran
8. ၆ နှစ်ပြည့်ခဲ့ပြီ —— By Maran
9. ပြည်တွင်းစစ်ဒဏ်သင့်သော မြို့တစ်မြို့ —— By Nlum
10. ဧရမျိုးဆက် ကချင်ကျောင်းသားလူငယ်များ ပြောပြတဲ့ ကချင်ပြည်နယ် ရှစ်လေးလုံးမှတ်တမ်း —— By Maran
11. ခင်ပွန်းများသတ်ခံရပြီးနောက် ဒုက္ခသည်သားအမိများ၏ဘဝ —— By Lawhkum Zau
12. မြစ်ဆုံစီမံကိန်းကပေးသော ခြောက်လှန့်အိမ်မက် —— By Maran
13. အမှန်တရားကို မျှော်လင့်နေသူများ —— By Maran
14. တရုတ်ရောင်းကုန်ဖြစ်ခဲ့ရတဲ့ စစ်ဘေးဒုက္ခသည်မိန်းမပျို —— By Lawhkum Zau









# စည် လုံး ခြင်း ဖြင့်

## ကချင်လူမျိုးတို့၏ လွတ်မြောက်ရေးဆီသို့

"အရမ်းပျော်ပါတယ်။ အဖွားတို့ ကချင်လူမျိုးတွေ အခုလိုစည်းလုံးနိုင်မှု အရင်ကတည်းက ရှိရမှာဖြစ်တယ်။ ဒီနေ့ယခုလို စည်းလုံးလာတဲ့အတွက် အဖွားကတော့ အရမ်းပျော်ပါတယ်။ အဖွားက အသက် ၈၀ကျော်ပြီ ဆိုတော့ ဆုတောင်းပေးတာပဲ လုပ်နိုင်တော့တယ်"

ဇန်နဝါရီ ၁၀ရက်နေ့သည် ကချင်တမျိုးသားလုံးအတွက် ကချင်ပြည်နယ်ဟု သတ်မှတ်နိုင်ခဲ့သည့် နေ့ကောင်းနေ့မြတ်ဖြစ်သော (၆၄)နှစ်ပြည့် ကချင်ပြည်နယ်နေ့ ဖြစ်သည်။ နိုင်ငံတော်အစိုးရမှ ရုံးပိတ်အားလပ်ရက်အဖြစ် သတ်မှတ်ပေးခြင်းတော့ မရှိပေ။ သို့သော် ကချင်အမျိုးသား လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ကာ မြစ်ကြီးနားမြို့ စီတာပူ မနောင်ကွင်းတွင် ကချင်လူမျိုးများစုရုံးလျက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဝတ်ပြုဆုတောင်းပွဲ အစီအစဉ်ကို နံနက် ၉း၀၀နာရီအချိန်၌ စတင်ဖို့အဆင်သင့် ဖြစ်နေပြီဖြစ်သည်။

ယမန်နှစ်က ကချင်ပြည်နယ်နေ့တွင် မနောင်ပွဲတော် ကျင်းပခဲ့ပြီး နိုင်ငံတော် သမ္မတဟောင်း ဦးသိန်းစိန် တက်ရောက်ခဲ့သည်။ သို့သော် ယခုနှစ်ကချင်ပြည်နယ်နေ့သည် ကချင်လူမျိုးများ၏ စည်းလုံးခြင်းကို မြင်တွေ့ရသည်။

မနောင်ကွင်းအဝင်မုခ်ဝတွင် ကချင်မျိုးနွယ်စု ဝတ်စုံများစုံညီစွာ ဝတ်ဆင်ထားကြသော ကချင်လူငယ်များနှင့် ကချင်အမျိုးသမီးကြီးများသည် အပြုံးပန်းများဝေဝေဆာဆာဖြင့် ကချင်ရိုးရာသီချင်းများ သီဆိုကာ (၆၄)နှစ်ပြည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ဆုတောင်းပွဲသို့ ကြွရောက်လာကြသော လူထုအားကြိုဆိုနေကြသည်။

ပတ်ဂျဆန် အဖွဲ့ဝင်များကတော့ အခမ်းအနား၏ လုံခြုံရေးကို တာဝန်ယူထားကြသည်။ နံနက် ၉း၀၀နာရီ ထိုးလာပြီဖြစ်၍ မနော်ကွင်းသို့ တဖွဲဖွဲရောက်လာနေသော ကချင်လူထု လူဦးရေမှာ သောင်းဂဏန်းအထိ ရောက်ရှိနေပြီ ဖြစ်သည်။

ယနေ့ စီတာပူမနော်ကွင်းတွင် (၆၉)နှစ်ပြည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဝတ်ပြုဆုတောင်းပွဲ အစီအစဉ်အပြင် မီနီမာရသွန် ကော်မတီမှ ဦးဆောင်ကျင်းပသော တတိယအကြိမ်မြောက် မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုပေးပွဲကိုလည်း ကျင်းပနေသည်။ မီနီမာရသွန်ပြိုင်ပွဲတွင် လူမျိုးပေါင်းစုံအရွယ်စုံ လူရာဂဏန်း ဝင် ရောက်ယှဉ်ပြိုင်ပါဝင်ကြသည်ကို တွေ့ရသည်။ မီနီမာရသွန်ပြိုင်ပွဲ၏ ဆုပေးပွဲကို မနော်ကွင်း မြောက်ဘက်စင်၌ ကျင်းပနေပြီး (၆၉)နှစ်ပြည့် ကချင်ပြည်နယ်နေ့ ဝတ်ပြုဆုတောင်းခြင်း အခမ်း အနားကိုတော့ မနော်ကွင်း၏ အရှေ့မြောက်ဘက် စတိတ်စင်ကြီး၌ ကျင်းပနေခြင်းဖြစ်သည်။ ထိုနေ့တွင် မနော်ကွင်းတွင် လွတ်မြောက်ခြင်းကို လိုလားတောင့်တနေသည့် ပြည်သူများကျင်းပသည့် ဆုတောင်းပွဲနှင့် အစိုးရကကျင်းပသည့် မီနီမာရသွန်ပြိုင်ပွဲ ဆုပေးပွဲအပြိုင်ကျင်းပ လျှက်ရှိသည်။

မီနီမာရသွန်ပြိုင်ပွဲဆုပေးပွဲတွင်မူ အစိုးရလူကြီးများကို တွေ့မြင်ရပြီး ဆုတောင်းပွဲတွင်မူ ၎င်းတို့ကို တွေ့မြင်ရခြင်း မရှိပေ။

ကချင်ပြည်နယ်နေ့ ဝတ်ပြုဆုတောင်းခြင်း အခမ်းအနားကို သတ်မှတ်ထားသည့်အချိန် ၉း၀၀နာရီထိုးသည်နှင့် စတင်ခဲ့ပြီး ကချင်အမျိုးသား အလံ အလေးပြုခြင်း အစီအစဉ်ကို ကချင်နာမည်ကျော် အဆိုတော် အဘားဒီးမှ ဦးဆောင်ပြီး ကြွရောက်လာသည့် ကချင်လူထုအားလုံးနှင့် အတူ ကချင်အမျိုးသားသီချင်းကို ပြိုင်တူသီဆိုကြသည်။

ထို့နောက် ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး သိက္ခာတော်ရ ဒေါက်တာ ခလမ်ဆမ်ဆွန်မှ ကချင်ပြည်နယ်နေ့ အတွက် "ပြည်နယ်နေ့မှ ကချင်လွတ်မြောက်ရေးဆီသို့" (Mungdaw n'htoi kaw nna Kachin lawt lam de) ဆိုသည့် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဆရာကြီး၏ ဟောကြားချက်ထဲမှ တချို့ကို ဖော်ပြရသော် ကချင်လူမျိုးများသည် စစ်အစိုးရ အုပ်ချုပ်မှုအောက်နေခဲ့ရသည်မှာ အချိန်အင်မတန် ကြာနေပြီဖြစ်ပြီး ယခုအချိန်၌လည်း စစ်အစိုးရအောက်နေလိုသေးသော ကချင်ရှိအုံးမည်ဟု မထင်တော့ကြောင်း၊ ထို့ကြောင့် စစ်အစိုးရ လက်အောက်မှ လွတ်မြောက်နိုင်ရန် ဒီနေ့ကချင်ပြည်နယ်နေ့မှာ အားလုံးစုပေါင်း နည်းလမ်းရှာပြီး စည်းလုံးညီညွှတ်ခြင်းဖြင့် လျှောက်လှမ်းရတော့မည် ဖြစ်သည်ဟု ဟောပြောပါသည်။

ထို့အပြင် ယနေ့ကချင်လူမျိုးများ ကချင်ပြည်ကို ပိုင်ဆိုင်နိုင်ခြင်း မရှိသေးသည်မှာ စည်းလုံးမှု မရှိသေးခြင်းကြောင့် ဖြစ်ကြောင်း ကချင်လူမျိုး ထဲတွင် မျိုးနွယ်စုများ များစွာရှိပြီး ထိုမျိုးနွယ်စုများ အချင်းချင်း ခွဲခြားနေသောကြောင့် စည်းလုံးညီညွှတ်ရေးမှာ အားနည်းနေရကြောင်း၊ ထို့ကြောင့် ဘုရားသခင် ဖန်ဆင်းထားသော လူမျိုးတစ်မျိုးအနေနဲ့ ဘုရားသခင်ပေးထားပြီးဖြစ်သော မိမိတို့၏ တိုင်းပြည်ကို ပိုင်ဆိုင်နိုင်ရန် ကချင်လူမျိုးအားလုံး စည်းလုံးညီညွှတ်စွာ အတူကြိုးစားလုပ်ဆောင်ရတော့မည် ဖြစ်သည်ဟု ဟောပြောခဲ့သည်။

၎င်းကဆက်ပြောသည်မှာ မိဘပြည်သူများ အနေဖြင့် ယနေ့ကချင်လူမျိုးများသည် ဘက်တစ်ဘက်ထဲကိုပဲ ခိုင်မာစွာရပ်တည်ရတော့မည်ဖြစ်ပြီး ဘက်နှစ်ဘက်မျှပြီး ရပ်တည်နေရင် တိုင်းပြည်တစ်ခုကို ပိုင်ဆိုင်နိုင်မည် မဟုတ်ကြောင်း ဒါကြောင့် ဘက်တဘက်တည်းကိုပဲ ရပ်တည်ပြီး တိုင်းပြည်ရအောင် လုပ်ရမည့်အချိန်သည် ယနေ့အချိန်ပင်ဖြစ်သည်ဟု၍ ဖြစ်သည်။ ထို့အပြင် တစ်ဦးတစ်ယောက်ထဲ အဆင်ပြေ သာယာစွာနေနိုင်ဖို့ကို မကြည့်ပဲ တစ်မျိုးသားလုံး ပျော်ရွှင်ဖို့၊ တစ်မျိုးသားလုံး အဆင်ပြေစွာနေနိုင်ဖို့၊ တစ်မျိုးသားလုံး ငြိမ်းချမ်းဖို့နှင့် အခွင့်အရေးများ ရရှိနိုင်ဖို့အတွက် ရှေးရှုပြီး ယနေ့ ကျွန်တော်တို့ စည်းလုံးညီညွှတ်နိုင်ရန် လုပ်ဆောင်ရတော့မည် ဖြစ်သည်ဟု ပြောသည်။

ထို့အပြင် ဆရာကြီးမှ ဆက်၍ စည်းလုံးခြင်းဖြင့် လွတ်မြောက်နိုင်ရန် အတွက် အချက်ငါးချက်ဖြင့် တင်ပြခဲ့ပြီး ၎င်းတို့ကို အကျဉ်းမျှ ဖော်ပြရသော်၊

1. ယနေ့ကျွန်တော်တို့ တိုင်းပြည်တစ်ခုအဖြစ် တည်ဆောက်နိုင်ရန် ရပ်တည်နိုင်ရန် အချင်းချင်း ကူညီပံ့ပိုး ကြရန်
2. မိမိတစ်ဦးထဲ၏လိုအပ်ချက်ကို အဓိကမကြည့်ပဲ သူများဘာလိုအပ်နေသလဲ ဆိုတာကို တာဝန်ယူနိုင်ရန်
3. တိုင်းပြည်တစ်ခုတည်ထောင်နိုင်ဖို့သန့်ရှင်းဖြောင့်မတ်မှန်ကန်စွာ အသက်ရှင်ရန်
4. ကချင်လူမျိုးများအချင်းချင်း ယုံကြည်မှုရှိရန်နှင့်
5. တိုင်းပြည်တစ်ခု လွတ်မြောက်နိုင်ဖို့ ပေးဆပ်နိုင်မှု ရှိရမည်ဖြစ်ပြီး ပေးဆပ်နိုင်မှုက အရေးကြီးကြောင်း စသည့် အချက်များအား အကျယ်တဝင့် ဟောပြောကြားခဲ့သည်။

ထို့နောက် ကချင်မျိုးနွယ်စု အသီးသီး၏ အကပဒေသာများကို အလှည့်ကျ ကပြဖျော်ဖြေကြပြီး ကချင်အနုပညာရှင်များက ဦးဆောင်ကာ ကချင်လူထုနှင့်အတူ အမျိုးသားရေးသီချင်းများ အတူသီဆိုခြင်းနှင့် ကချင်လူမျိုးတို့၏ ရှေးခေတ်မှ ယနေ့ကာလအထိ ဖြတ်သန်းလာသည့် သမိုင်းကြောင်းကို ပြဇာတ်ဖြင့် တင်ဆက်ကပြကြသည်။ ကြွရောက်လာသည့် ကချင်လူထုများလည်း အင်မတန် စိတ်အားထက်သန်စွာ အားပေးနေကြသည်ကို တွေ့နေရသည်။

ဦးကဂျဇော်နော်ကလည်း ကချင်လူမျိုးများ မြန်မာပြည်လွပ်လပ်ရေးရရန် မည်သို့ ပါဝင်ကြိုးပမ်းခဲ့ပုံနှင့် ယနေ့ကချင်လူမျိုးများ မည်သို့ခံစားနေရသည်ကို သမိုင်းအချက်အလက်နှင့် တကွ ကဗျာ ရွတ်ပြခဲ့ပြီး ပဒန်မနော်ပွဲ (အောင်မြင်ခြင်းအထိမ်းအမှတ် မနော်ပွဲ) ကျလျှင် ပြန်ဆုံကြမည်။ ကချင်ပြည်ကို ဘုရားသခင်ကောင်းချီး

ပေးပါစေဟု နှုတ်ဆက်ခဲ့ပြီး ကချင်လူထုပရိတ်သတ်၏ လက်ခုပ်သြဘာသံများ ညံခဲ့သည်ကို တွေ့ရသည်။

ဒူဝါလထော်ခွန်ဆိုင်းမှလည်း "ကျွန်ုပ်တို့တိုင်းပြည်" (Anhte a Mungdan)ဆိုသည့် ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။ ၎င်း၏ မိန့်ခွန်းမှအချို့ကို ကောက်နုတ်ရသော်၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့မှု ကချင်ပြည်နယ်အဖြစ် သတ်မှတ်နိုင်ခဲ့မှုနှင့် ယနေ့ထိ ကချင်လူမျိုးများ ဖိနှိပ်ခံနေရသည့် အဖြစ်ကို ဟောပြောခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကချင်လူမျိုးများ ဖိနှိပ်ခံနေရသည့် အခြေအနေမှ လွတ်မြောက်နိုင်ရန် အားလုံးကြိုးစားနေရမည့်အချိန် ဖြစ်နေပြီဖြစ်ကြောင်း ယနေ့အချိန်မှာလည်း ကျွန်တို့လူမျိုးများဟာ အိုးအိမ်လယ်ယာပစ်ထားကာ စစ်ပြေးဘဝရောက်နေကြသည့်အချိန် အလွန်ကြာလာပြီဖြစ်ပြီး ဘယ်အချိန်ထိ ဒီလိုဖိနှိပ်ခံနေရမှာလဲ။ သတ်ဖြတ်ခံနေရမှာလဲ။ ကြောက်ရွံ့လျှက် အသက်ရှင်နေရမှာလဲ ဆိုသည်မှာ ညီညီညွတ်ညွတ် အဖြေရှာရတော့မည့် အချိန်ရောက်နေပြီဟု ပြောကြားပါသည်။

၎င်းကဆက်၍ပြောသည်မှာ လူမျိုးတစ်မျိုး လွတ်မြောက်နိုင်ဖို့ ကချင်တစ်မျိုးသားလုံး စည်းလုံးညီညွတ်ခြင်းက အင်မတန် အရေးကြီးကြောင်းနှင့် ကချင်လူမျိုးများ ဘယ်အချိန်ထိ ကြောက်ရွံ့နေအုံးမှာလဲ။ မည်သူ့ကို အားကိုးနေအုံးမှာလဲ။ ယနေ့လို နိုင်ငံရေး အခြေအနေမှာ လွတ်မြောက်ရေးကိုလိုချင်ပြီ ဆိုသည့်အကြောင်း မိမိတို့ကိုယ်တိုင် ထုတ်ဖေါ်မပြရင် မိမိတို့ကိုယ်တိုင် မလုပ်ယူလျှင် မည်သူက လာလုပ်ပေးမည်နည်း။ ကျွန်ုပ်တို့၏ လွတ်မြောက်ရေးကို ကျွန်ုပ်တို့ ကိုယ်တိုင်တည်ဆောက်ယူရမှာဖြစ်တယ်ဟု ဟောကြားသည်။

ဆက်လက်၍လည်း ယနေ့ကျွန်ုပ်တို့ ကချင်လူမျိုးများကို သာလွန်အင်အားဖြင့် ထိုးစစ်ဆင်နေကြောင်း ထိုထိုးစစ်ဆင်မှုကို အောက်ပိုင်းမှာ တရားတဲ့စစ်ဖြစ်ကြောင်း ထောက်ခံပွဲတွေလုပ်နေ ကြသည်ကို ကျွန်ုပ်တို့ ကချင်လူမျိုးများ လေးလေးနက်နက် စဉ်းစားကြရမည်ဖြစ်ကြောင်းနှင့် ကချင်တမျိုးသားလုံး စည်းလုံး ညီညွတ်စွာနဲ့ လက်တွဲလျှောက်လှမ်း ကြမယ်ဆိုလျှင် ကျွန်ုပ်တို့ မျှော်မှန်းထားသော လွတ်မြောက်ရေးသို့ ရောက်နိုင်မည်ဖြစ်ကြောင်းကို ယုံကြည်အားကိုးစွာ တင်ပြလိုက်ပါသည်ဟု ဟောကြားခဲ့ပါသည်။

ဆက်၍ ဆရာတော် Bishop ဇော်လီမှ ဒေသနာတော်ဝေငှချက်တွင်လည်း လူမျိုးတစ်မျိုးအတွက် နယ်မြေဒေသအရေးကြီးသည်။ ၎င်းလူမျိုး၏နယ်မြေဒေသသည် ၎င်းတို့၏အသက်ဝိညာဉ်ပင်ဖြစ်ကြောင်းကို ဘုရားသခင်က စီမံပေးထားကြောင်း မြင်တွေ့နိုင်သည်ဟု ပြောသည်။ ကချင်လူမျိုးများအကြား သွေးခွဲမှုများ နောက်ယှက်မှုများ အင်မတန်ရှိကြောင်း၊ ကချင်လူမျိုးများ အချင်းချင်း ချစ်ချင်းမေတ္တာထားနိုင်ကြသည်ဆိုတာကို ဘုရားသခင်အား သက်သေပြနိုင်မည်။ ကျွန်ုပ်တို့ မျော်မှန်းထားမှုနှင့် ကျွန်တော်တို့ ထိုက်တန်သည်ဆိုလျှင် လွတ်မြောက်ခြင်း အခွင့်အရေး ကျွန်ုပ်တို့၌ ပြည့်စုံလာလိမ့်မည်ဖြစ်ကြောင်းတို့ကို အကျယ်တဝင့် ဟောပြောခဲ့သည်။

ထို့နောက် သိက္ခာတော်ရ ဆရာအင်ဘာဇော်အောန်က ကချင်ပြည်နယ်နှင့်ကချင်လူမျိုးများအတွက် ဆုတောင်းပေးခြင်း၊ ကချင်လူမျိုးများ စည်းလုံးခြင်းကို သရုပ်ဖေါ်သည့်အကကို ကချင်တက္ကသိုလ်ကျောင်းသူကျောင်းသားများက တင်ဆက်ကပြခြင်း၊ ကချင်အနုပညာရှင်များနှင့်အတူ "Anhte a Awng Padang Yehowa Karai Kasang" သီချင်းကို သီဆိုခြင်းနှင့် ဘုန်းတော်ကြီး ခါးအောင်တူးမှ ဆုတောင်းပေးခြင်းဖြင့် (၆၉)နှစ်ပြည့် ကချင်ပြည်နယ်နေ့ ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားကို အောင်မြင်စွာ အဆုံးသတ်ခဲ့ကြသည်။

ယနေ့အခမ်းအနား အစီအစဉ်တစ်ခုလုံးတွင် တက်ရောက်လာသည့် ကချင်လူထု၏ထောက်ခံ အားပေးသံများဖြင့် အသက်ဝင်နေခဲ့သည်။

ယနေ့အခမ်းအနားသို့ တက်ရောက်လာသူတစ်ဦးဖြစ်သည့် နိုင်ငံတော် ကောင်စီဝင် (၁၉၈၅-၁၉၈၈) ဦးဂျပ်တူး၏ဇနီးဖြစ်သူ အဖွား ဒေါ်ဒွမ်ဖေါင်းရှယ်စိုင်က သူ၏ခံစားချက်ကို ယခုလိုပြောပြပါသည်။

"အရမ်းပျော်ပါတယ်။ အဖွားတို့ ကချင်လူမျိုးတွေ အခုလိုစည်းလုံးနိုင်မှု အရင်ကတည်းက ရှိရမှာဖြစ်တယ်။ ဒီနေ့ယခုလို စည်းလုံးလာတဲ့အတွက် အဖွားကတော့ အရမ်းပျော်ပါတယ်။ အဖွားက အသက် ၈၀ကျော်ပြီ ဆိုတော့ ဆုတောင်းပေးတာပဲ လုပ်နိုင်တော့တယ်" ဟုပြောသည်။



BY LAWHKUM ZAU
11 JANUARY 2017

# အမှုမှန်ပေါ်ဖို့ မိသားစုတွေ မျှော်လင့်နေကြပါတယ်

"စစ်မှန်တဲ့တရားဥပဒေစိုးမိုးရေး ရှိနေမယ်ဆိုရင် ဒီအမှုဟာ အချိန်မရွေး အမှုမှန်ပေါ်ပေါက်လာနိုင်မယ်လို့ပဲ ယုံကြည်တယ်။"




စေတနာ့ဝန်ထမ်း ကျောင်းဆရာမနှစ်ဦး ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ပန်ဆိုင်းမြို့နယ်၊ နမ့်တောင်းကျေးရွာအုပ်စု၊ ကောင်းခါးကျေးရွာတွင် အဓမ္မပြုကျင့် သတ်ဖြတ်ခံရသည်မှာ ယနေ့ဆိုလျှင် (၂)နှစ်တိုင်တိုင် ရှိပြီဖြစ်သည်။

သက်ဆိုင်ရာများမှ ဆရာမနှစ်ဦး အဓမ္မပြုကျင့် သတ်ဖြတ်ခံရမှုအား စုံစမ်းစစ်ဆေးနေသော်လည်း အစိုးရအပြောင်းအလဲ ရှိလာသည့်တိုင် တိကျသည့်ရလာဒ် ထွက်မလာသေးပေ။ နှစ်ဖက် မိသားစုဝင်များသည် ခိုင်လုံတိကျပြီး လက်ခံနိုင်သည့် စစ်ဆေးချက်ရလဒ် ထွက်ပေါ်လာဖို့ မျှော်လင့်နေကြသည်။

"၂နှစ်ရောက်လာသော်လည်း ဘာမှဖြစ်မလာသေးတဲ့အတွက် ကျွန်မမိခင်တစ်ဦးအနေနဲ့ ဒီအမှုက ဒီတိုင်းပြီးသွားတော့မလားလို့ စိုးရိမ်စိတ်တော့ရှိနေတယ်။"ဟု သေဆုံးသွားသူ မခေါန်နန်စင်၏မိခင် ဒေါ်လုဘူမှ အသံထစ်ထစ်ဖြင့် ပြောပြသည်။

ဒေါ်လုဘူတို့ မိသားစုသည် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာတွင် နေထိုင်ခဲ့ကြသည်။ အစိုးရနှင့် ကေအိုင်အေတို့ကြား တဖန်ပြန်လည် ဖြစ်ပွားသည့် တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ယခု အချိန်တွင် မြစ်ကြီးနားမြို့ဂျန်မိုင်ကောင် နှစ်ခြင်းအသင်းတော် စစ်ဘေးဒုက္ခသည်စခန်းတွင် နေထိုင်နေကြသည့် မိသားစုဖြစ်သည်။

ဒေါ်လုဘူသည် သားသမီး (၆)ယောက်၏မိခင် ဖြစ်သည်။ ၎င်း၏ ခင်ပွန်းသည် သားသမီးများ ငယ်စဉ်ကတည်းက သေဆုံးခဲ့သည်။

ထိုသားသမီး (၆)ယောက်မှ သေဆုံးသွားသူ စေတနာ့ဝန်ထမ်း ဆရာမခေါ်န်နန်စင်သည် အကြီးဆုံး သမီးဖြစ်ပြီး မိခင်အားကူညီနေသည့် သမီးကြီးလည်းဖြစ်ကြောင်း မိခင်ဖြစ်သူမှ အသံတုန်ရီစွာဖြင့်ဆိုသည်။

"သူ့အတွက်ကြောင့် အိမ်မှာစိတ်ဒုက္ခရောက်ရတယ်လို့ မရှိဘူး။ ကျွန်မကိုလည်း အိမ်ကိုအမြဲတမ်း စိတ်ချမ်းသာမှုပေးတဲ့ သမီးပါ။"ဟု အခန်းနံရံတွင် ချိတ်ထားသည့် သမီး၏ဓါတ်ပုံကိုကြည့်ပြီး ငိုရှိုက်လျက် ပြောပြသည်။

ဆရာမခေါ်န်နန်စင်သည် သာလောကြီး နှစ်ခြင်းအသင်းတော်မှ Sunday school စေတနာ့ဝန်ထမ်း ဆရာမအဖြစ် တစ်နှစ်ဆက်ကပ်ခဲ့သေးသည်။

တိုက်ပွဲပြန်လည် ဖြစ်ပွားသည့်အတွက် ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် မြစ်ကြီးနားမြို့ ဂျန်မိုင်ကောင် နှစ်ခြင်းအသင်းတော် စစ်ဘေးဒုက္ခစခန်းတွင် ပြောင်းရွှေ့ခဲ့ပြီး ထိုအသင်းတော်၏ ကလေးသူငယ်ဖွံ့ဖြိုးရေးကျောင်း (မူကြို)တွင်တစ်နှစ် စေတနာ့ဝန်ထမ်း ဆရာမ လုပ်ကိုင်ခဲ့သေးသည်။

၂၀၁၂ ခုနှစ်တွင် မိသားစုခက်ခဲ့သည့်အတွက် ကျောင်းနားခဲ့ရသည်။ နဝမတန်းအား မြစ်ကြီးနားမြို့ အထက(၅)ကျောင်းတွင် ပြန်လည်တက်ရောက်ခဲ့သည်။ တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးနောက် ကချင်နှစ်ခြင်းအသင်းတော်မှ ဖိတ်ခေါ်လာသော ဝေးလံခေါင်ဖျားပြီး ဆရာမများမရှိသည့် တောင်တန်းဒေသများသို့ သွားရောက် စာသင်ကြားပေးရမည့် စေတနာ့ဝန်ထမ်း လျှောက်လွှာအား သူငယ်ချင်းများနှင့်အတူ သွားရောက် လျှောက်ထားခဲ့ကြသည်။

"ဆရာမလုပ်တာ အရမ်းဝါသနာပါတယ်။ အရင်ကတည်းကစိတ်ဝင်စားလို့ သွားလျှောက်ဖြစ်လိုက်တာ ဟုတ်တယ်။"ဟု မိခင်မှဆိုသည်။ စေတနာ့ဝန်ထမ်း ကျောင်းဆရာမအဖြစ် ကောင်းခါးသို့ သွားလိုက်ကတည်းက ဆရာမခေါ်န်နန်စင်သည် မိသားစုအား ထာဝရနှုတ်ဆက်ပြီး လောကကြီးကနေ ထွက်ခွာသွားလေတော့သည်။

ယခုအချိန်ထိ ဆရာမ ခေါ်န်နန်စင်၏ မောင်လေးညီမလေးများက ၎င်းတို့၏အစ်မကို သတိတရအမြဲ ပြောနေကြကြောင်းလည်း အမေဖြစ်သူ ဒေါ်လုဘူက မျက်ရည်ကျလျက် ဆိုသည်။

"ဘာပဲလုပ်လုပ် အစ်မရှိတော့ သူတို့ကိုအမြဲတမ်း လုပ်ပေးတယ်ဆိုပြီး သူ့မောင်တွေ ညီမတွေကလည်း အမြဲတမ်းတမ်းတတ ပြောနေကြတယ်။ ကျွန်မ မိခင်တစ်ယောက်အနေနဲ့လည်း သူပဲကူညီခဲ့တယ်ဆိုတော့ အိမ်ထဲမှာ တစ်ခုခုလုပ်ဖို့ စီစဉ်လိုက်တိုင်း သူ့ကိုပဲ သတိရနေတယ်။"ဟု မျက်နှာပေါ်မှကျလာသည့် မျက်ရည်များကို သုတ်ရင်းဆိုသည်။

ဆရာမခေါ်န်နန်စင် နှင့်အတူ အဓမ္မပြုကျင့် သတ်ဖြတ်ခံရသူ နောက်တစ်ဦးမှာ ကချင်ပြည်နယ် ဝိုင်းမော်မြို့ ရပ်ကွက်(၁) ဗေဒေလနှစ်ခြင်းအသင်းတော်မှ ဖြစ်သည်။ ငယ်ကတည်းက မိဘများ ဆုံးသွားခဲ့သည့် မိဘမဲ့ ကလေးဖြစ်ပြီး မောင်နှမ(၄)ယောက်မှ တတိယမြောက်သမီး ဆရာမ မရန်လုရာဖြစ်သည်။

ဆရာမ မရန်လုရာအား မွေးကတည်းက ပေါင်မပြည့်မွေးဖွားလာသည့်အတွက် ငယ်စဉ်ကတည်းက မိသားစုနှင့်သူငယ်ချင်းများက သူမအား 'အကီး' (ကချင်လို သေးငယ် ပိန်ပါးသူကိုခေါ်သည်) ဟုသာ ခေါ်ဝေါ်ကြသည်။ အေးအေးဆေးဆေး နေတတ်သူလည်းဖြစ်ကြောင်း သူမ၏အဒေါ်ဖြစ်သူမှ ဆိုသည်။

ဆရာမလုရာသည် စာဖတ်အားသန်သူဖြစ်ပြီး စကားအရမ်းများသူများကို ကြိုက်နှစ်သက်ခြင်းမရှိပဲ အော်ဟစ်ပြောဆိုခြင်းကိုလည်း လက်မခံသူဖြစ်ကြောင်း ဆိုသည်။

ဝိုင်းမော်မြို့နယ် အထက(၂)ကျောင်းတွင် ပညာသင်ကြားခဲ့သူဖြစ်ပြီး တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးနောက် အဖွားဖြစ်သူနှင့် အစ်မဖြစ်သူတို့၏ တိုက်တွန်းအားပေးမှုကြောင့် သူမဝါသနာပါသည့် ဘာသာရေး ဆရာမ ဖြစ်လာရန်အတွက် အတွေ့အကြုံယူသည့်အနေဖြင့် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ခြင်း မရှိသေးသည့်အတွက် စေတနာ့ဆရာမ တာဝန်ထမ်းဆောင်ပြီးပါက တက္ကသိုလ်ဝင်တန်းအား ပြန်လည်ဖြေဆို၍ သူမ၏ရည်မှန်းချက်ဖြစ်သော ကျမ်းစာသင်ကျောင်း တက်ရန် ရည်ရွယ်ထားသူ ဖြစ်သည်။ သို့သော် သူမ၏ရည်မှန်းချက် ပန်းတိုင်မရောက်ခင်မှာပဲ လူ့လောကကြီးကနေ ထွက်သွားရသည်။

"အခုက သူ့သူငယ်ချင်းတွေ သူ့အရွယ်တွေကိုမြင်ရင် ဘာမှမပြောရင်တောင် ကျွန်မစိတ်ထဲမှာ အလိုလိုနေရင်း ဝမ်းနည်းလာတယ် ငိုချင်လာတယ်။"ဟု ဆရာမ လုရာ၏အစ်မဖြစ်သူ ဒေါ်မရန်ဆန်လုံက မျက်ရည်ဝဲလျက် ဆိုသည်။

ယခုအမှုအား အမှုမှန်ပေါ်ပေါက်ရေးအတွက် အဓိက တာဝန်ယူလုပ်ဆောင်နေသော ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်မှ ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာ ခန်းဒါအောင်နန်ကလည်း အမှုအောင်မြင်ဖို့ အဓိကအခက်အခဲသည် အမှုအခင်းနှင့်ပတ်သက်သည့် သက်သေရရှိရန် ဖြစ်ကြောင်း ဆိုသည်။

"စစ်မှန်တဲ့ တရားဥပဒေ စိုးမိုးရေး ရှိနေမယ်ဆိုရင် ဒီအမှုဟာ အချိန်မရွေး အမှုမှန်ပေါ်ပေါက်လာနိုင်မယ်လို့ပဲ ယုံကြည်တယ်။"ဟု ဒေါက်တာ ခန်းဒါအောင်နန်ကဆိုသည်။

ယခုအမှုအား လက်ရှိအစိုးရမှ ပူးပေါင်းလုပ်ဆောင်ပေးမယ်ဆိုပါက အောင်မြင်နိုင်မည်ဟုလည်း ယုံကြည်နေကြသည်။

ဆရာမလုရာ၏ အစ်မဖြစ်သူ ဒေါ်ဆန်လုံကလည်း "ကျွန်မတို့ မောင်နှမတွေက ပိုဆိုးတာက မိဘမရှိတဲ့အတွက် စိတ်ထဲမှာ အမြဲတမ်းအားငယ်တယ်။ အားငယ်နေတဲ့အထဲမှာ အခုလိုပြန်ဖြစ်တော့ ပိုပြီးတော့ စိတ်ထိခိုက်တယ်။ အဲဒါကြောင့် နိုင်ငံတော်ကိုလည်း မိဘသဖွယ် အားကိုးတယ် အစစအရာရာ ကူညီပေးပါလို့ ပြောချင်

တယ်။”ဟု အသံတိုးတိုးလေးဖြင့်ဆိုသည်။

ယခုလို ဆရာမနှစ်ဦးသေဆုံးမှုသည် ၂နှစ်ပြည့်သွားပြီဖြစ်ကာ သူတို့နှစ်ဦး၏ ကျန်ရှိသူမိသားစုများသည်လည်း နေ့စဉ်နှင့်အမျှ အမှုမှန်ပေါ်ပေါက်လာဖို့ မျှော်လင့်နေကြပါသည်။

ဒေါ်ဆန်လုံက “အမှုမှန်ကို အမြန်ပေါ်ခိုင်းစေချင်တယ်။ ကြာလည်း ကြာလာတော့ စိတ်ထဲမှာပိုမိုခံစားတာက ကျွန်မတို့ မိဘမဲ့တွေ ဖြစ်နေလို့များ လူကြီးတွေက မြန်မြန်မလုပ်ပေးတာလားလို့ စိတ်ထဲမှာ ခံစားမိလာတယ်။”ဟု အသံတိုးတိုးလေးဖြင့် ပြောပြသည်။

ဆရာမခေါ်န်နန်စင်၏မိခင် ဒေါ်လုဘူကလည်း “ဒီအမှုကို လက်ရှိ အစိုးရလည်း ဝိုင်းဝန်းပေးပြီးမှ လုပ်ဆောင်ပေးမယ်ဆိုရင်တော့ ဒီအမှုတော့ တစ်နေ့နေ့ အမှုမှန်ပေါ်ပေါက်လာမယ်လို့ ကျွန်မယုံကြည်တယ်။”ဟုဆိုသည်။

......

BY MARAN
19 JANUARY 2017





# စင်ကြိုင်ဒုက္ခသည် စခန်းသို့ ခရီးသွားခြင်း

ၶင်းကပြောသည်မှာ စစ်ပြေးဒုက္ခသည် စခန်းအတွက် ဆန်သယ်လာဖို့ခက်ခဲမှု အနည်းငယ်ရှိကြောင်း အစိုးရစစ်တပ်ဂိတ်များတွင် ဆန်ကိုကားကြီးဖြင့် သယ်ယူခွင့် မပြုသဖြင့် ကားသေးနှင့်သာ သယ်ယူရပြီး ဖေဖော်ဝါရီလအတွက်ရိက္ခာများ မရရှိသေးကြောင်း ပြောပြပါသည်။



By Lawhkum Zau
21 February 2017

ချစ်သူများနေ့ ဖြစ်သော ထိုနေ့ ဖေဖေါ်ဝါရီလ (၁၄)ရက်နေ့တွင် ကျွန်တော်နှင့် အခြားသတင်းထောက် သုံးယောက်သည် မြစ်ကြီးနား ကန်ပိုင်တီ လမ်းပေါ်တွင်ရှိသော တရုတ်ပြည်နယ်စပ်အနီးမှ ကန်ပိုင်တီမြို့ အနီးရှိ၊ စင်ကြိုင် စစ်ပြေးဒုက္ခသည် စခန်းသို့ သတင်းလိုက်ရန် သွားခဲ့ကြသည်။

စင်ကြိုင် IDP Camp သို့ အတူသွားကြမည့် ကျွန်တော်တို့သည် နံနက် ၁၁း၀၀နာရီခန့်တွင် ကားဖြင့် မြစ်ကြီးနားမြို့မှ စတင်ထွက်ခွာလာခဲ့ကြသည်။

အဆိုပါ စင်ကြိုင် ဒုက္ခသည်စခန်းသည် လူဦးရေ (၉၀၀)ကျော် တိမ်းရှောင်နေသည့် စခန်းဖြစ်ပြီး၊ အစိုးရထိန်းချုပ်နယ်မြေတွင်းရှိ၊ စခန်းတစ်ခုဖြစ်သလို ယခင် NDA-K ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်း၏

ထာဝရ ငြိမ်းချမ်းရေးနယ်မြေတွင် တည်ရှိသည့် စခန်းလည်း ဖြစ်ပါသည်။

မြစ်ကြီးနား ကန်ပိုင်တီလမ်းသည် အစိုးရတပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF)မှ အပြည့်အဝ ထိန်းချုပ်ထားသော လမ်းကြောင်းဖြစ်သလို၊ တရုတ် မြန်မာနယ်စပ် ကုန်သွယ်ရေးလမ်းမကြီး တစ်ခုလည်း ဖြစ်သည်။

ခရီးသည်တင် ကားသေးများနှင့် တရုတ်ပြည်မှ ကုန်တင်ကားကြီးများ အမြဲမပြတ် သွားလာနေသည့် နယ်စပ်လမ်း ဖြစ်သည်။ လမ်းခရီးတလျှောက်တွင် တပ်မတော် စစ်ဆေးရေး ဂိတ်များ၌ အိမ်စီးကားဟုပြောလျှင် မေးမြန်းမှု အနည်းငယ်ပြုလုပ်သည်။

နယ်ခြားစောင့်တပ်ဖွဲ့ (BGF)တို့ ထိုင်သည့် ဂိတ်နစ်နေရာတွင် ယာဉ်မောင်းအမည်၊ မှတ်ပုံတင်အမှတ်၊ ကားနံပတ် မှတ်ယူပြီး "နစ်ထောင် (၂၀၀၀) ပေးခဲ့"ဟု ကောက်ခံနေသည့်အတွက် ပိုက်ဆံ ၂၀၀၀ကျပ်ကို ဂိတ်နစ်ခုတွင်ပေးခဲ့ရသည်။ စစ်ပြေးဒုက္ခသည် စခန်းအတွက် စားနပ်ရိက္ခာ သယ်ယူရာတွင် အခက်အခဲများ ရှိနေတယ်ဆိုသည့် စင်ကြိုင် ဒုက္ခသည်စခန်းဆီသို့ ကျွန်တော်တို့ မွန်းလွဲ ၁း၀၀နာရီခန့်တွင် ရောက်ခဲ့ကြသည်။

ရောက်သွားတော့လည်း စားနပ်ရိက္ခာ သယ်ယူရန် ခက်ခဲမှုများသာမက ကလေးတွေရဲ့ပညာရေး အခက်အခဲများနှင့် ဒုက္ခသည်စခန်းပြောင်းရွှေ့ရန် ခြိမ်းခြောက်ခံရမှုများ ရှိနေကြောင်းကိုလည်း ကြားသိလာခဲ့ပါသည်။ စင်ကြိုင် IDP Camp သည် ရာသီဥတုအေးပြီး ကားလမ်းမနဘေး တောင်စောင်း တလျှောက်တွင် ဆောက်လုပ်ထားသော စခန်း ဖြစ်ပြီး ၎င်းစခန်း၏ ပတ်ပတ်လည်တွင် ဦးဇခုန်တိန့်ယိန်း၏ လက်ဖက်စိုက်ခင်းများနှင့် လက်ဖက်ခြောက် စက်ရုံတစ်ရုံ ရှိပါသည်။

ကျွန်တော်တို့ IDP Camp သို့ ရောက်လာချိန်တွင် တောမှထင်းခွေပြီး ပြန်လာသည့် အမျိုးသမီးများနှင့် ဆောင်းရာသီ၏ အအေးဒဏ်ကို အန်တုဖို့ နေပူဆာလှုံနေကြသည့် ကချင်အမျိုးသမီးကြီးများကို တွေ့မြင်ရပါသည်။ ကလေးငယ်အချို့ကလည်း ဆော့ကစားနေကြပါသည်။ ဒုက္ခသည် စခန်းတွင် မင်္ဂလာဆောင်ပွဲရှိသည့်အတွက် စခန်းမှလူတော်တော်များများသည် ပွဲ၌ရောက်ရှိနေကြပါသည်။ ကျွန်တော်တို့ စခန်းသို့ရောက်ရှိပြီး မကြာမီ အဆိုပါဒုက္ခသည်စခန်းမှ ဒုတာဝန်ခံနှင့် တွေ့ဆုံပြီး စခန်းအခြေအနေများကို မေးမြန်းခဲ့ပါသည်။

ကျွန်တော်တို့က စခန်းအခြေအနေကို မေးမြန်းရာ၊ ၎င်းကပြောသည်မှာ စစ်ပြေးဒုက္ခသည် စခန်းအတွက် ဆန်သယ်လာဖို့ခက်ခဲမှု အနည်းငယ်ရှိကြောင်း အစိုးရစစ်တပ် ဂိတ်များတွင် ဆန်ကိုကားကြီး ဖြင့် သယ်ယူခွင့် မပြုသဖြင့် ကားသေးနှင့်သာ သယ်ယူရပြီး ဖေဖော်ဝါရီလ အတွက်ရိက္ခာများ မရရှိသေးကြောင်း ပြောပြပါသည်။ ထိုနောက် ၎င်းက ကျွန်တော်တို့ကို Camp အခြေအနေ ဓါတ်ပုံရိုက်နိုင်ရန် လိုက်ပြပေးပါသည်။ Camp ထဲရှိ အိမ်တစ်အိမ်ရှေ့တွင် ကချင်အမျိုးသမီးကြီး ငါးဦးခန့်ထိုင်နေကြသည်။

ထိုအမျိုးသမီးများကို ရိက္ခာအထောက်အပံ့ရရှိမှု အခြေအနေကို မေးကြည့်ရာ "ဆန်ရိက္ခာ အထောက်အပံ့တွေ လတိုင်းမရဘူး၊



ဒီနေရာမှာတော့ ပိုက်ဆံရှာဖို့လည်း ခက်တယ်၊ ထုတ်ပေးတဲ့ ရိက္ခာတွေကိုပဲ ခြွေတာသုံးနေရတယ်၊ ဆေးဝါးကုသရာတွင်လည်း ခက်ခဲမှုတွေ ရှိတယ်၊ ကလေးတွေရဲ့ပညာရေးကိုလည်း ကောင်းကောင်း မပံ့ပိုးနိုင်ဖြစ်နေတယ်”ဟု ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို ကချင်ဘာသာစကားဖြင့် ပြောပြကြသည်။

ထိုနောက် ကျွန်တော်တို့သည် စခန်းမှ ကော်မတီဝင်အချို့နှင့် ဘာသာရေးဆရာများကို တွေ့ဆုံပါသည်။ ကျွန်တော်တို့က စခန်း၌ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို မေးမြန်းရာ၊ စင်ကြိုင် IDP Camp ကို ရွှေ့ပြောင်းကြဖို့ ဦးဇခုန်ယိန်းချန်းက ဖေဖော်ဝါရီလ ၁၃ရက်နေ့ညနေ ၄း၀၀နာရီခန့်တွင် Camp ကော်မတီဝင်တစ်ဦးကို ခေါ်ယူပြောဆိုခဲ့ကြောင်း ပြောပြကြသည်။

“ဒီမှာ မနေကြနဲ့ နိုင်ငံတော်အစိုးရကို အကြောင်းပြုပြီး လာနေကြတာလား၊ အမြန်ရွှေ့ပြောင်းကြ၊ ကိုယ့်ရွာကို အမြန်ပြန်ကြ၊ မပြောင်ကြရင် သူကိုယ်တိုင် မီးလာရှို့မယ်လို့ပြောတယ်။”ဟု စခန်းကော်မတီဝင်တစ်ဦးက ပြောပြသည်။

“စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်တာပေါ့ နေမထိထိုင်မသာ ဖြစ်တာပေါ့”ဟု စခန်းကော်မတီဝင်တစ်ဦးက ၎င်း၏ခံစားချက်ကို ပြောပြသည်။

ဦးဇခုန်ယိန်းချန်းက IDP Camp ရှိလူများသည် ၎င်း၏လက်ဖက်ခြံကို ခုတ်ဖျက်ပေးသည်ဟုလည်း စွပ်စွဲပြောဆိုသောကြောင့် Camp တာဝန်ခံမှ ၎င်းနှင့်သွားတွေ့ပြီး၊ သူစွပ်စွဲသလို လုပ်ဆောင်ပေးခြင်း မရှိကြောင်း၊ ကလေးများဆော့ကစား၍ အနည်းအကျဉ်း ထိခိုက်မှုတော့ ရှိနိုင်ကြောင်း ရှင်းပြခဲ့ရသည်ဟု Camp တာဝန်ခံကဆိုသည်။

ကျွန်တော်အိမ်ပြန်ရောက်တော့ ဦးဇခုန်ယိန်းချန်းက ဒုက္ခသည်စခန်းမှ ပြောင်းရွှေ့ခိုင်းသည့် ကိစ္စနှင့်ပတ်သက်ပြီး၊ ထို့သို့ သူပြောဆိုခဲ့ခြင်း မဟုတ်ကြောင်း၊ စခန်းတာဝန်ရှိသူများအား ပြန်လည်ပြောပြခဲ့သည်ဟု ကြားသိရသည်။ ဖေဖော်ဝါရီ ၁၀ရက်ခန့်က ဝိုင်းမော်မြို့မှ တက်လာခဲ့ပြီဆိုသည့် ဆန်တင်ကားလည်း ယနေ့ထိ IDP Camp သို့ ရောက်မလာသေးကြောင်း စခန်းတာဝန်ခံများက ပြောဆိုသည်။

ထိုစခန်းသည် ယခင် (၂၀၁၄ – ၂၀၁၅) တွင်လည်း ရိက္ခာများ ပို့ဆောင်ရာတွင် တားဆီးခံရဖူးသည်ဟု ပြောသည်။ မိသားစုဦးရေများသည့် အိမ်ထောင်စုများက ရိက္ခာပြတ်တော့မည် ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက်ဆိုလျှင်လည်း ဆေးဝါးလုံလောက်မှု မရှိကြောင်း၊ ပြောပြကြသည်။

ညနေ ၄း၀၀နာရီ ထိုးလာသည့် အချိန်မှာတော့ ကျွန်တော်တို့၏ မေးမြန်းမှုကို ရပ်နားကာ စင်ကြိုင် IDP Camp ကော်မတီဝင်များအား နှုတ်ဆက်ပြီး မြစ်ကြီးနားသို့ ပြန်ခဲ့ကြတော့သည်။

စခန်းတာဝန်ရှိသူ တစ်ဦးက စခန်းအခြေအနေကို ယခုကဲ့သို့ ပြောပြသည် “အခုက မိသားစုများတဲ့ သူတွေက ရိက္ခာပြတ်တော့မယ်။ မိသားစု နည်းတဲ့သူတွေကတော့ စားဖို့နည်းနည်းတော့ ရှိသေးတယ်။”





# ဒဏ်ရာများနေတဲ့ မြန်မာပြည်မြောက်ဖျားက နောင်မွန်

"ကျွန်တော်က ဆရာလုပ်ပြီး ဒီဒေသက လူတွေကို ပညာရေး တိုးတက်လာအောင် လုပ်ပေးချင်တယ်။ ဒါပေမဲ့ ပယ်ချခံရတော့ စိတ်ဓါတ်ကျသွားတယ်။"ဟု မောင်ရန္ဒီထွန်းလတ်က ၎င်း၏ခံစားချက်ကို မကျေမနပ် ပြောပြသည်။






By Maran
25 Mrach 2017

ကချင်ပြည်နယ်မှ ထူးခြားလှပသော ခါကာဘိုရာဇီ ရေခဲတောင်တည်ရှိရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အစွန်အဖျား နောင်မွန်မြို့သို့ သင်အလည်တစ်ခေါက်ရောက်ဖူးလျှင် နောက်တစ်ကြိမ် ပြန်လာချင်စိတ် ပေါ်လာမှာအမှန်ပါ။

ပူတာအိုခရိုင်တွင် ပါဝင်သော နောင်မွန်မြို့သည် စိမ်းလန်းစိုပြေသည့် တောင်စွယ်တောင်တန်းများ၊ ကြည်လင်အေးမြသည့် မြစ်ချောင်းအင်းအိုင်များ စသည့် သဘာဝအလှတရားများ သာမက အေးမြပြီး နေထိုင်ရန် ကောင်းသည့် ရာသီဥတုကို ပိုင်ဆိုင်ထားသော မြို့လည်းဖြစ်ပါသည်။

ယခုဆောက်နေသော ဌာနဆိုင်ရာ အဆောက်အအုံ အချို့ကလွဲလျှင် တိုက်အိမ် တစ်လုံးမျှမရှိပဲ၊ နေအိမ်များသည် သွပ်မိုးအိမ်များထက် တောင်ပေါ်ဒေသတွင် ပေါက်ရောက်သော တိန်းကော်ရွက်ဖြင့် မိုးထား သည့် အိမ်များသာများပါသည်။ လတ်လတ်ဆတ်ဆတ် အသားငါး၊ အသီးအရွက်နှင့် မျှတသော ဥတုရာသီကြောင့် ဒေသခံမိန်းမပျိုများသည် မိတ်ကပ်မလိမ်း အလှမပြင်သော်လည်း ချောမော ပြေပြစ်လှပသော

## NEWS FEATURE




နေ့စားလပေး ဆရာမအချို့လည်း စာကောင်းစွာ သင်ကြားပေးခြင်းမရှိပဲ၊ အချို့ဆရာမများသည် နောင်မွန်မြို့ ပညာရေးမှူးများနှင့် ညှိနှိုင်းပြီး ၎င်းတို့ကျရာ ကျောင်းများသို့ သွားရောက်သင်ကြားပေးခြင်း မရှိကြောင်းနှင့် နောင်မွန်မြို့ပေါ်ရှိ ကျောင်းများ၌ တွဲပြီးနေကြောင်းလည်း ဒေသခံများက ဆိုသည်။

အသားအရည်များကို ပိုင်ဆိုင်ထားကြပါသည်။ ဒေသခံများသည် စိတ်သဘောထား လှပလွန်းလို့ ရုပ်ပါလှပသွားခြင်းလည်း ဖြစ်နိုင်ပါသည်။

လာရောက်တည်းခိုသော ဧည့်သည်များကို လဖက်ရည် ကော်ဖီတို့ဖြင့် ဧည့်ခံမည့်အစား ဒေသယဉ်ကျေးမှု အစားအသောက်တစ်မျိုး ဖြစ်သည့် လာချားခရော့ ဖျော်စပ်ပြီး ဧည့်ခံခြင်းကလည်း ဆွဲဆောင်မှုတစ်ခု ဖြစ်နေပြန်သည်။ ရေနွေးကြမ်းကိုလည်း ဖန်ခွက်၊ ကြွေခွက်များ ၌မထည့်ပဲ ဝါးခွက်တွင်ထည့်ပြီး ဧည့်ခံခြင်းသည် ထိုဒေသ၏ ထူးခြားမှု တစ်ခုဖြစ်သည်။

နောင်မွန်ဒေသသည် ၁၉၆၄ခုနှစ်ခန့်က တပ်မတော်နှင့် ကေအိုင်အေတို့ကြား ဖြစ်ခဲ့သောတိုက်ပွဲမှလွဲလျှင် တိုက်ပွဲလုံးဝမရှိခဲ့သည့် အေးချမ်းသည့်ဒေသဖြစ်သည်။ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီမှ အပြတ်သတ်အနိုင်ရရှိခဲ့သည့် ကချင်ပြည်နယ်မှ တစ်ခုတည်းသော မြို့နယ်လည်းဖြစ်သည်။ သဘာဝရှုမြင်ကွင်းများနှင့် အတူ ချောမောလှပကာ ရိုးသားပြီး စိတ်ထားဖြူစင်သော ရဝမ်လူမျိုးများ နေထိုင်သည့် နောင်မွန်မြို့သည် ခဏတဖြုတ် အလည်အပတ်ရောက် လာပါက ပျော်ရွှင်စရာ ကောင်းသည့် မြို့တစ်မြို့ဖြစ်သော်လည်း ဌာနေဒေသခံများ၏ နေ့စဉ် ဘဝများ၌ ကြုံတွေ့နေရသော အခြားပြဿနာ များကိုတော့ ဒေသခံများ ပြောပြလာတော့မှ သိရှိခွင့်ရခဲ့ပါသည်။

နောင်မွန်မြို့နယ် အုပ်ချုပ်ရေးမှူး ပြောပြသည့်စာရင်းအရ လူဦးရေ (၇၀၀၀)ခန့်ရှိသော နောင်မွန်မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများသည် မြန်မာပြည်အတိုင်းအတာ၌ပြင် အနိမ့်ဆုံးအညံ့ဆုံးစာရင်းထဲတွင် ပါဝင်နေသည်ကို တွေ့မြင်ရပါသည်။ အလုပ်အကိုင်ရှားပါးလာသည့် ပြဿနာနှင့်အတူ မိသားစု စားဝတ်နေရေးလည်း ခက်ခဲလာနေပြီဖြစ်ပါသည်။

နောင်မွန်မြို့တွင် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ပြုလုပ်ရာတွင် ကောင်းမွန်အောင် လုပ်ဆောင်ခဲ့ခြင်း မရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။

### နောင်မွန်မြို့နယ်၏ နာတာရှည် ပညာရေး

၂၀၁၅ - ၂၀၁၆ ခုနှစ်ပညာသင်နှစ်တွင် နောင်မွန်မြို့နယ်မှ တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသား (၁၆၀)ယောက် ဖြေဆိုခဲ့ရာ မမယစ်ရင်ဇီဆာရ်းနှင့် မောင်ရန်ခွီထွန်းလတ်တို့နှစ်ဦးသာ အောင်မြင်ခဲ့သဖြင့် ခေါင်လန်ဖူးနှင့် ဆော့လော်မြို့နယ်ပြီးလျှင် အောင်ချက်အနိမ့်ဆုံးမြို့ဖြစ်ခဲ့သည်။ နောင်မွန်မြို့နယ်မှ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ တစ်ယောက် (သို့) နှစ်ယောက်သာ အောင်မြင်လေ့ရှိသည်မှာ နှစ်စဉ်နှစ်တိုင်းလို ဖြစ်နေပါသည်။

ဆရာဆရာမများ သင်ကြားမှုအတွေ့အကြုံနည်းခြင်း၊ ဆရာဆရာမ အင်အား မလုံလောက်ခြင်း၊ ဝန်ထမ်းများ အဂတိလိုက်စားခြင်း၊ သင်ထောက်ကူပစ္စည်းများ မလုံလောက်ခြင်း၊ မိဘများ ပညာရေးကို အားမပေးခြင်း၊ စသည့်အချက်များသည် ထိုဒေသ၏ ပညာရေး အခြေအနေကို ဆုတ်ယုတ်စေသည့် ပြဿနာအကြောင်းရင်းများ ဖြစ်ကြောင်းကို ဒေသခံများ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများအား မေးမြန်းကြည့်ရာမှ သိရပါသည်။

"နောင်မွန်မြို့နယ်ကို ခန့်လိုက်တဲ့လူတွေက ပထမဆုံး first position တွေပေါ့။ ဒါက ဆရာကြီးတို့ အတွေ့အကြုံတွေပေါ့။ ဒါက အားမနားတမ်းပြောရမယ်ဆိုရင် တကယ့်လုပ်သက်ရင့်တဲ့သူက ဒီကိုမလာဘူးလေ။ ရာထူးတိုးနဲ့ပဲ ဒီကိုလာကြတယ်။ ရာထူးတိုးနဲ့ လာကြတဲ့အခါကျတော့ သူတို့ကိုယ်တိုင်လည်း လေ့လားရင်းသင်ပေါ့။ သင်ယူရင်းလေ့လာပေါ့။ ပြီးနောက် လေ့လာရင်း သင်ကြပေါ့။"ဟု ပညာရေးနိမ့်ကျနေမှုအပေါ် နောင်မွန်မြို့နယ်၏ လက်ရှိပညာရေးမှူး ဦးမြင့်နိုင်က ၎င်း၏အမြင်ကို ပြောပြသည်။

ကျောင်းသားများအတွက် ဖတ်စာအုပ်မလောက်ငှခြင်း သာမက နှစ်စဉ်ဖတ်စာအုပ် အရောက်နောက်ကျခြင်းကလည်း နောင်မွန်မြို့နယ်၏ ပညာရေးကို ထိခိုက်စေကြောင်း ကျောင်းဆရာ ဆရာမများ ကဆိုသည်။

"အဓိကက အောင်ချက်နည်းတာက စာအုပ်မလောက်တာ ပါတယ်။



"ဒီလမှာ ကျွန်တော်တို့ရွာမှာ ကလေးမွေးမယ့်သူ (၃)ယောက်ရှိလို့ ဆရာမကို သွားခေါ်တာ သူ့ယောက်ျားက ဒီလောက်ဖျားရင်လည်း နောင်မွန်ဆေးရုံသွားပါလားလို့ ပြောခဲ့တယ်။ လမ်းဆိုးတော့ နောင်မွန်မြို့အထိ သွားဖို့လည်း မလွယ်ဘူး။ အချို့ကျေးရွာတွေဆိုရင် ဆရာမတောင် မရှိဘူး။"

သူတို့က စာတစ်ပုဒ်ကိုဖတ်ပြီး ရလောက်တဲ့အချိန်မှာ စာကိုကူးနေရတယ်။ ဒီမှာက အခြားစာအုပ်တွေလည်း မရှိဘူး။ ပုံနှိပ်စာအုပ်ပဲရှိတယ်။ အခုက အဲဒီပုံနှိပ်စာအုပ်လည်း လောက်လောက်ငှငှ မရှိတဲ့အခါကျတော့ ကလေးတွေအတွက် အခက်အခဲ အရမ်းဖြစ်တယ်။"ဟု နောင်မွန် အထကကျောင်းမှ အထက်တန်းပြ ဒေသခံဆရာမ ဇမီဆာရ်းကဆိုသည်။

အရင်စောပြီး ရောက်လာသည့် ဖတ်စာအုပ်များကို ကလေးများအား မဲနှိုက်ခိုင်းပြီး ပေးနေရသည်ဟု ဒေသခံဆရာမများကဆိုသည်။

နောင်မွန်မြို့နယ်၏ ယခင်ပညာရေးမှူး လက်ထက်တွင် ဝန်းထမ်းများ၏ လစာကို မကြာခဏ ဖြတ်တောက်မှုများရှိခဲ့၍ တိုင်တန်းခံရပြီးနောက် ငွေများပြန်လျော်ပေးခဲ့ရသည်။ ယခုလက်ရှိ ပညာရေးမှူး လက်ထက်တွင် လစာဖြတ်တောက်ခြင်း မရှိတော့သော်လည်း ကျောင်းအသေးသုံး အတွက် ပေးထားသည့် ထောက်ပံ့ငွေများကို ကျောင်းများတွင် အသုံးမပြုရကြောင်း ဆရာဆရာမများက ဆိုပါသည်။

စာမေးပွဲများ ဖြေဆိုရာတွင်လည်း ထောက်ပံ့ငွေ သုံးမရသည့်အတွက် ကျောက်သင်ပုန်း၌သာ မေးခွန်းရေးပြီး စာမေးပွဲ ဖြေခိုင်းရကြောင်းလည်း ဆရာဆရာမများက ဆိုသည်။

"စာမေးပွဲလုပ်တဲ့အခါမှာလည်း အရမ်းအခက်အခဲ ဖြစ်တယ်။ ကွန်ပျူတာတွေ မရှိတော့ blackboard ပေါ်မှာပဲ ရေးပြီးတော့ စာမေးပွဲဖြေနေရတယ်။"ဟု နောင်မွန် အထက်တန်းကျောင်းမှ ဆရာတစ်ဦးကဆိုသည်။

နေ့စားလပေး ဆရာမအချို့လည်း စာကောင်းစွာ သင်ကြားပေးခြင်း မရှိပဲ၊ အချို့ဆရာမများသည် နောင်မွန်မြို့ ပညာရေးမှူးများနှင့် ညှိနှိုင်းပြီး ၎င်းတို့ကျရာ ကျောင်းများသို့ သွားရောက်သင်ကြားပေးခြင်း မရှိကြောင်းနှင့် နောင်မွန်မြို့ပေါ်ရှိ ကျောင်းများ၌ တွဲပြီးနေကြောင်းလည်း ဒေသခံများက ဆိုသည်။

ကျောင်းစစ်ဆေးရေးများ လာရောက်စစ်ဆေးလေ့မရှိသည့် နောင်မွန်မြို့ ပေါ်နှင့် ဝေးသော အချို့ကျေးရွာများမှ ကျောင်းများတွင် ဆရာ၊ ဆရာမများ ကြိုက်တဲ့အချိန် ကျောင်းဖွင့်ပြီး ကြိုက်တဲ့အချိန် ပိတ်ထားခြင်းများလည်း ရှိနေကြောင်း ဒေသခံများက ဆိုသည်။ နောင်မွန်ဒေသ၏ ပညာရေး တိုးတက်စေရန် အချိန်ပေးနိုင်ပြီး စေတနာထားနိုင်သည့် ဒေသခံ ဆရာဆရာမများစွာ လိုအပ်နေကြောင်း ဒေသခံများက သုံးသပ်ကြပါ သည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအား နောင်မွန်မြို့မှ ဖြေဆိုအောင်မြင်ခဲ့သူ မောင်ရန္တီထွန်းလတ်သည် ကျောင်းဆရာလုပ်ပြီး ၎င်းတို့ဒေသ ပညာရေးအတွက် ပေးဆပ်လိုသည့် စေတနာဖြင့် ပညာရေးကောလိပ် တက်ရောက်ခွင့် လျှောက်ခဲ့သော်လည်း လျှောက်လွှာ ပယ်ဖျက်ခံခဲ့ရကြောင်း သိရသည်။

"ကျွန်တော်က ဆရာလုပ်ပြီး ဒီဒေသက လူတွေကို ပညာရေး တိုးတက်လာအောင် လုပ်ပေးချင်တယ်။ ဒါပေမဲ့ ပယ်ချခံရတော့ စိတ်ဓါတ်ကျသွားတယ်။"ဟု မောင်ရန္တီထွန်းလတ်က ၎င်း၏ခံစားချက်ကို မကျေမနပ် ပြောပြသည်။

နောင်မွန်မြို့နယ်လိုမျိုး ဝေးလံခေါင်ဖျား ဒေသများတွင် ပညာရေး ဝန်ထမ်းများ သာမက အခြားဌာနဆိုင်ရာ ဝန်ထမ်းများသည်လည်း ရာထူးတိုးမဟုတ်လျှင် အပစ်ပေးခံရသဖြင့် ပြောင်းရွှေ့ခံရသူများသာ များနေကြောင်း ဒေသခံများက ဆိုသည်။

## ဖျားနာနေဆဲ နောင်မွန် ကျန်းမာရေး

ပညာရေးကဲ့သို့ ကျန်းမာရေးလည်း ချူချာသည့် နောင်မွန်မြို့ဖြစ်ပါသည်။ ဆေးရုံရှိသော်လည်း ဆရာဝန်မရှိခဲ့၊ ၂၀၁၅ ခုနှစ်ရောက်မှ ဆရာဝန် ရှိလာသည့် နောင်မွန်မြို့၏ ကျန်းမာရေး စောင့်ရှောက်မှုဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် နောင်မွန်မြို့နယ်ရှိ လန်ဆာထု ကျေးရွာတွင် ရွာသားများ၊ ကျောင်းသူကျောင်းသားများ





သို့သော် စီမံကိန်းစတင်ချိန်က ချမှတ်ပေးခဲ့သော ဘတ်ဂျက်ငွေ များပြားခဲ့သော်လည်း ကောင်းမွန်အောင် အကောင်အထည်ဖော် လုပ်ဆောင်ပေးခြင်း မရှိခဲ့ကြောင်း ဒေသခံများမှ ဝေဖန်ပြောဆိုနေကြသည်။ လမ်းဆောက်လုပ်ရေး တာဝန်ခံများကသာ ချမ်းသာသွားကြသည်ဟုလည်း ဝေဖန်မှုများရှိခဲ့သည်။

ဖျားနာသည့်အတွက် ယင်းရွာမှ မူလတန်းကျောင်းကို တစ်ပတ်တိတိ ပိတ်ထားခဲ့ရသည်။ ထိုကိစ္စကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ မြို့နယ် အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားတင်ပြထားပြီး ဖြစ်သည်ဟု သိရသော်လည်း မည်သည့် ဆရာဝန်၊ ဆေးဆရာမမှ ရောက် မလာခြင်း သာမက တာဝန်ရှိသူ တစ်ဦးတစ်ယောက်မှ လာရောက်ကြည့်ရှုခြင်း မရှိခဲ့သည်ကို ကျွန်တော် (စာရေးသူ) တွေ့ခဲ့ရပါသည်။

လန်ဆာထုကျေးရွာတွင် စာသင်ကျောင်းပိတ်ထားရသည်အထိ ကျန်းမာရေး ပြဿနာ ဖြစ်ခဲ့သော်လည်း သက်ဆိုင်ရာမှ လာရောက်ကြည့်ရှုပြီး ဆေးဝါးကုသပေးခြင်း မရှိခဲ့သဖြင့် ကျေးရွာတွင်ရောင်းသည့် ပါရာဆီတာမော်(ဆေးတောင့်)များကိုသာ ဝယ်သောက်ခဲ့ရကြောင်း အဆိုပါ ကျေးရွာ၏ ကျောင်းအကျိုးတော်ဆောင် ဥက္ကဌကဆိုသည်။ အချို့ကျေးရွာများတွင်လည်း ကျေးလက်ကျန်းမာရေးဌာန မရှိသည့် အတွက် ကျန်းမာရေး မကောင်းလျှင် အခက်အခဲများစွာ ကြုံတွေ့ နေရကြောင်း ဒေသခံများက ဆိုကြသည်။

“ဒီလမှာ ကျွန်တော်တို့ရွာမှာ ကလေးမွေးမယ့်သူ (၃)ယောက်ရှိလို့ ဆရာမကို သွားခေါ်တာ သူ့ယောက်ျားက ဒီလောက်ဖျားရင်လည်း နောင်မွန်ဆေးရုံသွားပါလားလို့ ပြောခဲ့တယ်။ လမ်းဆိုးတော့နောင်မွန်မြို့အထိ သွားဖို့လည်း မလွယ်ဘူး။ အချို့ကျေးရွာတွေဆိုရင် ဆရာမတောင်မရှိဘူး။”ဟု နောင်မွန်မြို့နယ်မှ ရပ်ဘော့ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးငွါလီဆာက ဆိုသည်။

အချို့ကျေးရွာများတွင် ဆေးခန်းရှိသော်လည်း ဆေးမရှိခြင်း၊ ကျန်းမာရေးဝန်ထမ်းဆရာ၊ဆရာမများ မရှိခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော်လည်း အရေးကြုံလာလျှင် နောင်မွန်မြို့သို့ သွားရောက် ကုသရကြောင်း ဒေသခံများက ပြောပြကြပါသည်။

ဒေသတွင်း ကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ် ရရှိလာရေးသည် ဒေသခံပြည်သူများ မျှော်လင့်နေဆဲ မျှော်လင့်ချက်များထဲမှ တစ်ခုဖြစ်နေပါသည်။

## စလုမ်းခါစ လမ်းပန်းဆက်သွယ်ရေး

ယခင်က ပူတာအိုမြို့နှင့် နောင်မွန်မြို့ကြား သုံးရက်ခန့် ခြေလျှင်ခရီး လျှောက်ရသည်ဟု နောင်မွန်မြို့မှ အဖိုးတစ်ယောက်က ပြောပြသည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးမှုညွှန်းကိန်းအရ ဖွံ့ဖြိုးမှုအနိမ့်ဆုံးစာရင်းတွင်ပါရှိသော ကချင်ပြည်နယ်မှ နောင်မွန်မြို့နယ်အတွက် ယခင်သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲကာ ဘတ်ဂျက်ငွေများ ချမှတ်ပြီး လမ်းပန်းဆက်သွယ်ရေး၊ ဒေသခံများ စားဝတ်နေရေး အဆင်ပြေရေး၊ စသည့် ဖွံ့ဖြိုးတိုးတက်လာရေး လုပ်ငန်းများကို ၂၀၁၃ - ၁၄ ခုနစ်မှစတင်၍ တိုးမြှင့်လုပ်ဆောင်လျှက်ရှိသည်။

သို့သော် စီမံကိန်းစတင်ချိန်က ချမှတ်ပေးခဲ့သော ဘတ်ဂျက်ငွေ များပြားခဲ့သော်လည်း ကောင်းမွန်အောင် အကောင်အထည်ဖော် လုပ်ဆောင်ပေးခြင်း မရှိခဲ့ကြောင်း ဒေသခံများမှ ဝေဖန်ပြောဆိုနေကြသည်။ လမ်းဆောက်လုပ်ရေး တာဝန်ခံများကသာ ချမ်းသာသွားကြသည်ဟုလည်း ဝေဖန်မှုများရှိခဲ့သည်။

ယခင်က ပူတာအိုနှင့် နောင်မွန်လမ်းတွင် ဆိုင်ကယ်မောင်းရသည်မှာ ပြိုင်မြင်းတစ်ကောင်၏ ကျောကုန်းပေါ် တက်ထိုင်ရသလို ခုန်ပေါက်သွားလာနေရသည့် လမ်းဖြစ်သည်။ ယခုအချိန်တွင် နွေနှင့်ဆောင်းရာသီများ၌ ကားများလည်း တစ်စီးစနစ်စီစ စသွားလာနေသည့် မြေညီလမ်းဖြစ်နေပြီ။ သို့သော် ယခုချိန်ထိ မိုးရာသီတွင် ကားများ သွားလာနိုင်ခြင်း မရှိသေးကြောင်း ဒေသခံများကဆိုသည်။

နောင်မွန်မြို့နယ်တွင်းမှ ကျေးရွာအများစုတွင် ကားနှင့်ဆိုင်ကယ်များ သွားလာလို့မရသည့် လမ်းများသာ ဖြစ်နေသည့်အတွက် လမ်းလျှောက်ပြီး သွားလာနေရသည့် ဒေသခံများကို တွေ့ခဲ့ရပါသည်။ ခါကာဘိုရာဇီ တောင်ခြေတွင်တည်ရှိသည့် နောင်မွန်မြို့နယ်မှ မြောက်ဘက် အစွန်ဆုံးကျေးရွာဖြစ်သော မဒိန်းကျေးရွာသို့ နောင်မွန်

မြို့မှသွားလျှင် ခြေလျှင်ခရီး နှစ်ပတ်သွားရကြောင်း ဒေသခံများက ပြောဆိုသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် နောင်မွန်မြို့နယ်မှ ပြည်သူများသည် ကြီးမားလွန်းသည့် ကုန်ဈေးနှုန်းများဖြင့် ဝယ်ယူ သုံးစွဲနေကြရပါသည်။

နောင်မွန်မြို့နယ်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ ပါက မြို့နယ်၏ပညာရေး၊ ကျန်းမာရေးများလည်း ပိုမိုကောင်းမွန် လာနိုင်ကြောင်း ဒေသခံများက ယူဆနေကြပါသည်။

## ခေါင်ခိုက်နေသောကုန်ဈေးနှုန်းနှင့် ဒေသခံများ၏ စားဝတ်နေရေး

ခက်ခဲကြမ်းတမ်းလှသော တောင်ပေါ်ဒေသ၏ ကားလမ်းကြောင်းအတိုင်း ပြည်နယ်မြို့တော်ဖြစ်သော မြစ်ကြီးနားမြို့မှ ပူတာအိုမြို့၊ ပူတာအိုမှတဆင့် နောင်မွန်မြို့သို့တဖန် သယ်ယူပို့ဆောင် ရောင်းချသည့် ကုန်စည်ပစ္စည်းများကို နောင်မွန်မြို့ခံများက မြစ်ကြီးနားမြို့နှင့် နှိုင်းယှဉ်ကြည့်လျှင် (၃)ဆခန့် ဈေးပိုပေးပြီး ဝယ်ယူသုံးစွဲနေကြရသည်။

"ဒီမှာအခက်အခဲဆုံးက အစားအသောက်ပဲ၊ ကုန်ဈေးနှုန်းကလည်း ဈေးကြီးတယ်။ တစ်ထောင်ဖိုး ကြက်ဥသုံးလုံးပဲရတယ်။ အများပိုင်းက ready made (အသင့်စား အစားအစာ) တွေပဲရှိတာ။"ဟု နောင်မွန်မြို့နယ် အုပ်ချုပ်ရေးမှူးကဆိုသည်။

နောင်မွန်မြို့တွင် ခရမ်းချဉ်သီး တစ်လုံး၂၅၀ကျပ် (၄လုံးကျပ်တစ်ထောင်)၊ ကြက်သွန်နီ တစ်ပိဿ ၈၀၀၀ကျပ်၊ ကော်ဖီတစ်ခွက် ၅၀၀ကျပ် စသည့် ဈေးနှုန်းများဖြင့် ဝယ်စားနေရသည်။ မိုးတွင်းကာလတွင် ဆန်တစ်အိတ်ဖိုး ရှစ်သောင်းကျပ်ခန့်ထိ ဈေးတက်ပြီး တစ်ခါတစ်လေ ဝယ်ယူရန် ဆန်ရောင်းပေးသူတောင် မရှိတတ်ကြောင်း ဒေသခံများက ပြောဆိုသည်။ ထို့အပြင် အသားငါးပုံမှန်စားနိုင်ရန် နောင်မွန်တွင် အသားခုံလည်းမရှိ၊ တောကောင်ရမှ အသားစားရသည်။ ငါးစားလိုလျှင် ချောင်းဆင်းပြီး ငါးဖမ်းရသည်။ ဈေးကြီးပြီး ရက်လွန်နေသည့် အသင့်ထုပ်ပိုးထားသော အစားအသောက်များကိုသာ ဒေသခံများက ဝယ်ယူစားသောက်နေရသည်။

နောင်မွန်ဒေသရှိ ပြည်သူအများစုသည် သာမရိုးကျ တောင်ယာ၊ လယ်ယာ လုပ်ကိုင်စားသောက်သူများ ဖြစ်ကြသည်။ ရှားချီ၊ ရှီးပဒီ ကဲ့သို့သော ဆေးမြစ်ဆေးဥများ ရှာဖွေရောင်းဝယ်ခြင်း၊ တောတောင်နှင့် မြစ်ချောင်းများမှ အသားငါးများဖမ်းပြီး တစ်ပိုင်တစ်နိုင် ရောင်းဝယ်သည့် လုပ်ငန်းများဖြင့် မှီခိုရပ်တည်နေကြသူများ ဖြစ်သည်။ ခါကာဘိုရာဇီ ရေခဲတောင်သို့ တက်ကြမည့် ဧည့်သည်များအား လမ်းပြပေးခြင်းနှင့် အထမ်းသမားများအဖြစ် လိုက်ရသောအလုပ်သည် အရွယ်ကောင်းပြီး ကျန်းမာသူများအတွက် ဝင်ငွေရနိုင်သည့် အလုပ်တစ်မျိုး ဖြစ်သည်။ အခြားအလုပ်အကိုင်ဆိုလို့ ဌာနဆိုင်ရာများ၌ ဝန်ထမ်းဝင်ရောက် လုပ်ကိုင်တာကလွဲလျှင် အခြားအလုပ်အကိုင်နှင့် အခွင့်အလမ်းများ မရှိသလောက်ရှားပါးသည့် ဒေသလည်းဖြစ်သည်။

"ကလေးတွေ(ရဲ့) အဖေက ဆုံးသွားတော့ ကလေးတွေ(ရဲ့) ကျောင်းစရိတ်အတွက် ကျမကပဲ ပိုက်ဆံရှာဖို့ လိုလာပြီလေ။ ဒီမှာက အစက အထုပ်လိုက်ထမ်းတာကလည်း တစ်နေ့ ၅၀၀၀(ကျပ်)ကနေ စထမ်းဖူးတယ်။ အဲ့ဒါက ရာသီတိုင်းမရှိဘူး။ နောက် စားနပ်ရိက္ခာလည်း ရတဲ့အလုပ်ဖြစ်လို့ ဆေးမြစ်ရှာတာ လုပ်ဖြစ်တာပါ။ ကျမတို့ အဖွဲ့မှာ အမျိုးသမီး ၂ယောက်ပါတယ်။ ကျမအပါအဝင်လေ"ဟု ဂတ်ထုကျေးရွာမှ ဒေါ်မလောင်မေရီ ကဆိုသည်။

သို့သော် အစိုးရမှသားငှက်ထိန်းသိမ်းရေး လုပ်ငန်းစတင်လာချိန်ကတည်းက ဒေသခံများ အစဉ်အဆက် လုပ်ကိုင်လာခဲ့သည့် ဆေးမြစ်ရှာဖွေ ရောင်းဝယ်ခြင်း၊ တောင်ယာခုတ်ခြင်းများကို တားမြစ်လာသည့်အတွက် ရေရှည်လုပ်ကိုင်ရန် ခက်ခဲလာပြီဖြစ်ကြောင်း နောင်မွန် ဒေသခံများက ဆိုကြပါသည်။

သားငှက်ထိန်းသိမ်းရေး စီမံကိန်းကြောင့် သဘာဝတောထွက်ပစ္စည်းများဖြစ်သည့် ရှီးပဒီ၊ ရှားချီ၊ မချစ်ဥ၊ ခန်းတောင့်မြစ်။ ဂျင်စင်း၊ ဆေးဘက်ဝင် ပန်းအမျိုးမျိုးနှင့် တောင်ဆိတ်၊ သာကင်၊ ဝက်ဝံ၊ သားငါး စသည့် သဘာဝတောတောင်ကို မှီခိုလုပ်ကိုင်နေသော အလုပ်အကိုင် အခွင့်အလမ်းများ မရရှိနိုင်တော့သဖြင့် စားဝတ်နေရေးအတွက် အခက်အခဲများ ဖြစ်လာနိုင်သည် သာမက ပညာရေးစရိတ်၊ ကျန်းမာရေး စရိတ်များလည်း ခက်ခဲလာပြီး မိမိနေရပ်ကို စွန့်ခွါ၍ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်း နေထိုင်လာရသည့် အခြေအနေသို့ ဆိုက်ရောက်လာကြောင်း ဒေသခံအဖွဲ့အစည်းများထံမှ သိရသည်။

နိုင်ငံတော်၏ဖွံ့ဖြိုးရေး ဘတ်ဂျက်ငွေနှင့် နောင်မွန်မြို့နယ်၏ ဖွံ့ဖြိုးရေး ၂၀၁၃ - ၁၄ ဘဏ္ဍာနှစ်၊ ဘတ်ဂျက်ငွေဖြင့် မချမ်းဘောနှင့် နောင်မွန်ကြား သဲကျောက်ခင်းခြင်း၊ ကွန်ကရစ်တံတား ကြိုးတံတားများဆောက်လုပ်ခြင်း၊ ဆိုင်ကယ်သွားလမ်းများ၊ မူလတန်းကျောင်းများ၊ ရေပေးဝေရေးနှင့် ရေကာတာတည်ဆောက်ခြင်း၊ နောင်မွန်းလေယာဉ်ကွင်း တည်ဆောက်ခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

သုံးနှစ်လောက် ဆက်တိုက်လုပ်လာပြီးနောက် နောင်မွန်နှင့် ပူတာအိုလမ်းသည် ယခင်က အခြေအနေနှင့် နှိုင်းယှဉ်ကြည့်လျှင် ယခုအချိန်တွင် အတော်အသင့် ကောင်းမွန်နေပြီ ဖြစ်သော်လည်း မိုးတွင်းကာလတွင် သွားလာနိုင်ရန် ခက်ခဲနေဆဲ ဖြစ်ပါသည်။ ကုမ္ပဏီများက ကန်ထရိုက်ယူပြီး ပြုလုပ်သော စီမံကိန်းများသည် အရည်အချင်း ပြည့်မီခြင်း၌ စိတ်မချရသည့်အပြင်၊ နောင်မွန်မြို့နယ်မှ အချို့စီမံကိန်းများသည် သတ်မှတ်ဘတ်ဂျတ်နှစ် ကုန်သွားသည်အထိ ပြီးမြောက်အောင် ပြုလုပ်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရပါသည်။

သောက်သုံးရေ ခက်ခဲသည့်အတွက် ဂတ်ထုကျေးရွာတွင် ၂၀၁၄ ခုနှစ်ဘတ်ဂျတ်ဖြင့် ရေပေးဝေရေး ပြုလုပ်ရန်စီမံကိန်း ချမှတ်ထားသော်လည်း တစ်ပိုင်းတစ်စသာ ပြုလုပ်ထားပြီး ယခုချိန်ထိ ရေရရှိ

ခြင်း မရှိသေးသည်ကို တွေ့ရှိရပါသည်။

"ဆောက်တဲ့ကုမ္ပဏီကတော့ ခါနန်စီးတီးလို့ကြားတယ်။ သေချာတော့ မသိဘူး။ ဆောက်တာက ကျေးရွာလူထုအတွက် ဆောက်ပေးတာ။ ဒါပေမဲ့ အခုထိရေ မရဘူး။ ကျေးရွာလူထုတွေကလည်း တအားကို ဒုက္ခရောက်နေကြတယ်။"ဟု နောင်မွန်မြို့နယ် ဂတ်ထုကျေးရွာရှိ ရပ်မိရပ်ဖ ဦးဆန်နိုင်ဒီက ပြောဆိုသည်။ ထိုရေကန် တည်ဆောက်ရာတွင် ကျေးရွာလူထုနှင့် တိုင်ပင်ဆွေးနွေးခြင်းမရှိပဲ၊ ယခင် ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းကသာ သူ၏ဆွေမျိုးအသိုင်းအဝိုင်းများနှင့် လုပ်သွားသဖြင့် ယခုချိန်ထိ ရေမရရှိသေးခြင်း ဖြစ်ကြောင်းလည်း ဆိုသည်။

၂၀၁၃ - ၂၀၁၄ ဘတ်ဂျက်နှစ်အတွင်း ယခုလက်ရှိ နောင်မွန်မြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ပိုင်ဆိုင်သည့် 'ခါနန်စီးတီး' ကုမ္ပဏီသည် နောင်မွန်မြို့နယ်တွင် (တစ်ကျောင်းလျှင် ကျပ်သိန်း ၁၈၀နှုန်းဖြင့်) မူလတန်းကျောင်းဆောင် (၄၁)ကျောင်း တည်ဆောက်ခဲ့ရာ၊ ဆောက်လုပ်ထားသည့် ကျောင်းအများပိုင်းသည် ယခုအချိန် ပျက်စီးလာနေပြီဖြစ်ကြောင်း ဒေသခံများ ပြောဆိုကြသည်။

"ကျွန်မတို့ကျောင်းကပြီးတာ တစ်နှစ်ကျော်ကျော်ပဲရှိသေးတယ်။ အခုက မိုးယိုနေပြီ။ အောက်မှာလည်း ကွန်ကရစ်နဲ့ ဖောင်းဒေးရှင်းလည်း မချာဘူး။ ဒီတိုင်းပဲမြေကြီးပေါ်မှာ ချထားတယ်။"ဟု နောင်မွန်မြို့နယ် ဂတ်ထုကျေးရွာ မူလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကဆိုသည်။

မူလတန်းကျောင်း (၄၁)ကျောင်း ဆောက်ခဲ့ရာ လူကြီးများ သွားလာရာတွင် မြင်ရတွေ့ရ လွယ်ကူနေသည့် နောင်မွန်နှင့်ပူတာအို လမ်းပေါ်ရှိ တဆယ်ထု ကျေးရွာက ကျောင်းတစ်ကျောင်းကိုသာ စံချိန်မီအောင် ဆောက်ထားပြီး ထိုကျောင်းကိုပဲ သက်ဆိုင်ရာကို ဓါတ်ပုံရိုက် တင်ပြထားသည်ဟု လန်ဆာထု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟောင်းက ဆိုသည်။

၂၀၁၄ ခုနှစ်က ဘတ်ဂျက်ငွေ ကျပ်သိန်းပေါင်း တစ်သောင်းတစ်ထောင်ကျော် ကုန်ကျကာ တည်ဆောက်ခဲ့သော နောင်မွန်မြို့ပေါ် ရပ်ကွက်များမှ ကဆန်ခ(ချောင်း) ကမ်းပြိုကာကွယ်ရေး မြေထိန်းနံရံလည်း ယခုအချိန် တဝက်ခန့် ပျက်စီးနေသည်ကို မြင်တွေ့ခဲ့ရသည်။ အလားတူ နောင်မွန်မြို့ပေါ်က ရေပေးဝေရေးလည်း ပျက်စီးလာပြီ သာမက ရေလည်းလောက်ငှခြင်း မရှိသေးကြောင်းကို ဒေသခံများက ဆိုသည်။

သက်ဆိုင်ရာ စီမံကိန်းစစ်ဆေးရေး ကော်မတီများမှလည်း ကုမ္ပဏီများ တာဝန်ယူ တည်ဆောက်ထားသည့် စီမံကိန်းများကို လာရောက်ကြည့်ရှုပြီး အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးပေးခြင်း၊ ပြုပြင်ခိုင်းခြင်းများ မရှိကြောင်း ဒေသခံများကဆိုသည်။

အစိုးရမှ နောင်မွန်မြို့နယ် ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် ဘတ်ဂျတ်များစွာ ချမှတ်ပေးခဲ့သော်လည်း မြေပြင်တွင် အမှန်တကယ် လုပ်ကိုင်နေသည့် ကုမ္ပဏီများက ကောင်းမွန်စွာ လုပ်ဆောင်မှု မရှိသည့်အတွက် နောင်မွန်မြို့နယ်၏ ဖွံ့ဖြိုးရေးသည် နောက်ကျနေခြင်း ဖြစ်ကြောင်း လန်ဆာထု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟောင်းက ဆိုသည်။

"နိုင်ငံတော်က စေတနာရှိရှိ ကျွန်တော်တို့ကို ပေးတယ်။ ဒါပေမဲ့ လုပ်တဲ့သူက ကလေကချေ ဖြစ်သွားတော့ ကျွန်တော်တို့က ဖွံ့ဖြိုးရေးနောက်ကျလာတယ်။"ဟု အဆိုပါအုပ်ချုပ်ရေးမှူးဟောင်းက ဆိုသည်။ ဒေသခံများကတော့ နောင်မွန်မြို့သည် အချို့ဝန်ထမ်းများအတွက် ရာထူးတိုးရေး စားကျက်မြေဖြစ်သလို၊ အချို့ဝန်ထမ်းများအတွက် ပြစ်ဒဏ်ကျသည့် ငရဲပြည်လို ဖြစ်နေပါသည်။ ကျင့်ဝတ်တာဝန်မဲ့ စီးပွားရေးသမားများအတွက်လည်း လုပ်ကွက်ကောင်းတစ်ခုလို ဖြစ်နေပြန်သည်။

ဘိုးစဉ်ဘောင်ဆက်ကတည်းက နောင်မွန်ဒေသတွင် အစဉ်အဆက်နေထိုင်လာခဲ့သော ဒေသခံ တိုင်းရင်းသားများ၏ ဘဝများသည် တိုးတက်ပြောင်းလဲမှု ကြီးကြီးမားမား မရှိသေးပေ။

"နောင်မွန်မြို့နယ်အဖြစ် သတ်မှတ်ပေးတာကကြာပြီ ပြောင်းလဲသွားတာက သိပ်မတွေ့ဘူး။ လမ်းပဲနည်းနည်း ကောင်းလာတာပဲ။ အခြားက သိပ်မပြောင်းလဲဘူး။"ဟု အသက်(၄၀)နှစ် နောင်မွန်ဒေသခံ ဦးဒီးရမ်က ၎င်း၏ယူဆချက်ကို အားမလိုအားမရ ပြောဆိုလိုက်သည်။

မိသားစုဘဝ ရှင်သန်ရပ်တည်ရေးအတွက် အစဉ်အဆက် လုပ်ကိုင်ခဲ့သော အလုပ်အကိုင်များသည် စိန်ခေါ်မှုများနှင့် ကြုံတွေ့လာရပြီး၊ တစ်နေ့ထက်တစ်နေ့ လုပ်ကိုင်စားသောက်ရန် ပိုမိုခက်ခဲလာခြင်းက ဒေသခံများကို စိုးရိမ်မှု ဖြစ်စေသည့် ပြောင်းလဲမှုတစ်ရပ်လိုပင်...။






# ငေါ့ချန်းခ ကို ရှင်သန်ခွင့်ပြုပါ

**သို့သော် ယခုအချိန်တွင် ဘိုးဘွားဘီဘင်ကတည်းက ချောင်းကိုမှီခိုပြီး မိသားစုစားဝတ်နေရေးအတွက် လယ်ယာစိုက်လုပ်ကိုင် စားသောက်လာသည့် ဒေသခံများသည် စိုးရိမ်စရာတစ်ခု ဖြစ်လာခဲ့လေသည်။**

By Maran
20 April 2017

လုပ်ပြီး အားကောင်းစွာ စီးဆင်းနေသည့် ချောင်းနဘေးရှိ မြေပြန့်များတွင် ဆွဲဆောင်မှုရှိကာ လှပသည့် လေကထစ် လယ်ခင်းများကို တွေ့နေရသည်။ အခင်းများ၏ ဘေးပတ်ပတ်လည်တွင် မြင့်မားသည့် တောင်များ ဝန်းရံနေသည်။ တချို့တောင်များမှာ ဆောင်းရာသီရောက်ပြီဆိုလျှင် ထုံးမှုန့်များ ဖြူးထားသကဲ့သို့ ရေခဲမှုန်များ ဖုံးလွှမ်းနေသည့် တောင်များလည်း ရှိသည်။

လယ်ခင်း၏ အပေါ်ဘက် နာရီဝက်ခန့်တက်ရပြီး ၆၀ဒီဂရီခန့် မတ်စောက်နေသည့် တောင်ကုန်းများတွင် နေအိမ်များဆောက်ပြီး လူများနေကြသည်။

"ဒီမှာပဲ စိုက်စားလို့ရတော့ ဒီမှာနေလိုက်တော့ ကျွန်တော်တို့ စိုက်စားမယ့်နေရာ မရှိတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့က တောင်ပေါ်မှာ ပဲနေပြီး ဒီမြေပြန့်မှာက စိုက်ပျိုးရေးလုပ်တာ။"ဟု ထွန်းရှိန်ကျေးရွာ လူငယ်ဘာသာရေး ဆရာတစ်ဦးက လယ်ခင်းများကို လက်ညှိုးထိုးပြီး ပြောပြသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ မိုင်ပေါင်း ၁၀၀ကျော်သွားလာရသည့် ချီဖွေမြို့နယ်တွင်ရှိကာ လချိတ်တိုင်းရင်းသားများ နေထိုင်သည့် ချန်းမောခုန်းဒေသတွင် မြေပြန့်အလွန်နည်းလွန်းသည့်အတွက် ငေါ့ချန်းခချောင်းနဘေးရှိ မြေပြန့်များတွင် လုပ်ကိုင်စားသောက်ပြီး တောင်ပေါ်တွင် လူနေကြခြင်းဖြစ်သည်။

သို့သော် ယခုအချိန်တွင် ဘိုးဘွားဘီဘင်ကတည်းက ချောင်းကိုမှီခိုပြီး မိသားစုစားဝတ်နေရေးအတွက် လယ်ယာစိုက်လုပ်ကိုင် စားသောက်လာသည့် ဒေသခံများသည် စိုးရိမ်စရာတစ်ခု ဖြစ်လာခဲ့လေသည်။

ငေါ့ချန်းခချောင်းတွင် တရုတ်ကုမ္ပဏီများက စုစုပေါင်း လျှပ်စစ်အင်အား မီဂါဝပ် ၁၂၀၀ထုတ်မည့် ရေအားလျှပ်စစ် စီမံကိန်းများ တည်ဆောက်ရန် ပြင်ဆင်လာခဲ့သည်ကို ဒေသခံများကလည်း ရေအားလျှပ်စစ် စီမံကိန်း မလုပ်ဆောင်ဖို့ တားမြစ်နေကြပါသည်။

"ငေါ့ချန်းခ ဆောက်ရင်တော့ ငေါ့ချန်းခ မြစ်ဝှမ်းမှာနေထိုင်တဲ့ ချန်းမောခုန်းလို့ခေါ်တဲ့ လချိတ်လူမျိုးများ ဘိုးဘေးဘီဘင်နေထိုင်လာတဲ့ နယ်မြေကပျောက်သွားမှာပေါ့ အဲဒါကြောင့်မို့ ဒီဟာတော့ မလုပ်သင့်ဘူးလို့ ယူဆတယ်။"ဟု ချန်းမောခုန်းတွင် နေထိုင်ပြီး ဒေသအကြောင်း ကောင်းကောင်းနားလည်သည့် ချိတ်ကော်ကျေးရွာမှ သင်းအုပ်ဆရာ ပေါင်းခေါင်က ဆိုသည်။

ချန်းမောခုန်းဒေသသည် မြစ်ကြီးနားမြို့မှ မိုင်ပေါင်း ၁၃၀ခန့် ဝေးသည့် ဒေသဖြစ်ပြီး ယခင် ဦးဇခုန်တိန့်ယိန်း၏ NDAK (New Democratic Army-Kachin)အဖွဲ့ အုပ်ချုပ်ခဲ့သည့် ဒေသလည်းဖြစ်သည်။ ဦးဇခုန်တိန့်ယိန်း၏ NDAK အဖွဲ့သည် ၁၉၈၉ ခုနှစ် ဇန်နဝါရီ ၅ရက်နေ့တွင် စတင်အုပ်ချုပ်ခဲ့ခြင်း ဖြစ်သည်။ ယခင်က ထိုဒေသတွင် ကွန်မြူနစ်တို့ အုပ်ချုပ်သည်။ သို့သော် NDAK သည် ၂၀၀၉ မှစတင်ပြီး နယ်ခြားစောင့်တပ်သို့ ပြောင်းလဲခဲ့သည်။ သစ်ပင်ထူထပ်သည့် တောတောင်များပေါ်များပြီးသားငါး ရှာဖွေ စားသောက်ရန် အလွန်လွယ်ကူသည့် ချန်းမောခုန်းဒေသသည် NDAK အဖွဲ့ အုပ်ချုပ်ပြီးနောက် သစ်၊ သတ္တုများ တရုတ်ပြည်သူသို့ ထုတ်ယူရောင်းစားသည့်အတွက် တောတောင်များ ပြုန်းသွားသည်သာမက သားငါးများသည်လည်း ရှားပါးသွားပြီဖြစ်ကြောင်း ဆရာပေါင်းခေါင်က ဆိုသည်။

"ငေါ့ချန်းခ အစလမ်းဖောက်လာတဲ့အချိန်ဆို ထင်းရှူးတောမှာပဲ

ဖောက်သွားတာ။ အခုဆိုထင်းရှူးပင်တောင် လမ်းတစ်လျှောက်မှာ မတွေ့ရသလောက်ဖြစ်သွားပြီ။ သစ်ပင်အကြီးကြီးတွေလည်း အခုကမရှိတော့ဘူး။ တရုတ်ပြည်ကိုရောက်ကုန်ပြီ။ အခုကပြုန်းသလောက် ဖြစ်သွားပြီ။ မြင်ရတဲ့တောင်မှာ စိမ်းနေတာလည်း သုံးလို့ရတဲ့သစ် မရှိသလောက်ဖြစ်သွားပြီ။”ဟု ဆရာဟောင်းခေါင်က ဆိုသည်။

အလွန်ထူထပ်သည့် တောတောင်များသည် ယခုအချိန် တောင်ကတုံး နီးပါးဖြစ်နေပြီ ဖြစ်ကြောင်းလည်း ဒေသခံများဆိုသည်။ ပြီးနောက် ငေ့ါချမ်းခချောင်းတွင်လည်း သတ္တုတူးဖော်သည့် တရုတ်များက သတ္တုလုပ်ငန်းအတွက် ချောင်းရေကို အသုံးပြုသလို စွန့်ပစ်ရေများကိုလည်း ချောင်းထဲသွန်ချတာကြောင့် ယခင် ကြည်လင်အေးမြသည့် ချောင်းမှ ယခုအချိန် ကော်ဖီခဲ့သို့ နောက်နေသည့် အဆိပ်ချောင်းဖြစ်သွားပြီဟုလည်း ဒေသခံများက ဆိုသည်။

ယခင်အချိန်တွင် ပွဲလမ်းသဘင်မျိုးမှာတောင် ထိုချောင်းမှငါးရှာပြီး ဧည့်သည်များအား ကျွေးနိုင်သည့်အဆင့်ထိ ရှိခဲ့သော်လည်း ယခုအချိန်တွင်မူ ငါးလည်းမရှိတော့သည်သာမက သတ္တုအဆိပ်သင့်မှာလည်း ကြောက်သည့်အတွက် ငါးဖမ်းသူမရှိသလောက် ဖြစ်သွားပြီဖြစ်ကြောင်း ဒေသခံများ ပြောဆိုကြသည်။

“အထူးသဖြင့် ဒီချမ်းမောခဆိုတဲ့ချောင်းမှာ အရင်တုန်းက ငါးအများကြီးရှိတယ်။ ရေကလည်း ကြည်လင်နေတာပေ့ါနော်။ အခုကအမြဲတမ်း ရေနောက်နေတာ တွေ့ရတယ်။ နောက်တစ်ခါ ငါးတွေကိုလည်း ရေပေါ်ကနေ တွေ့မြင်နိုင်တဲ့အနေအထား မရှိတော့ဘူး။ နည်းနည်းပါးပါးတော့ ရှိအုန်းမှာပေ့ါ။ အရင်တုန်းကလိုတော့ မရှိတော့ဘူး။ အခုဆိုရင် ချောင်းမှာငါးရှာစားတာလည်း မရှိတော့ဘူး။ ဒီချောင်းမှာ ငါးရှာစားဖို့က တရုတ်တွေက သတ္တုဆေးတဲ့ သတ္တုအမှုန့်တွေနဲ့ နောက်နေတော့ ဒီငါးတွေမှာလည်း သတ္တုဓာတ်တွေ ပြည့်နေမှာဆိုတဲ့ အသိတွေ သိကြတဲ့အခါမှာ ငါးရှာစားတဲ့နေရာမှာ အရင်တုန်းကလို မရှိတော့ဘူး။”ဟု ချမ်းမောခုန်းဒေသမှ သင်းအုပ်ဆရာတစ်ဦးဖြစ်သူ ဇုန်းနူးကဆိုသည်။

သစ်၊ သတ္တုများ တရုတ်ပြည်သို့ ရောင်းစားပြီးကုန်သွားပြီ ဖြစ်သော်လည်း လက်တစ်ဆုပ်စာ လူတန်းများမှလွဲပြီး ဒေသခံများ အကျိုးခံစားခွင့် အလွန်နည်းပါးသည့်အတွက် ထိုဒေသတွင် အစစအရာရာ နောက်ကျနေဆဲ ဖြစ်သည်။

“ဒေသခံတွေအတွက် သတ္တုတူးတာက အကျိုးရှိတယ်လို့ မတွေ့ရဘူး။ သတ္တုကားတွေ ဖြတ်သွားတဲ့အခါ ဖုန်းတထောင်းထောင်းနဲ့ ဖုန်ရှူရတာပဲ အဖတ်တင်တာပေ့ါ။”ဟု ဆရာဟောင်းခေါင်က ဆိုသည်။

ထိုဒေသတွင် ယခင်ထက် ကားလမ်းပေါက်သော်လည်း ရာသီမရွေး သွားလာနိုင်သည့် လမ်းမဟုတ်၊ ဆက်သွယ်ရန် ဖုန်းလိုင်းမရှိ၊ ဆေးခန်းရှိသော်လည်း ဆေးနှင့်ဆရာဝန်၊ ဆရာမများ မရှိသည့်အတွက် ဖျားနာပါက တရုတ်ပြည် ဗီမော်သို့သွားပြီး ဆေးသွားကုရသည့် ဒေသဖြစ်သည်။ ကုန်းဈေးနှုန်း မြစ်ကြီးနားထက် နှစ်ဆခန့် ဈေးကြီးသည့်ဒေသဖြစ်သည်။ အများပိုင်းသည် တရုတ်ပြည်မှ ဝယ်ယူသုံးစွဲသူများသည်။

ဒေသခံများသည်လည်း လချိတ်၊ လော်ဝေါ်စကားမှလွဲပြီး အခြားဘာသာစကား မတတ်သူကများသည်။ စာသင်ကျောင်းများ ရှိသော်လည်း စာသင်ပေးဖို့ ဆရာ၊ ဆရာမများ မလုံလောက်။ ယခုဒီချုပ်အစိုးရလက်ထပ်တွင်မှ ဆရာ၊ ဆရာမ များလာပြီး စာလည်း ယခင်ထက်ပိုသင်လာကြောင်း ဒေသခံများဆိုသည်။ အစစအရာအရာ ဖွံ့ဖြိုးမှုနည်းပါးနေသည့် ထိုဒေသမှ ဒေသခံများသည် အခြားစီးပွားရေး မလုပ်ပဲ နှစ်အဆက်ဆက် လယ်ယာမြေကိုသာ အဓိက လုပ်ကိုင်စားသောက်လာသူများ ဖြစ်သည်။

“ဒေသခံတွေ အများပိုင်းက အထူးသဖြင့် လယ်၊ ရွှေ့ပြောင်းတောင်ယာလုပ်တာတွေပဲ ဒါက အသက်မွေးဝမ်းကျောင်း လုပ်တဲ့နေရာမှာ အဓိကပဲ။ တခြားဟာ သိပ်မရှိဘူး။ ပိုက်ဆံရှာတယ်။ စီးပွားရေးလုပ်တယ်ဆိုတာ ရှားရှားပါးပါးလောက်ပဲ ရှိတယ်။”ဟု ဆရာဇုန်းနူးက ဆိုသည်။

နှစ်ပေါင်းထောင်ချီကတည်းက တောင်ယာ၊ လယ်ယာတွေ စိုက်ပျိုးပြီးသာ အသက်မွေးဝမ်းခဲ့သည့် ဒေသခံများသည် ရေအားလျှပ်စစ် စီမံကိန်းကြောင့် ၎င်းတို့၏အသက်သွေးကြော ပမာအရေးကြီးသည့် လယ်မြေမှာကို ဆုံးရှုံးမည်ကို စိုးရိမ်နေကြသည်။ ဒေသခံများအတွက် ငါးလိုလျှင် ငါးဆင်းဖမ်းစားနိုင်ပြီး၊ သောက်ရေ လိုလျှင်သောက်ရေခပ်သောက်နိုင်သလို ရေချိုးချိန် ရေဆင်းချိုးနိုင်သည့် ငေ့ါချမ်းခချောင်းအား သတ္တုတွင်းမှ စွန့်ပစ်ညစ်ညမ်းရည်များဖြင့် အဆိပ်ခပ်ခဲ့ပြီးပြီကို မလုံလောက်သေးပဲ ငေ့ါချမ်းခအား အပြတ်သတ်ပြစ်ရန် ကြံစီလာခြင်းလော။

ငေ့ါချမ်းခချောင်းတွင် ရေအားလျှပ်စစ် စီမံကိန်း ၄နေရာ တည်ဆောက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ထိုရေအားလျှပ်စစ်အား အကောင်အထည်ဖော်ကြသူများသည် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံပိုင် YPIC International Energy Cooperation& Development Co.Ltd. (YPIC)၊ မြန်မာနိုင်ငံသားပိုင် International Group of Entrepreneurs Co.Ltd. (IGOEC)တို့ ဖြစ်ကြောင်းလည်း ဒေသခံများ ပြောပြချက်အရ သိရသည်။

ထောင်ချီသော ချမ်းမောခုန်းဒေသခံများသည် ၎င်းတို့အတွက် တန်းဖိုးမဖြတ်နိုင်သည့် ငေ့ါချမ်းခအား ကာကွယ်ရန် ပြီးခဲ့သည့် မတ်လတွင် ကျရောက်သည့် ကမ္ဘာ့မြစ်ချောင်းအင်းအိုင်များနေ့တွင် ရေအားလျှပ်စစ် စီမံကိန်းအား ကန့်ကွက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

“ဘိုးဘွားပိုင်မြေတွင်၊ ကျွန်တော်တို့ လုပ်ကိုင်စားသောက်တဲ့နေရာတွေ ပျက်စီးမခံနိုင်ဘူး၊ အဲဒါကြောင့် ကန့်ကွက်ရတာပါ။”ဟု ဆရာဇုန်းနူးက ရေအားလျှပ်စစ် စီးမံကိန်းအား ကန့်ကွက်သည့်အပေါ် ၎င်း၏သဘောထားအား ပြောပြသည်။



# လုယက်မှုများ နှင့် မြစ်ကြီးနားမြို့ လုံခြုံမှု ဘယ် မှာ လဲ

By Maran, Lawhkum Zau
22 April 2017

လုယက်မှုတွေများပြီး တရားခံမိတဲ့အမှု နည်းပါးနေသေးတဲ့အတွက် ပြည်သူတွေပိုပိုပြီး ကြောက်လာကြတာ ဖြစ်ပါတယ်။ မြစ်ကြီးနားမြို့က ပြည်သူတွေဟာ တစ်နေ့ပြီးတစ်နေ့ ပိုပြီးမလုံခြုံသလို ခံစားလာရပါတယ်။

ဒေါ်တောင်ရာတစ်ယောက် နေ့တိုင်းသွားလာနေကျ လမ်းလေးအတိုင်း ဆိုင်ကယ်နဲ့မြို့ထဲသို့ ထွက်လာစဉ် နေ့ခင်းကြောင်တောင်၊ မထင်မှတ် ထားတဲ့ အဖြစ်အပျက်တစ်ခုနဲ့ကြုံတွေ့ လိုက်ရပါတယ်။

သူမရဲ့ရှေ့ကနေဆိုင်ကယ်ကို ပိတ်ရပ်ပြီး ဆွဲကြိုးနှင့်ပိုက်ဆံတွေကို ရဲတင်းစွာ လုယူသွားတာပဲ ဖြစ်ပါတယ်။ မြစ်ကြီးနားမြို့မှာ ယခင်မကြားဖူး တဲ့ လုယက်မှုတွေ နေ့ခင်းကြောင်တောင်အချိန်မှာ ဖြစ်ပျက်နေတာ အချိန်ကြာမြင့်လာပါပြီ။

"ဒေါ်ကာ(Dokra)ဆိုင်ရဲ့အရှေ့နားရောက်တဲ့ အချိန်မှာ ကျွန်မလုယက်ခံ ရပါတယ်၊ အဲနားရောက်တဲ့အချိန်မှာ ကျွန်မကိုရှေ့က နေပိတ်ပြီးတော့ ဒီကြိုးကိုတခါထဲဆွဲတယ်။ ကျွန်မလည်းဆွဲတယ်။ သူတို့လည်းဆွဲတယ်။ အဲဒီအချိန်မှာ သူတို့ဘက်က ဘာလဲမသိဘူး၊ ဓါးပဲထင်တာပဲ အဲဓါးနဲ့လွယ်အိတ်ကိုဖြတ်ပြီးတော့ ဒီလိုဖြစ်တဲ့အချိန်မှာ ကျွန်မလည်း လူတခြား ဆိုင်ကယ်တခြား အဲဒီနားမှာပဲ အဲလိုမျိုးလုယက်ခံရတာပေါ့၊ အဲဒီနားမှာပဲ ကျွန်မငါးမိနစ်လောက် သတိမေ့သွားတယ်ထင်တယ်၊"ဟု ဒေါ်တောင်ရာက သူမလုယက်ခံခဲ့ရပုံကို ပြန်လည်ပြောပြပါတယ်။

မြစ်ကြီးနားမြို့တပ်ကုန်းရပ်ကွက်မှာ နေထိုင်တဲ့ အသက်(၄၀)ခန့်အရွယ် ဒေါ်တောင်ရာဟာ ၂၀၁၇ ဖေဖော်ဝါရီလ ၅ ရက်နေ့က ဆိုင်ကယ် မောင်းနေစဉ် လုယက်ခံရတဲ့အတွက် ရွှေဆွဲကြိုး၊ ပိုက်ဆံ ၆သိန်း၊ ဖုန်း၊ မှတ်ပုံတင်တွေ ပါသွားတဲ့အပြင် ဆိုင်ကယ်ပေါ်ကနေ လဲကျခဲ့လို့ သတိမေ့တဲ့အထိ ဖြစ်ခဲ့သူ ဖြစ်ပါတယ်။ လုယက်ခံခဲ့ရချိန် ဒဏ်ရာလည်း ပြင်းထန်စွာရရှိခဲ့သူ ဖြစ်ပါတယ်။

"ဒဏ်ရာကတော့ နုတ်ခမ်းမေးအောက်မှာ ကွဲသွားတယ် နောက်ပြီး နဖူးနထင်နားမှာ ဒဏ်ရာတွေရသွားတယ်။ ခေါင်းမှာရသွားတယ်။



နောက်ပြီးတော့ ခြေထောက်တွေမှာတော့ အများကြီးပဲ ခြေထောက်တွေမှာရော ရသွားတယ်။ တံတောင်ဆစ်တွေရော ခါးနားကအရိုးတွေရော အက်လားဘယ်လိုလဲမသိဘူး။ ဒါပေမဲ့ ကချင်ဆေးသောက်ထားလို့ အခုတော့ တော်တော်လေး လမ်းလျှောက်လို့လည်းရပြီ ဆိုင်ကယ်မောင်းလို့လည်းရပါပြီ”ဟု သူမကပြောတယ်။

မကြာခဏကြားနေရတဲ့ လုယက်မှု များကြောင့် မြစ်ကြီးနားမြို့ပေါ်မှာရှိတဲ့ လူငယ် အယောက် ၃၀လောက်ကို မေးမြန်းကြည့်ရာ ၎င်းတို့ကိုယ်တိုင် အပြင်ထွက်ရမှာကိုတောင် ကြောက်နေကြောင်း တစ်ညီတစ်ညွတ်တည်း ဖြေခဲ့ကြပါတယ်။

လုယက်မှုတွေများပြီး တရားခံမိတဲ့အမှု နည်းပါးနေသေးတဲ့အတွက် ပြည်သူတွေပိုပိုပြီး ကြောက်လာကြတာ ဖြစ်ပါတယ်။ မြစ်ကြီးနားမြို့က ပြည်သူတွေဟာ တစ်နေ့ပြီးတစ်နေ့ ပိုပြီးမလုံခြုံသလို ခံစားလာရပါတယ်။

“လုံခြုံမှုမရှိသလိုခံစားရတယ်။ လုယက်ခံရရင်လည်း တာဝန်ယူမှုလည်း မရှိဘူး။ ရဲတွေလည်း ပေါ့ဆတယ်။ ကိုယ်ဖြစ်ကိုယ်ခံ ဖြစ်နေတယ်။ ဒါကြောင့် ညမှာအပြင်ထွက်ရမှာတောင် ကြောက်လာပြီ။ ဆိုင်ကယ်စီးရင် ဘေးမှာယောကျ်ားလေးတွေ ကပ်လာရင်တော့ မသက်သာတော့ဘူး”ဟု စီတာပူရပ်ကွက်က အသက် ၂၂နှစ်အရွယ် မိန်းကလေးတစ်ဦး၊ ၎င်း၏ခံစားချက်ကို ပြောပြတယ်။

မြစ်ကြီးနား တက္ကသိုလ်မှာ ရုံးဝန်ထမ်းဖြစ်တဲ့ ဒေါ်ဒေါင်စိုင်းတစ်ယောက်ကလည်း လုယက်ခံရသူများထဲက တစ်ယောက်ပဲ ဖြစ်ပါတယ်။ ၂၀၁၆ ဒီဇင်ဘာလ ၂၆ရက်နေ့က စီတာပူလမ်းမှာ ဆိုင်ကယ်စီး လုယက်သူနှစ်ဦးက နောက်ကနေ ဆိုင်ကယ်နဲ့လာတိုက်ပြီး သူ့ရဲ့ဆိုင်ကယ်လဲကျခါနီးမှာ ပိုက်ဆံအိတ်နဲ့ငွေတွေ လုယူခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ ပိုက်ဆံမရှိတဲ့အတွက် ပိုက်ဆံကုန်မှာကို စိုးရိမ်လို့ သူလုယက်ခံရတဲ့ အကြောင်းကို ရပ်ကွက်ရုံးသို့သာ တိုင်ကြားခဲ့ပြီး အမှုဖွင့်ခြင်း မရှိခဲ့ကြောင်းလည်း ပြောပါတယ်။

“ကျွန်မရဲစခန်းကိုသွားပြီးတော့မှ ကျွန်မဒီလိုဒီလိုခံရပါတယ်လို့ ပြောပါတယ်။ ပြောတဲ့အချိန်မှာ သူတို့ဟာ ဒီအမှုကိုအပ်မှာလား လို့ပြောတယ်။ ကျွန်မမှာပိုက်ဆံမတတ်နိုင်ဘူး။ အမှုအပ်လိုက်တဲ့ အချိန်ကျပြန်တော့ ပိုက်ဆံလိုအပ်လာမှာပဲလို့ ကျွန်မကိုကျွန်မစိတ်ထင်တာပါ။ သူတို့ကတော့ဘာမှ မပြောပါဘူး။”ဟု ဒေါ်ဒေါင်စိုင်းကဆိုသည်။

၂၀၁၆ က စီတာပူ ဂျပန်တံတားလမ်းမှာ နေ့လည်အချိန် ဘက်ထရီဆိုင်ကယ်စီးနေစဉ် ပိုက်ဆံအိတ်နဲ့ဖုန်း လုခံခဲ့ရတဲ့ မဂျာဆိုင်းမိုင်ကလည်း အခြား CCTV မှတ်တမ်းတွေရှိတဲ့ အမှုတွေတောင် ထူးခြားမှု မရှိတဲ့အတွက် ၎င်း၏အမှုလည်း ထူးခြားမယ်မထင်လို့ မတိုင်တန်းခဲ့ကြောင်း ဆိုတယ်။

အခြား CCTV
မှတ်တမ်းတွေရှိတဲ့
အမှုတွေတောင်
ထူးခြားမှုမရှိတဲ့အတွက်
၎င်း၏အမှုလည်း
ထူးခြားမယ်မထင်လို့
မတိုင်တန်းခဲ့ကြောင်း
ဆိုတယ်။

အမှတ်(၁) ရဲစခန်းရဲ့စာရင်းအရ ၂၀၁၆ ခုနှစ်တွင် လုယက်မှု ၆မှုနဲ့ ၂၀၁၇ခုနှစ်တွင် လုယက်မှု ၁မှုနဲ့ အဖွဲ့လိုက်ဓါးမြမှု ၁မှု ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ၂၀၁၆ ခုနှစ်တွင် ၃မှု တရားခံပေါ်ခဲ့ကြောင်းလည်း သိရပါတယ်။ ဒါပေမဲ့ အမှန်တကယ်အပြင်မှာ ဖြစ်ပွားနေတဲ့ လုယက်မှုတွေက ဒီထက်မက များနေတာဟာ အမှန်ပင်ဖြစ်ပါတယ်။ လုယက်ခံရသူအများစုမှာ ဘက်ထရီဆိုင်ကယ် စီးသူများနဲ့ မိန်းကလေးတွေ ဖြစ်နေတာကို တွေ့ရပါတယ်။

လုယက်သူတွေကတော့ အသက် ၁၄နှစ်မှ ၂၀ကြားရှိတဲ့ လူငယ်တွေသာဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ရဲမှူးမြင့်သိန်းက ပြောပါတယ်။ ရဲတပ်ဖွဲ့အင်အားက ဖွဲ့စည်းပုံနဲ့ဆိုရင်လောက်တယ်။ မနည်းဘူး။ ဒါပေမဲ့ လုပ်ရတဲ့လုပ်ငန်းခွင်အရ အားနည်းမှုတွေတော့ ရှိပါတယ်ဟု

လည်း ရဲမှူးမြင့်သိန်းကဆိုပါတယ်။

လူဦးရေ သုံးသိန်းကျော်ရှိတဲ့ မြစ်ကြီးနားမြို့တွင် ရဲအင်အား ၁၈၉ ယောက်ရှိတဲ့အတွက် ပျမ်းမျှတွက်ကြည့်ပါက မြစ်ကြီးနားမြို့နယ်တွင် ရဲတစ်ယောက်ဟာ ပြည်သူ ၁၆၀၀၀ကို စောင့်ရှောက်နေရပါတယ်။

“ကျွန်တော်တို့မှာလည်း လုပ်ရတာက နေ့ပိုင်းမှာ ရုံးအလုပ်လုပ်တယ်။ ညပိုင်းမှာ ကင်းလှည့်ရတယ်။ နေ့ပိုင်းမှာ သတင်းလိုက်တယ်။ တခြား လုံခြုံရေးလည်း လုပ်တယ်။ ညနက်ပိုင်းကျတော့ ကျနော်တို့က နှစ်ဖွဲ့ပဲထွက်နိုင်တယ်။ လုံခြုံရေးအားနည်းသွားတယ်။ အဲလိုဟာတွေ ပေါ့”ဟု ရဲမှူးမြင့်သိန်းက ပြောပါတယ်။ ပြီးတော့ လုယက်မှုတွေ လျော့နည်းလာအောင် လူငယ်များ အလုပ်အကိုင်ရရှိရန် အလုပ်အကိုင် ဖန်တီးပေးရန် လိုအပ်ကြောင်း၊ တရားမဝင်တဲ့ အပေါင်ဆိုင်များလည်း ပိတ်ပင်ရန် လိုအပ်ကြောင်းနှင့် ၁၀အိမ်မှူးတွေလည်း ပိုမိုအလုပ်လုပ်ရန် လိုအပ်ပါတယ်လို့ ရဲမှူးမြင့်သိန်းက ဆက်ဆိုပါသေးတယ်။

ကချင်ပြည်နယ် ဒီမိုကရေစီပါတီ ဥက္ကဌ ဒေါက်တာတူးဂျာကလည်း လုယက်မှုတွေလျော့နည်းလာဖို့ လူငယ်တွေကို ပညာပေးဟောပြော မှုတွေ၊ သင်တန်းတွေ လုပ်ဆောင်ပေးရမယ်။ အစိုးရကတာဝန်ယူပြီး လူငယ်တွေ အလုပ်လက်မဲ့ နည်းပါးသွားအောင် အလုပ်အကိုင်တွေ ဖန်တီးပေးရမယ် ဖြစ်တယ်လို့ အကြံပြုပါတယ်။ ပြီးတော့ ရဲအင်အား လည်း လုံလောက်မှုရှိရမယ်လို့လည်း ပြောပါတယ်။

“ရဲအင်အားလည်း အလုံအလောက် ရှိရမယ်။ နောက်ပြီး ရဲတွေလည်း လုပ်ငန်းကျွမ်းကျင်မှု တာဝန်ကျေပွန်မှု ရှိရမယ်။ တချို့က တာဝန်မယူဘူး အချောင်ခိုတယ်၊ တာဝန်ခံမှုမရှိဘူး။ ဒါမျိုး ရဲတွေလည်းရှိတာပဲ။ ဒါမျိုးမဟုတ်ပဲ တကယ်စည်းကမ်းတကျနဲ့ တာဝန်ကျေကျေ ထမ်းဆောင်မယ့် ရဲတပ်ဖွဲ့တွေလည်း လိုအပ်တာပေါ့။”ဟု ဒေါက်တာ တူးဂျာက ပြောပါတယ်။

ဖားကန့်မြို့နယ်က ပြည်နယ်လွှတ်တော်အမတ်တစ်ဦးဖြစ်ပြီး အန်အယ်ဒီ ပါတီရဲ့နာယက ဦးဒရီလဆိုင်းကလည်း လုံခြုံရေး မကောင်းတဲ့အတွက် လုယက်မှုတွေ ဖြစ်ပွားနေရကြောင်း သုံးသပ်ပါတယ်။ ဒါ့အပြင် ရပ်ကွက်များတွင်ရှိသည့် လမ်းမီးများကိုလည်း ပိုမိုထွန်းပေးဖို့ လိုအပ်ကြောင်းလည်း ပြောပါတယ်။ အဆိုပါလုယက်မှု ပြဿနာကို

လုယက်သူတွေကတော့ အသက် ၁၄နှစ်မှ ၂၀ကြားရှိတဲ့ လူငယ်တွေသာဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ရဲမှူးမြင့်သိန်းက ပြောပါတယ်။ ရဲတပ်ဖွဲ့အင်အားက ဖွဲ့စည်းပုံနဲ့ဆိုရင်လောက်တယ်။ မနည်းဘူး။ ဒါပေမဲ့ လုပ်ရတဲ့လုပ်ငန်းခွင်အရ အားနည်းမှုတွေတော့ ရှိပါတယ်ဟုလည်း ရဲမှူးမြင့်သိန်းကဆိုပါတယ်။

လွှတ်တော်တွင် တရားဝင် ဆွေးနွေးမှုမရှိသလို ယခုလောလောဆယ် ၌လည်း ဆွေးနွေးဖို့ မရှိကြောင်း ဆိုပါတယ်။

ညအချိန်သာမက နေ့လည်ပါ လုယက်မှုတွေ ပိုပိုများလာတဲ့အတွက် မြစ်ကြီးနား ဒေသခံများက ညအချိန်အပြင်ထွက်သူ နည်းလာတာကို တွေ့ရပါတယ်။ ကိုယ်ကိုယ်တိုင် မကြုံဖူးသော်လည်း ကိုယ့်ရဲ့ပတ်ဝန်းကျင် တွင် မကြာခဏကြားနေရတဲ့အတွက် အပြင်ထွက်ဖို့ ကြောက်နေကြပါ တယ်။

အမျိုးသမီးသာမက အမျိုးသားတွေကလည်း ဓါးဖြင့်ခုတ်ပြီး လုယက် ခံရမှုတွေ များတဲ့အတွက် မလုံခြုံသလိုခံစားလာရပြီး ညအချိန်တွင် ဆိုင်ကယ်ဖြင့် အပြင်ထွက်သူ နည်းပါးလာသည်ကို တွေ့ရပါတယ်။ နေ့ခင်းကြောင်တောင် အများသွားလမ်းတွင် လုယက်ခံထားရသူ ဒေါ်တောင်ရာကလည်း လုယက်ခံရပြီးနောက် ယခုချိန်ထိ ကြောက်ရွံ့ နေဆဲဖြစ်ကြောင်း ပြောပြပါတယ်။

“ဆိုင်ကယ်မောင်းရင်း တန်းလန်းတောင်မှ ဘာဖြစ်သလဲ ရှေ့မှာဘာဖြစ် နေသလဲ ကိုယ်ဘေးနားမှာ ကောင်လေးယောက်ျားလေးတွေ လာရင်တောင်မှ ဟာဒါတွေက လူကောင်းလား လူဆိုးလားဆိုပြီးမှ ကိုယ်ကဒါတွေတောင်မှ တွေးပြီးကြောက်နေရတယ်။ ဆိုင်ကယ်မောင်း နေရင်းတောင်မှ တုန်တယ်။ လက်နှစ်ဖက်စလုံးတုန်တယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဆုတောင်းပြီးမှ ထွက်တယ်”





"အစိုးရမဟုတ်ပဲနဲ့တော့ ဘယ်လိုမှ NLD ဟာ ငြိမ်းချမ်းရေးကို ဖြစ်မြောက်နိုင်အောင် လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ဒါဟာ အမှန်တရားပဲ။ ဆိုတော့ ကျွန်မတို့ကို တာဝန်ယူစေချင်ရင် ကျွန်မတို့ကို တာဝန်ပေးရမယ်။ တာဝန်ပေးတယ်ဆိုတာ ကျွန်မတို့ကို အစိုးရဖွဲ့နိုင်ဖို့အတွက် မဲပေးဖို့ပြောတာပါ။" ဟု ဒေါ်အောင်ဆန်းစုကြည်က မြစ်ကြီးနားတွင် မဲဆွဲဟောပြောခဲ့စဉ် ပြည်သူများအား ပြောကြားခဲ့သည်။

# ကချင်ပြည်နယ် တစ်နှစ်သားအစိုးရ၏ မီဒီယာနှင့် နိုင်ငံရေးပေါ် ထုတ်ပြန်သည့် ရီပို့ကဒ်

By Maran
11 May 2017

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရအဖွဲ့က အစိုးရတာဝန် ထမ်းဆောင်နေသည်မှာ တနှစ် ကျော်လာခဲ့ပါပြီ။

အစိုးရတာဝန်သာမက ပြည်သူများထံမှ မျော်လင့်ချက်များစွာကို လက်ခံရရှိထားသည့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရ ဦးဆောင်သည့် ကချင်ပြည်နယ်အစိုးရသည် တစ်နှစ်ကျော်ကာလအတွင်း ပြည်သူများ သိသာမြင်သာ တွေ့မြင်နေသည့် ပြောင်းလဲမှုတစ်ခုတော့ ရှိခဲ့သည်။

ထိုအရာက ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့ပေါ်ရှိလမ်းများ ယခင်ထက် သိသိသာသာ ပြုပြင်လာခြင်း ပြင်ဖြစ်သည်။

လမ်းတွေကို ဒီချုပ်အစိုးရက ပြုပြင်လိုက်ပြီ ဖြစ်သော်လည်း ဝမ်းနည်းစရာ ကောင်းသည်မှာ အရိပ်အာဝါသအတွက်၊ သဘာဝပတ်ဝန်းကျင်အတွက် ခိုလှုံစရာဖြစ်သော နှစ်ရှိသက်တမ်း ရှည်ကြာ သစ်ပင်များကို ခုတ်ပစ်လိုက်ခြင်း ဖြစ်ပါသည်။ လမ်းများ လုပ်လာသလို တစ်ဖက်တွင်လည်း မြို့အဝင်ဂိတ်များကို လေလံပေးပြီး ငွေကြေး စနစ်တကြပိုမိုကောက်ခံလာသည်ကို တွေ့ရသည်။

ကချင် နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ခလမ်ဆမ်ဆွန်က "အားရမှုတွေကတော့ အများကြီးတော့ မတွေ့ရဘူး။ ကားလမ်းတွေ လမ်းတံတားတွေ လုပ်တာတော့ တွေ့ရတာပေ့ါ။ ဒါပေမဲ့ တကယ်တမ်း ကျွန်တော်တို့ ဒီမိုကရေစီ အစိုးရရဲ့တာဝန်ယူမှု ပီပြင်တဲ့ ဘက်မှာတော့ အားရမှုတော့ မတွေ့ရဘူးပေ့ါ။"ဟု ဆိုသည်။

အစိုးရကသာ ငြိမ်းချမ်းရေး ဖြစ်စဉ်အောင်မြင်အောင် ဆောင်ရွက်နိုင်ခွင့် ရှိသည့်အတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို ယင်းတာဝန် ယူစေချင်ပါက အစိုးရအဖွဲ့ဖွဲ့နိုင်ရန် အပြတ်သတ်မဲပေးရန် လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၅ အောက်တိုဘာ ၂၈နေ့၌ မြစ်ကြီးနားမြို့ မနောင်ဥယာဉ်တွင် မဲဆွဲဟောပြောစဉ် ပြောကြားခဲ့ပါသည်။

"အစိုးရမဟုတ်ပဲနဲ့တော့ ဘယ်လိုမှ NLD ဟာ ငြိမ်းချမ်းရေးကို ဖြစ်မြောက်နိုင်အောင် လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ဒါဟာ အမှန်တရားပဲ။ ဆိုတော့ ကျွန်မတို့ကို တာဝန်ယူစေချင်ရင် ကျွန်မတို့ကို တာဝန်ပေး ရမယ်။ တာဝန်ပေးတယ်ဆိုတာ ကျွန်မတို့ကို အစိုးရဖွဲ့နိုင်ဖို့အတွက် မဲပေးဖို့ပြောတာပါ။" ဟု ဒေါ်အောင်ဆန်းစုကြည်က မြစ်ကြီးနားတွင် မဲဆွဲဟောပြောခဲ့စဉ် ပြည်သူများအား ပြောကြားခဲ့သည်။

ပင်လုံစာချုပ်ကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲအောင်မှ လုပ်ဆောင်နိုင် မည် ဖြစ်သည့်အတွက် မဲပေးကြရန်လည်း ပြောဆိုခဲ့သေးသည်။ ပြည်တွင်းစစ်ဒဏ်ကို နှစ်ပေါင်း ၆၀ကျော်ခံခဲ့ရသည့် ကချင်ပြည်သူများ

သည် သူတို့မျှော်လင့်နေသော ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရန် ဒီချုပ်ကို ကယ်တင်ရှင်ပမာ မဲပေးခဲ့ကြခြင်းဖြစ်သည်။

သို့သော် လက်ရှိကချင်ပြည်နယ်အစိုးရသည် တစ်နှစ်ပြည့်သည့်အချိန်ထိ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ဘာတစ်ခုမှ လုပ်ဆောင်သည်ကို မတွေ့ရသေးပေ။

ကချင်ပြည်နယ်ရှိ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ PCG အဖွဲ့နှင့်ပြင် တစ်ကြိမ်မျှမှ တရားဝင် တွေ့ဆုံပြီး ငြိမ်းချမ်းရေးအကြောင်း ပြောဆိုဆွေးနွေးမှု မရှိသေးကြောင်း ဦးလမိုင်ဂွမ်ဂျာကဆိုသည်။

“ကျွန်တော်တို့ PCG အဖွဲ့နဲ့ခေါ်ပြီး တရားဝင်တွေ့ဆုံတာတော့ မရှိသေးဘူး။ တစ်ခါတစ်လေ ဝန်ကြီးချုပ်အိမ်သွားတာမျိုး၊ နယ်လုံဆီ လိုအပ်လို့သွားတာမျိုး အဲဒါတွေထက်ပိုပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေနဲ့ဆိုင်ပြီး ဘယ်လိုလုပ်ဆောင်နေတယ်။ ဘာအခက်အခဲတွေ ဖြစ်နေတယ်။ ဘယ်လိုပူးပေါင်းပြီး လုပ်ဆောင်မယ်ဆိုတဲ့ဟာတွေ ဘာတစ်ခုမှလည်း မရှိဘူး။ သူတို့ဟာ သူတို့လည်း ငြိမ်းချမ်းရေးနှင့်ဆိုင်ပြီး ဘာမှ လုပ်ဆောင်တာ မရှိဘူး၊ အခုထိတော့။”ဟု ဦးလမိုင်ဂွမ်ဂျာကဆိုသည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မြစ်ကြီးနားတွင် ရုံးထိုင်သည့် ကေအိုင်အို နည်းပညာအဖွဲ့ (TAT)၏ သွားလာမှုကို ခွင့်ပြုစာ ထောက်ခံစာတွေတော့ ရေးပေးလျှက်ရှိကြောင်းဆိုသည်။

သို့သော် တစ်ခါတစ်လေ ဝန်ကြီးချုပ်က ခွင့်ပြုသော်လည်း စစ်တပ်က ပိတ်ပင်သည့်အတွက် မသွားဖြစ်သည့် ခရီးတွင်လည်း များစွာရှိကြောင်း ဆိုသည်။ ငြိမ်းချမ်းရေးကိစ္စတွင် လုပ်ဆောင်မှုမတွေ့ရ သော်လည်း ဒုက္ခသည်တွင်ဘက်မှ ယခုအစိုးရက ပိုပြီးလုပ်ဆောင်မှုများ ရှိကြောင်း ဆိုသည်။

သို့သော် အစိုးရထိန်းချုပ်နယ်မြေ မဟုတ်သော ဒေသများတွင်မှ ယခင်အစိုးရထက် သွားလာမှုတွင် ခက်ခဲပြီး ရိက္ခာပို့ဆောင်ရာတွင် အခက်အခဲပိုမိုများပြားလာသည်ကို တွေ့ရကြောင်းလည်း ဒေါက်တာ ဆမ်ဆွန်ကဆိုသည်။

လိုင်ဇာမှ ကေအိုင်အို အရာရှိတစ်ဦးက “အစိုးရက လုပ်တယ်ဆိုပေမဲ့ အထွေထွေထွေအုပ်ချုပ်ရေး ယန္တယားက အရင်ကလူတွေပဲ ဖြစ်နေတယ်။ ဒါကြောင့် သူတို့က အုပ်ချုပ်ရေးစနစ်မှာ ထိန်းချုပ်လို့ရတာတွေမရှိဘူး။”ဟု လက်ရှိအစိုးရ လုပ်ဆောင်နေမှုများအပေါ် ၎င်း၏အမြင်ကို ပြောသည်။ လက်ရှိအစိုးရလက်ထက်တွင် ယခင်ထက် ပိုဆိုးလာသည့် ကိစ္စတစ်လုလည်း ရှိနေပါသေးသည်။ ထိုကိစ္စသည် အခြားမဟုတ် ကချင်ပြည်နယ်အစိုးရနှင့် မီဒီယာထိတွေ့မှု ပိုမိုနည်းလာခြင်းပြင်ဖြစ်သည်။

“အစိုးရနဲ့မီဒီယာ ဆက်ဆံရေးက အရင်အစိုးရထက်တောင် ပိုပြီးမှကျပ်တယ်။ အရင်အစိုးရထက်တောင်မှပိုပြီး သတင်းယူတာ အခက်အခဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် ဗဟိုချုပ်ကိုင်မှုတအားများတယ်။”ဟု မြစ်ကြီးနားဂျာနယ် အယ်ဒီတာချုပ် မဆိုင်းမိုင်က ဆိုသည်။

ကချင်ပြည်နယ်အစိုးရသည် အစိုးရသက်တမ်း တစ်နှစ်ကျော်လာပြီး ဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမှ မီဒီယာများနှင့်တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲများ လုပ်ဆောင်ခြင်း မရှိကြောင်းလည်းဆိုသည်။

“မြစ်ကြီးနားဂျာနယ်အနေနဲ့ သူတက်ခါစတစ်ခါပဲ အင်တာဗျူးရတယ်။ အဲချိန်က သူ့ဆီက ဘာမှမရဘူး။ အခုမှတက်မှာမို့ ဘာမှမပြောနိုင်သေးပါဘူး။ အခုတစ်နှစ်တောင်ကျော်နေပြီ သတင်းထောက်တွေ ဝန်ကြီးချုပ်ကိုသွားပြီးမှ မေးတယ်။ မအားသေးဘူး။ စာဖတ်နေတယ်။ မရှိဘူး၊ ဆိုတော့ ပြောရေးဆိုခွင့် ထားပေးတယ်။ ပြောရဲဆိုခွင့်ကို ကိုယ်တွေက စာသင်ရမယ်ဆိုလို့ တင်တယ်။ မေးခွန်းတင်ပေးပါ တင်ပေးတယ်။ မေးခွန်းထိတင်ပေးတယ်။ ဒီမေးခွန်းတင်တာ ၅ လ ၆ လရှိပြီ အခုထိ ပြန်စာမလာဘူး။”ဟုလည်းဆိုသည်။

ကချင်ပြည်နယ်တွင် ပြောရေးဆိုခွင့်ရှိသူအဖြစ် ဥပဒေချုပ် ဦးဒီဆင်ရမ်အား ခန့်ထားသော်လည်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူကလည်း မည်သည့်အကြောင်းအရာပဲမေးမေး မသိဘူးပဲဖြေဆိုလျှက်ရှိသည်ဟု ဆိုသည်။

“အစိုးရက တစ်ဖြည်းဖြည်း ပြည်သူတွေနဲ့ ပိုပိုဝေးသွားတယ်လို့မြင်တယ်။ မီဒီယာကို သူတို့ပွင့်လင်းမြင်သာမှု မရှိလေလေ မီဒီယာကို သူတို့ရှောင်လေလေ မီဒီယာကို သူတို့မဖြေလေလေ ပြည်သူနဲ့ သူတို့ပိုပြီးဝေးသွားမှာ။ ပြည်သူရဲ့ သိပိုင်ခွင့်မပေးရင် ပြည်သူရဲ့အခွင့်အရေးကို ချိုးဖောက်တာနဲ့တူတူပဲ။”ဟု မဆိုင်းမိုင်က ဆက်လက်ဆိုသည်။

အစိုးရတစ်နှစ်ပြည့်ခဲ့ပြီ ဖြစ်သော်လည်း ကချင်ပြည်နယ်ဝန်ကြီးချုပ်အား မီဒီယာပေါ်တွင် မတွေ့ရသည့်အတွက် ပြည်သူအများစုသည် ကချင်ပြန်နယ်ဝန်ကြီးချုပ် မည်သူဖြစ်သည်ကိုပြင် မသိသူများနေသေးသည်ကိုလည်း တွေ့ရသည်။ ပြီးနောက် အစိုးရ၏ လုပ်ဆောင်ချက်များကိုလည်း ပြည်သူတွေ မသိရှိကြပေ။

“လက်ရှိအစိုးရလက်ထက်မှာ သတင်းယူတဲ့အပိုင်းမှာ လွတ်လပ်သလိုနဲ့.. အဆင်မပြေဘူး။ အစိုးရရုံးတွေမှာ သတင်းမေးရင် အထက်အောက်လွှဲချနေကြသလိုပဲ။ ပြီးတော့မီဒီယာ ပြန်ကြားရေးမရှိတော့ မီဒီယာနဲ့ အစိုးရ အတူအလုပ်လုပ်လို့ မရဘူး။ အရင်ထက် အစိုးရဌာနဆိုင်ရာတွေမှာ သတင်းယူရတာအဆင်မပြေဘူး..”ဟု မြစ်ကြီးနား နယ်ခံသတင်းထောက်တစ်ဦးက ဆိုသည်။

လက်ရှိအစိုးရလက်ထက်တွင် ပိုမိုကောင်းမွန်လာသည်ကို သိပ်မတွေ့ရပဲ ပိုဆိုးလာသည်များကိုပြင် တွေ့ရသည်။ သိသိသာသာ ဆိုးရွားလာသည့် နောက်တစ်ခုကို ပြောရမည်ဆိုရင် မြို့ပေါ်မှာ နေ့ခင်းကြောင်တောင် မကြာခဏဖြစ်ပွားနေသည့် လုယက်မှုများ ဖြစ်သည်။

ဒီချုပ်အစိုးရကို ပြည်သူများမျှော်လင့်သည်မှာ ငြိမ်းချမ်းရေး

ကောင်းမွန်လာဖို့နှင့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာဖို့ ဖြစ်သည်။

NLD အစိုးရ၏ အခက်အခဲတစ်ခုမှာ ဗဟိုရဲ့ချုပ်ကိုယ်မှု အလွန်များနေခြင်း ဖြစ်ကြောင်း ဗဟိုရဲ့အမိန့်ရမှ လုပ်ပိုင်ခွင့်များ ရှိနေသည့်အရာများ များနေသေးသည့်အတွက် လုပ်ငန်းများလုပ်ဆောင်ရာတွင် သွက်လက်မှု မရှိကြောင်းကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီ ဒေါက်တာတူးဂျာက ဆိုသည်။

"ပြည်နယ်အစိုးရအနေနဲ့လည်း လုပ်ငန်းကျွမ်းကျင်မှု အားနည်းတယ်။ လုပ်ဆောင်ချက်တွေကို ထင်သလောက် မပေါက်ရောက်၊ မအောင်မြင် တာလည်း ရှိနိုင်တယ်လို့ထင်တယ်။"ဟု ဒေါက်တာတူးဂျာက လက်ရှိ အစိုးရအပေါ် သုံးသပ်ပြောဆိုသည်။

ပြည်သူများသည် အန်အယ်ဒီအစိုးရ တာဝန်ယူထားသည့် အစိုးရ သက်တမ်းတွင် ဒီမိုကရေစီကို ပီပြင်စွာ ဖော်ဆောင်ဖို့နှင့် ပေါ်လစီများ၊ နိုင်ငံရေးများ၊ တိုင်းရင်းသားလူမျိုးစုများ၏ အာဏာခွဲဝေရေးများကို ပီပီပြင်ပြင် လုပ်ဆောင်သွားသည်ကို မြင်တွေ့ချင်ကြကြောင်း ဒေါက်တာဆမ်ဆွန်ကဆိုသည်။

ယခုအစိုးရသက်တမ်း တစ်နှစ်အတွင်းမှာ တိုင်းရင်းသားများ မျှော်လင့် နေသော ဖက်ဒရယ်ပြည်ထောင်စုဘက်ကို မရောက်နိုင်ကြောင်းကို တွေ့ရကြောင်းလည်း ဆိုသည်။ ဒေါက်တာ ဆမ်ဆွန်က လက်ရှိ အစိုးရအပေါ် ၎င်း၏မျှော်လင့်ချက်ကို "ကျနော်ကတော့ ဖွံ့ဖြိုးရေးထက် ဖက်ဒရယ်ပြည်ထောင်စုကိုပဲ ဦးစားပေး ဖော်ဆောင်စေချင်တယ်"ဟု ပြောဆိုလိုက်ပါသည်



# ၆နှစ်ပြည့်ခဲ့ပြီ

By Maran
9 June 2017

မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့၏ တစ်ကျော့ပြန်စစ်ပွဲ ၆နှစ်တိုင် တိုင်ပြည့်ခဲ့လေပြီ။ ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည့် အစိုးရနှင့် ကေအိုင်အေသည် ၂၀၁၁ ခုနှစ် ဇွန်လ ၉ရက်နေ့တွင် တိုက်ပွဲပြန်လည်ဖြစ်ပွား ခဲ့ကြသည်။

ကချင်စစ်ပွဲတစ်ကျော့ပြန် ပြန်လည်ဖြစ်ပွားခဲ့သည့် ၆နှစ်တာ ကာလ ပတ်လုံး တိုက်ပွဲပေါင်း (၃၅၀၀)ခန့် ဖြစ်ပွားခဲ့ပြီး တပ်မတော်သားများနှင့် ကေအိုင်အေ တပ်သားများ၏ များစွာသော အသက်များကို စတေးခဲ့ ကြပြီဖြစ်သည်။

နိုင်ငံတော် သမ္မတဟောင်း ဦးသိန်းစိန် လက်ထက်တွင် စတင်ဖြစ်ပွားခဲ့ သည့် တိုက်ပွဲသည် ယခင်အစိုးရ လက်ထက်ကတည်းက ငြိမ်းချမ်းရေး ရအောင် ကြိုးပမ်းလာခဲ့သည်မှာ ယခု NLD အစိုးရလက်ထက်အထိပြင် ဖြစ်သည်။ သို့သော် ငြိမ်းချမ်းရေးရအောင် အကြိမ်ကြိမ် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နေသော်လည်း ကချင်တကျော့ပြန်တိုက်ပွဲ ၆နှစ်ပြည့်သည် အထိ တပ်မတော်နှင့် ကေအိုင်အေတို့ကြား တိုက်ပွဲများ ဆက်လက် ဖြစ်ပွား နေဆဲဖြစ်သည်။

၂၀၁၁ ခုနှစ်မှ စတင်ပြီး တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင် နေရသည့် စစ်ဘေးဒုက္ခသည်များ၊ နေရပ်ပြန်ချိန် မျှော်လင့်နေကြချိန် တနိုင်းဒေသတွင် လောလောလတ်လတ် တိမ်းရှောင်လာသည့် ထောင်နှင့်ချီသော ပြည်သူများသည် ဒုက္ခနှင့်ကြုံတွေ့နေရသည်။

"မမျှော်လင့်ပဲ သေနတ်သံတွေပဲ ဆက်တိုက်ကြားနေရပြီး ကြောက်နေ ချိန်၊ လေယာဉ်ပြန်နဲ့ စာရွက်လာကြဲတာ စာကောက်ရတော့ ကြောက်ပြီး၊ ကြောက်လို့ထွက်ပြေးလာရတာ။"ဟု တနိုင်း၊ နမ်ဗျူကျေးရွာမှ လောလောလတ်လတ် တနိုင်းမြို့သို့ ထွက်ပြေးတိမ်းရှောင်လာသည့်



ကချင်စစ်ပွဲတစ်ကျော့ပြန်
ပြန်လည်ဖြစ်ပွားခဲ့သည့် ၆နှစ်တာ
ကာလပတ်လုံး တိုက်ပွဲပေါင်း (၃၅၀၀)
ခန့် ဖြစ်ပွားခဲ့ပြီး တပ်မတော်သားများနှင့်
ကေအိုင်အေ တပ်သားများ၏ များစွာသော
အသက်များကို စတေးခဲ့ကြပြီဖြစ်သည်။

နယ်မြေမလုံခြုံသည့်အတွက် တနိုင်းမြို့သို့
စစ်ဆေးမှုများစွာ ကျော်ဖြတ်ပြီး
ထွက်ပြေးတိမ်းရှောင်လာခဲ့ကြသည့်
ဒုက္ခသည်များသည် တနိုင်းမြို့သို့
ရောက်လျှင်လည်း ကောင်ရာကျေးရွာသို့
ပြောင်းရွှေ့နိုင်းသည်ကို ကြုံတွေ့နေရဆဲ
ဖြစ်သည်။

ဒုက္ခသည်စခန်းများမှ စစ်ဘေးဒုက္ခသည်များ၏
ဘဝများသည် အသက်ရှင်နေထိုင်ရေးအတွက်
နေ့စဉ်နှင့်အမျှ ရုန်းကန်နေကြရြချိန်
အသတ်ခံကြရသူများလည်း ရှိခဲ့သည်။

အသက်(၄၇)နှစ်အရွယ် ဒေါ်ရွှယ်ဘူက ကချင်စစ်ပွဲ ၆နှစ်ပြည့်ချိန်မှ စစ်ဘေးဒုက္ခသည်ဘဝ စတင်လာရပုံကို ပြောပြသည်။

ဒေါ်ရွှယ်ဘူနှင့်အတူ အခြားစစ်ဘေးဒုက္ခသည်များလည်း တနိုင်းမြို့သို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ ပယင်းမော်ထဲတွင် မြန်မာနိုင်ငံတစ်ဝန်းမှ လာရောက်လုပ်ကိုင်နေသည့် လုပ်သားများလည်း ဇွန်လ ၁၅ရက်ကို နောက်ဆုံးထားပြီး ပြန်ကြရန် ထုတ်ပြန်စာကို တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ကြဲချခဲ့ပြီး နောက်ပိုင်း နေရပ်ပြန်နေကြပြီ ဖြစ်သည်။

"တပ်က ကျွန်မတို့အမျိုးသမီးတွေကိုကျတော့ အဓမ္မကျင့်တာတွေ ရှိတယ်။ အမျိုးသားတွေတွေ့ရင် သတ်တယ်။ အဲဒါတွေကို တွေ့မြင်နေရတော့ ကျွန်မတို့ဆီ ရောက်လာရင် အဲလိုဖြစ်လာမလားလို့တွေးပြီး ကြိုတင်ထွက်ပြေးတာ ဖြစ်တယ်။"ဟုလည်း ဒေါ်ရွှယ်ဘူကဆိုသည်။

နယ်မြေမလုံခြုံသည့်အတွက် တနိုင်းမြို့သို့ စစ်ဆေးမှုများစွာ ကျော်ဖြတ်ပြီး ထွက်ပြေးတိမ်းရှောင်လာခဲ့ကြသည့် ဒုက္ခသည်များသည် တနိုင်းမြို့သို့ ရောက်လျှင်လည်း ကောင်ရာကျေးရွာသို့ ပြောင်းရွှေ့နိုင်းသည်ကို ကြုံတွေ့နေရဆဲ ဖြစ်သည်။

အဆိုပါကောင်ရာကျေးရွာသည် ကေအိုင်အေနှင့် တပ်မတော် တိုက်ပွဲဖြစ်ပွားသော မိုင်ဆတ်စခန်းနှင့် ငါးမိုင်ခန့်သာ ကွာဝေးသည့် ကျေးရွာဖြစ်သည်။ ပြီးခဲ့သည့် (၄)ရက်နေ့တွင် ကောင်ရာကျေးရွာ၌ လက်နက်ကြီးကျည် ရွာထဲလေးကြိမ် ကျရောက်ပေါက်ကွဲသောကြောင့် လူထိခိုက်မှုများရှိခဲ့၍ ယင်းကျေးရွာမှ ပြည်သူများလည်း တနိုင်းမြို့သို့ ထွက်ပြေးခဲ့ရသော ရွာဖြစ်သည်။

"ကြောက်လို့ထွက်လာတာကို ခဏခဏလာစစ်တော့ ကြောက်လာပြီ။ အခုလည်း ကောင်ရာကိုပြောင်းခိုင်းတော့ ကြောက်နေတယ်။ ကောင်ရာက ဟိုတစ်လောကပဲ လက်နက်ကြီးကျပြီး လူသုံးယောက် ဒဏ်ရာရတဲ့ ရွာဟုတ်တယ်။ လုံခြုံမှုမရှိဘူး။"ဟု တိုက်ပွဲကြောင့် အင်ဂါးဂါးကျေးရွာမှ တနိုင်းကို ထွက်ပြေးလာသည့် အသက် (၇၀)နှစ်အရွယ် အဖိုးဦးလဂျာကဆိုသည်။

ကချင်တစ်ကျော့ပြန်စစ်ပွဲကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းမြောက်တွင် စစ်ဘေးဒုက္ခသည် တစ်သိန်းကျော်သည် စစ်ဘေးဒုက္ခသည်စခန်းပေါင်း ၁၆၀ ကျော်တွင် နေထိုင်နေရသည်။

ဒုက္ခသည်စခန်းများမှ စစ်ဘေးဒုက္ခသည်များ၏ ဘ၀များသည် အသက်ရှင်နေထိုင်ရေးအတွက် နေ့စဉ်နှင့်အမျှ ရုန်းကန်နေကြချိန် အသတ်ခံကြရသူများလည်း ရှိခဲ့သည်။

ပြီးခဲ့သည့် မေလကုန် ရက်ပိုင်းတွင် ကချင်ပြည်နယ် မံစီမြို့နယ် မိုင်းခေါင် စစ်ဘေးဒုက္ခသည်စခန်းမှ ဒုက္ခသည်သုံးဦးသည် နေ့စားအလုပ် အပြန်လမ်း၌ နယ်မြေခံတပ်ရင်း ခမရ (၃၁၉)မှ ဖမ်းဆီးသွားပြီးနောက် အသတ်ခံခဲ့ရသည့် ၎င်းတို့၏ အလောင်းကို ရွာသားများ ရှာဖွေတွေ့ရှိခဲ့သည်။ သေဆုံးသွားသူ သုံးဦးသည် မိသားစုအား လုပ်ကိုင်ကျွေးမွေးနေသည့် စစ်ဘေးဒုက္ခသည် ကလေးဖခင် အိမ်ထောင်ရှင်များ ဖြစ်ကြသည်။

"ကျွန်မတို့လည်း သတ်လိုက်မယ်လို့ မထင်ထားဘူး ပြန်လာမယ်ပဲထင်နေတာ။ သူတို့က ဘာရန်သူမှ မဟုတ်ဘူး။ ဒုက္ခသည်ပဲလေ။ ဒီလိုနှိပ်စက်ပြီးသတ်မယ်လို့ မထင်ထားဘူး။"ဟု သတ်ခံရသည့် ဦးနော်ခွန်၏ ဇနီး ကလေးနှစ်ယောက်၏မိခင် ကိုယ်ဝန်သည် ဒေါ်ခေါန်နန် က ပြောသည်။

၎င်းတို့သုံးဦး သတ်ခံရသည့်အမှုကို မံစီရဲစခန်းက ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

"သေနတ်ဒဏ်ရာလည်းပါတယ်။ ဓါးခုတ်ဒဏ်ရာလည်းပါတယ်။ ခေါင်းကြေမွဒဏ်ရာကြောင့် သေဆုံးတာပေါ့၊ အမှုကတော့ တည်ဆောက်ဆဲပဲ၊ ဖွင့်တာကတော့ ပုဒ်မ(၃၀၂) လူသတ်မှုနဲ့ဖွင့်ထားတယ်"ဟု မံစီစခန်းမှူး ဒုရဲမှူးအောင်ကျော်စိုးဝင်းက ဆိုသည်။

ယင်းအမှုကို သက်ဆိုင်ရာများက စိစစ်နေဆဲ ဖြစ်သည့်အတွက် အမှုနောက်ဆုံးရလဒ် ဘယ်လိုဖြစ်ပေါ်လာမည်ကို စောင့်ကြည့်နေရမည့် အမှုဖြစ်နေသေးသော်လည်း စစ်ဘေးဒုက္ခသည် ကလေးမိခင် အမျိုးသမီးသုံးဦးသည် မုဆိုးမများ ဖြစ်နေကြပြီ။ ၎င်းတို့၏ ကလေးများလည်း အဖေဟုခေါ်စရာ ဖခင်မရှိတော့ပါ။

တကျော့ပြန် ကချင်စစ်ပွဲကြောင့် ထိုသုံးဦး၏ဇနီးများနှင့် ကလေးများလို အခြားသော အမျိုးသမီးများနှင့် ကလေးငယ်များလည်း မုဆိုးမဖြစ်ခဲ့ရသူ မိခင်များ၊ ဖခင်မဲ့ ဖြစ်ခဲ့ရသူ ကလေးငယ်များ ဘ၀သို့ရောက်ခဲ့ရလေပြီ။အဆိုပါစစ်ဘေးဒုက္ခသည်သုံးဦး သတ်ခံရသည့် အချိန်သည် မေလ ၂၄ မှ ၂၉ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပခဲ့သော ၂၁ရာစုပင်လုံညီလာခံ ဒုတိယအကြိမ် အစည်းအဝေးသို့ ဒေါ်ဆောင်ဆန်းစုကြည် အပါအဝင် ကိုယ်စားလှယ်ပေါင်း ၉၀၀ကျော် တက်ရောက်ဆွေးနွေး နေချိန်နှင့်လည်း တိုက်ဆိုင်နေသည်။

အဆိုပါ ညီလာခံပြီးနောက် သိပ်မကြာသည့် ရက်တပတ်အတွင်း ထွက်ပေါ်လာသော တနိုင်း၊ ဖားကန့်ဘက်က စစ်ရေးတင်းမာမှုများ ဖြစ်ပေါ်နေချိန်မှာပဲ တကျော့ပြန်စစ် ၆နှစ်ပြည့်သည့် ဇွန်လ ၉ရက်လည်း ဆိုက်ရောက်နေပါပြီ။

၂၁ရာစု ပင်လုံညီလာခံကို တက်ရောက်ခဲ့သည့် ကေအိုင်အို ဒုတိယဥက္ကဌ ဗိုလ်ချုပ်ကြီး အင်ဘန်လကလည်း ဆက်ပြီးတော့ ဆွေးနွေးဖို့ရှိကြောင်း မကြာမကြာ ဆွေးနွေးတော့မည်ဖြစ်ကြောင်း "အောင်မြင်မယ်။ မအောင်မြင်တဲ့အလုပ်ကို မလုပ်ဘူး"ဟု သတင်းထောက်များကို ပြောဆိုခဲ့သည်။

ညီလာခံပြီးနောက် ဇွန်လ ၃ရက်နေ့၌ ကချင်လူထုခေါင်းဆောင်များနှင့် လိုင်ဇာတွင် တွေ့ဆုံခဲ့ရာ "ပင်လုံညီလာခံသွားတာ အရမ်းကို နစ်နာဆုံးရှုံးတာတော့ မဟုတ်ဘူး။ တဖက်မှာက အောင်မြင်မှုလမ်းကြောင်းကိုလည်း ရရှိခဲ့တယ်လို့ ရှင်းပြချင်ပါတယ်"ဟု ဗိုလ်ချုပ်ကြီးအင်ဘန်လက ပြောဆိုခဲ့သည်။

ပြည်သူများကလည်း အမြန်ငြိမ်းချမ်းပြီး နေရပ်ပြန်လိုကြသည်မှာ ယနေ့ဆိုလျှင် ၆နှစ်ပြည့်ခဲ့ပြီဖြစ်သည်။

နေအိမ်ကို စွန့်ခွာပြီး တနိုင်းမြို့သို့ စစ်ဘေးဒုက္ခသည်ဘ၀ကို မနေ့တနေ့က စတင်ခဲ့သည့် ဒေါ်ရွယ်ဘူက လက်ရှိအစိုးရအပေါ် ၎င်း၏ခံစားချက်အား ယခုလိုပြောဆိုခဲ့သည်။

"ကောင်းအောင် ဦးဆောင်ပြီးလုပ်မှာ မျှော်လင့်ထားတာ။ အခုလိုဖြစ်ပြီး ထွက်ပြေးနေရတော့ ဘာမှကိုမပြောတတ်တော့ဘူး။ အားလုံးကလည်း ဒေါ်အောင်ဆန်းစုကြည် တက်လာရင်တော့ ပျော်မယ်ထင်ကြတာ။"

၆နှစ်ပြည့်သော်လည်း တိုက်ပွဲများ ဆက်ဖြစ်နေဆဲဖြစ်သည်။ ဒုက္ခသည်များ တိုးလာနေဆဲဖြစ်သည်။



# ပြည်တွင်းစစ်ဒဏ်သင့်သော မြို့တစ်မြို့



မြို့အဖြစ် ဖြစ်တည်လာပုံကလည်း ကမ္ဘာ့နှစ်ပေါင်းအကြာဆုံး ပြည်တွင်းစစ်များတွင် စာရင်းဝင် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်သမိုင်းနှင့် ဆက်စပ်နေပါသည်။

ဒါ..ချိပ်..ဆမ်.. အို့..။ ဒါ..ချိပ်..ဆမ်.. အို့..။ တောင်ကျမိုးရေကြောင့် တောင်တက်လမ်း ကမ်းပါးပြိုပြီး ပိတ်မိနေသော နေရာကိုဖြတ်နိုင်ဖို့ လော်ဝေါ်စကားဖြင့် အချင်းချင်း 'တစ်၊နှစ်၊သုံး'ဟု ဩသံပေးပြီး ဆိုင်ကယ်ကို ဝိုင်းမနေကြသည့် ဒေသခံသုံးယောက်၏ အသံဖြစ်ပါသည်။ တောင်တက်လမ်းအဆုံးတွင် တောင်ထိပ်ပေါ်က မြို့ရောက်ပါပြီ။

ဒေသခံများနှင့် တာဝန်အရရောက်ရှိလာသော အစိုးရဝန်ထမ်း များက လွဲလျှင် လူအရောက်အပေါက် နည်းလှသည့် ကချင်ပြည်နယ်မှ ဆော့လော်မြို့ဖြစ်ပါသည်။ ဆော့လော်မြို့နယ်ကို သိကြသော်လည်း မြို့၏ပကတိ အခြေအနေကို လူသိနည်းလှပါသည်။ ဒီမြို့တွင်ထူးခြားသည်မှာ ကားမတွေ့ရ၊ ကတ္တရာခင်းထားသည့်လမ်း တစ်ကွက်မှမရှိပါ။ မိတစ်ချက်၊ မမိတစ်ချက် CDMA SIM card ဖုန်းလိုင်းတော့ရှိသည်။ တရုတ်နယ်စပ်နှင့် မြစ်ကြီးနားမြို့မှ တနိုင်တပိုင် သယ်ဆောင်လာသော ကုန်ခြောက် အနည်းအကျဉ်းရောင်းသည့် အိမ်ဆိုင်သေးသေးလေး များမှအပ ဈေးမရှိပါ။ လက်ဖက်ရည်ဆိုင် မရှိ။ ခေါက်ဆွဲဆိုင်တောင် မရှိပါ။ သို့သော် မြို့နယ်အဖြစ် နိုင်ငံတော်အစိုးရမှ သတ်မှတ်ထားသည်မှာ နှစ်ပေါင်း လေးဆယ်ကျော်ခဲ့ပါပြီ။ ၂၀၁၄ ခုနှစ် သန်ခေါင်စာရင်းအရ လူဦးရေ (၆၅၁၈)ရှိသော မြို့နယ်တစ်မြို့နယ်ဖြစ်ပါသည်။ မြို့အဖြစ် ဖြစ်တည်လာပုံကလည်း ကမ္ဘာ့နှစ်ပေါင်းအကြာဆုံး ပြည်တွင်းစစ်များတွင် စာရင်းဝင် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်သမိုင်းနှင့် ဆက်စပ်နေပါသည်။

## ဆော့လော်မြို့ဖြစ်လာပုံ တစေ့တစောင်း

(နောင်တွင် NDA-K ခေါင်းဆောင်များဖြစ်လာသည့်) KIA အရာရှိ ဇခုန်တိန့်ယိန်း (Zahkung Ting Ying)နှင့် လရောက်ဇယ်လွမ်း (Layawk Zelum) ဦးဆောင်သော ကေအိုင်အေ စစ်သားများ ဗကပ (ဗမာပြည်ကွန်မြူနစ်ပါတီ)နှင့် ပူးပေါင်းသွားခြင်း မတိုင်ခင်၊ ၁၉၇၃ မှ ၁၉၆၈ ခုနှစ်အထိ KIA တပ်စခန်းချနေထိုင်ခဲ့သည့် ဒေသဖြစ်ကြောင်း အသက်၇၄နှစ်အရွယ် ဒေသခံဖြစ်သူ ဦးခေါင်လွမ်းက ပြောပြသည်။

ထိုသို့ KIA စစ်သားများ ဘက်ပြောင်းသွားပြီးနောက်တွင် မြန်မာအစိုးရတပ်က လာရောက် အခြေချခဲ့သည်။ အစိုးရတပ် စခန်းချနေထိုင်ပြီးနောက် အခြားအစိုးရဌာနဆိုင်ရာ ဝန်ထမ်းများလည်း လုံခြုံရေးအရ တပ်ကို အမှီအခိုပြု နေထိုင်ခဲ့ရာမှ ယခုလက်ရှိ ဆော့လော်မြို့နေရာတွင် လူနေများလာ၍ ဆော့လော်မြို့ဖြစ်လာရခြင်းဖြစ်သည်။ မူလဆော့လော်ကို အောက်ဆော့လော်ဟု ပြန်ပြောင်းခေါ်ပြီး ယနေ့အချိန်ထိ ရွာလေးတစ်ရွာအဖြစ် တည်ရှိနေပါသည်။

ရဲစခန်းတည်ထားသည့်ကုန်းကို လော်ဝေါ်စကားဖြင့် 'ဝစ်ဘန်းဒမ်း'ဟု ခေါ်ပြီး အခုမြို့တည်ထားသော တောင်ကို 'ဒုတ်ဘုတ်'ဟု ခေါ်သည်ဟု မြို့ပတ်လမ်းလျှောက်နေချိန်တွင် ဘာသာရေးဆရာတစ်ဦးက ပြောပြသည်။ 'ဝစ်ဘန်းဒမ်း'သည် ရေအိုင်ဟု အဓိပ္ပါယ်ရပြီး 'ဒုတ်ဘုတ်'သည် ဒုတ်တောင်ဟု ပြောနိုင်ကြောင်း ရှင်းပြသည်။

လက်ရှိ ရဲစခန်းတည်ရှိသော 'ဝစ်ဘန်းဒမ်း' ကုန်းတွင် ရှေ့ယခင်က ရေအိုင် တကယ်ရှိခဲ့သည့် နေရာဖြစ်ကြောင်း ဒေသခံများက ပြောပြကြသည်။ ရဲစခန်းကုန်းတွင် ရေအိုင်ပုံစံချိုင့်ကိုမြေဖို့ပြီး ဘော်လီဘောကွင်း လုပ်ထားသည်ဟု အသက်ငါးဆယ်ကျော် နယ်ခံရဲတပ်ကြပ်ကြီးက ပြောပြသည်။

## ဆော့လော်မြို့၏ မြင်ကွင်း

ဆော့လော်မြို့သို့ စဝင်လိုက်လျှင် နွမ်းစုတ်စုတ် ဆေးရုံကို ဘယ်ဘက်အခြမ်း၌ တွေ့ရသည်။ ညာဘက်ခြမ်းတွင် ဝစ်ဘန်းဒမ်းကုန်း၌







ရဲစခန်းတည်ထားသည့်ကုန်းကို လော်ဝေါ်စကားဖြင့် 'ဝစ်ဘန်းဒမ်း'ဟုခေါ်ပြီး အခုမြို့တည်ထားသော တောင်ကို 'ဒဂုတ်ဘုတ်'ဟု ခေါ်သည်ဟု မြို့ပတ်လမ်းလျှောက်နေချိန်တွင် ဘာသာရေးဆရာတစ်ဦးက ပြောပြသည်။ 'ဝစ်ဘန်းဒမ်း'သည် ရေအိုင်ဟု အဓိပ္ပါယ်ရပြီး 'ဒဂုတ်ဘုတ်'သည် ဒဂုတ်တောင်ဟု ပြောနိုင်ကြောင်း ရှင်းပြသည်။

တည်ဆောက်ထားသော ရဲစခန်းကိုတွေ့ရသည်။ တောင်စောင်းကမ်းပါးကို မြေညှိထားသည့် ဘောလုံးကွင်း ကျဉ်းကျဉ်းလေးကို ဆေးရုံဝင်းကျော်ပြီးလျှင် တွေ့ရမည်ဖြစ်ပါသည်။ ခနော်နီခနော်နဲ့ မြို့လမ်းမအတိုင်း ဆက်လျှောက်သွားလျှင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီအလံ ထောင်ထားသည့် လွှတ်တော် ကိုယ်စားလှယ်ရုံးနှင့် မျက်နှာချင်းဆိုင်ဘက်တွင် NLD ပါတီနှင့် လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဆိုင်းဘုတ်များကို တစ်ဆက်တစ်စပ် တွေ့ရပါသည်။ မြို့လမ်းမအတိုင်း ဆက်လျှောက်သွားလျှင် ဆော့လော် အထက်တန်းကျောင်းသို့ ရောက်ရှိသွားပါသည်။ ဆော့လော်မြို့နယ်၏ တစ်ခုတည်းသော အထက်တန်းကျောင်းဖြစ်ကြောင်း သိရသည်။

## အလားအလာ မကောင်းသေးသော ပညာရေး

၂၀၁၅ – ၂၀၁၆ ပညာသင်နှစ်တွင် ဆယ်တန်းဖြေဆိုသူ အယောက် ၂၀ ကျော်ထဲက တစ်ယောက်မှ မအောင်မြင်ခဲ့သည့် ကချင်ပြည်နယ်က ကျောင်းတစ်ကျောင်းဖြစ်သည်။ ၂၀၁၇ ဇွန်လတွင် ထွက်ရှိသည့် ဆယ်တန်းအောင်စာရင်းတွင် ဆော့လော်ကျောင်းမှ ဖြေဆိုသူ သုံးဆယ်ဝန်းကျင်ထဲက (၄)ယောက် အောင်မြင်ခဲ့သည်။ ၎င်း၄ယောက်ထဲမှ ၂ယောက်သည် အပြင်ဖြေများဖြစ်ကြောင်း ဆယ်တန်းဖြေဆိုကျရှုံးခဲ့သူ မိန်းကလေးတစ်ယောက်က ပြောသည်။

မြို့နယ်တစ်မြို့နယ်၏ အထက်တန်းကျောင်း ဖြစ်သော်လည်း စာစစ်ဌာနမရပဲ ချီဖွေစာစစ်ဌာနတွင် သွားရောက် ဖြေဆိုရသည်။ အတန်းတင်စာမေးပွဲ ဖြေဆိုခါနီးတွင် ဆော့လော် အထက်တန်းကျောင်းမှ ဆယ်တန်းကျောင်းသူ ကျောင်းသားများသည် ချီဖွေမြို့သို့ သွားရောက်ပြီး သက်ဆိုင်ရာမှ စီမံပေးသည့် အဆောင်တွင် စုပေါင်းနေထိုင်ကြရကြောင်း သိရသည်။

ဆော့လော်မြို့၏ ပညာရေးအခြေအနေ ဆိုးရွားနေရခြင်းသည် ဖွံ့ဖြိုးမှုနိမ့်ကျနေပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေခြင်းနှင့်လည်း သက်ဆိုင်နေသည်ဟု ဒေသခံများက သုံးသပ်ကြပါသည်။

"ကျွန်တော်တို့က ကိုယ့်သားသမီးတွေ ဒီထက်မက ပညာရေး မြင့်မားအောင်ကျတော့ ဒါက နိုင်ငံတော်ကော၊ အဖက်ဖက်က ဒီအဖွဲ့အစည်းတွေကော၊ ဒီလူလူချင်း စာနာစိတ်နဲ့ပေါ့နော် ဒီကျွန်တော်တို့ ဆော့လော်မြို့နယ်မှာရှိတဲ့ ပြည်သူလူထုတွေ၊ ကျောင်းသားမိဘတွေ၊ ပြီးတော့မှ မြို့နယ်တစ်ခုလုံးအတွက်ပေါ့၊ စဉ်းစားပြီးတော့မှ သနားငဲ့ညှာပြီးတော့မှ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးရေးလုပ်ငန်း အရင်လုပ်ပြီးတော့မှ ဒုတိယအနေနဲ့ကျတော့ ဆော့လော်မြို့မှာ (တာဝန်)ကျလာမယ့် ဝန်ထမ်းတွေ ကျောင်းဆရာဆရာမတွေကလည်း အပြောင်းအရွှေ့ များတယ်။ ခဏလေး တစ်နှစ်လောက် လာနေပြီးတော့မှ ပြောင်းသွားတဲ့ အခါကျတော့၊ ဒါက သိပ်အဆင်မပြေဘူး။ အဲ့မှာ ပိုပြီးတော့မှ နှောင့်နှေးမှုရှိတယ်။ ပြီးတော့ ဝါရင့်ဆရာဆရာမတွေ သိပ်မရောက်လာကြဘူး။ ဆိုတဲ့ဟာ ကျနော်ကတော့ အဲ့လိုမြင်တာပေါ့"ဟု ဒေသခံ ကျောင်းသားမိဘ ဦးလွမ်းဟောင်းက သူ၏အတွေ့အကြုံကိုအခြေခံပြီး ပြောပါသည်။

## ချီဖွေ – ဆော့လော် လမ်းနစ်သွယ်နှင့် ဆက်နွယ်နေသော ဒေသခံများ၏ ဘဝများ

ကချင်ပြည်နယ် ချီဖွေမြို့နှင့် ဆော့လော်မြို့ကို ဆက်သွယ်ထားသည့် လမ်းနစ်သွယ်ရှိနေသော်လည်း (၃၄)မိုင်သာဝေးသည့် အနီးဆုံးလမ်းသည် သွားလာခွင့်မရှိပဲ ပိတ်ပင်ထားပါသည်။ ၎င်း(၃၄)မိုင်ကို ပြန်လည်ဖွင့်ပေးဖို့ အစီအစဉ်ရှိမရှိ မေးခွန်းကို လွှတ်တော်၌ ဒူးလေးပါတီက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလာမာလေး မေးခဲ့ရာ နယ်မြေလုံခြုံရေး အခြေအနေအရ မလုပ်ပေးနိုင်သေးကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဖြေကြားသွားသည်ဟု ၎င်းကဆိုသည်။

ဒေသခံများက တောင်သုံးလုံးလမ်းဟု လူသိများသော လက်ရှိသွား





နေသည့်လမ်းသည် ၇၄မိုင်ကျော်ခန့်ဝေးပြီး ချီဖွေမြို့နယ်နှင့် သက်ဆိုင်ကြောင်း သိရသည်။ အဆိုပါလမ်းကို ပြုပြင်ပေးရေးအတွက် ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မှ အဆိုတင်ထားကြောင်း ၎င်းနှင့်တွေ့ဆုံစဉ်ပြောပြသည်ဟု ဦးလာမာလေးက ပြောပါသည်။

တောင်ကုန်းတောင်တန်းများပေါ် ဖောက်လုပ်ထားသည့် လမ်းဖြစ်သဖြင့် တက်ပြီးလျှင်ဆင်း၊ ဆင်းပြီးလျှင်တက် သွားရသော လမ်းဖြစ်သည်။ မိုးများသည့်ဒေသဖြစ်ပြီး မိုးရွာလျှင် တောင်ကျရေများ တိုက်စားမှုကြောင့် လမ်းလယ်များ၌ပင် ရေမြောင်းပုံသဏ္ဍာန်ဖြစ်လာကာ လမ်းကနစ်ခြမ်းကွဲပျက်စီးနေသည့် နေရာများတွေ့ရသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် ပညာရေးသာမက စားဝတ်နေရေး ခက်ခဲစေသည့် အကျိုးဆက်များကို ဒေသခံများ ကြုံတွေ့နေရပါသည်။

"အခုဓါတ်ဆီက ကျွန်နော်တို့ဒီမှာ တစ်ဂါလံကို တစ်သောင်းကျော်၊ တစ်သောင်းနှစ်ထောင် အဲလောက်မှာရှိတယ်။ ဟိုမြစ်ကြီးနားမှာ 125 (ဆိုင်ကယ်) တစ်စီးက နှစ်ထောင်ငါးရာ၊ အများဆုံး သုံးထောင်ဆိုရင် ပြည့်တယ်။ ဒီမှာ ကျွန်နော်တို့ တစ်သောင်းဖိုးထည့်တာ မပြည့်နိုင်သေးဘူး။"ဟု ဆော့လော်မြို့၏ ကုန်စျေးနှုန်း စျေးကြီးနေသည့်အကြောင်းကို ဦးလွမ်းဖောင်းက နှိုင်းယှဉ်ပြောပြသည်။

ဆန်စျေးကိုလည်း ၎င်းကဆက်ပြီးနှိုင်းယှဉ်ပြသည်မှာ "ပြီးတော့ ဆန်ကလည်း ဟိုမှာက သုံးသောင်းဆိုရင် ဒီမှာက အနည်းဆုံး ခုနစ်သောင်း၊ ခြောက်သောင်းခုနစ်သောင်း ပေးရတာ"ဟု ဆိုပါသည်။ တခါတလေ လွှတ်တော်ကိုယ်စားလှယ်များ သယ်ယူလာပြီး ရောင်းချပေးသည့်အချိန်တော့ စျေးသက်သာကြောင်း ၎င်းက ဆိုပါသည်။

ဒေသခံများအနေဖြင့် မြစ်ကြီးနားနှင့် ပိုင်းမော်ဘက်မှဆန်ကို လွတ်လွတ်လပ်လပ် သယ်ယူခွင့်လည်း မရှိကြောင်း ဦးလာမာလေးက ဆိုပါသည်။ တောင်ယာထွက်စပါးကို အဓိကအားထားနေရသည့် ဒေသဖြစ်၍ မိုးများပြီး တောင်ယာမီးရှို့ရန် အဆင်မပြေသောနှစ်များတွင် ပိုမိုခက်ခဲရသည်ဟု ဒေသခံများက ပြောပြကြပါသည်။

ဆော့လော်မြို့သို့ ဆန်သယ်ယူနိုင်ရေးအတွက် နယ်လုံဝန်ကြီးနှင့် တိုင်းမှူး၏ ထောက်ခံချက်လိုအပ်ပြီး၊ အိတ်ငါးဆယ်မှ တစ်ရာကြား သယ်ယူနိုင်ကြောင်း၊ ဆန်းစပါးသယ်ယူရေး ခက်ခဲသည့်အတွက် ဒေသခံများသည် ဒေသထွက်သစ်ခွပန်းများ ရှာဖွေပြီး တရုတ်နယ်စပ်ဘက်တွင် ဆန်နှင့်သွားရောက်လဲလှယ် စားသောက်ရသည့်အချိန်လည်းရှိသည်ဟု ဦးလာမာလေးက ပြောဆိုသည်။

"အိတ်ငါးဆယ်၊တစ်ရာတော့ ခွင့်ပြုပေးတယ်ပေါ့။ ဒါပေမဲ့ ကျွန်တော်တို့လည်း ဘယ်နှစ်ကြိမ်လောက် လုပ်ပေးနိုင်မလဲ။ ဖြစ်နိုင်ရင်တော့ ပြည်သူတွေစားဖို့ လေး၊ငါးဆယ်အိတ် တနိုင်တပိုင်လေးဆိုရင်တော့ ခွင့်ပြုပေးစေချင်တယ်။"ဟု ၎င်းကဆိုသည်။

ထမင်းအသက်ခုနစ်ရက် ရေအသက်တစ်မနက်ဆိုသည့် စကားပုံအတိုင်း ဆော့လော်မြို့သည် ဆန်စျေးသာ စျေးတက်နေသည်မဟုတ် လက်ရှိမြို့သူမြို့သားများ သောက်သုံးနေရသည့်ရေ သွယ်ယူထားသော ရေကန်ရှိရာနေရာလည်း KIA ရှေ့တန်းစခန်းများ၏ ထိန်းချုပ်မှုအောက်တွင် ကျရောက်နေသည်ဟု ဒေသခံများက ပြောပြကြသည်။ အဆိုပါရေကန်သည် ၁၇နှစ်ကြာ အပစ်အခတ်ရပ်စဲရေး ကာလတွင် ဆောက်လုပ်ခဲ့သည့် ရေကန်ဖြစ်ကြောင်း သိရသည်။

အစစအရာရာ ခက်ခဲနေသေးပြီး မျက်နှာပြင်ညီညာသည့် မြေတစ်ကွက်မှ မရှိသည့် တောင်ကုန်းပေါ်က ဆော့လော်မြို့၏ ဖြစ်တည်လာပုံ အစ၌လည်း ပြည်တွင်းစစ်နှင့် ဆက်နွယ်ခဲ့သည်။ လက်ရှိအခြေအနေ၌လည်း ပြည်တွင်းစစ်၏အရိပ်သည် ဆော့လော်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကို လွှမ်းမိုးထားဆဲဖြစ်ပါသည်။

By Nlum
18 July 2017

# ၈၈ မျိုးဆက် ကချင်ကျောင်းသား လူငယ်များ ပြောပြတဲ့ ရှစ်လေးလုံး အရေးတော်ပုံ



ကျွန်တော်ကတော့ ဒူကထောင်(ရပ်ကွက်) လူငယ်တွေနဲ့ ပါဝင်လှုပ်ရှားခဲ့တယ်။ ကျွန်တော်တို့ ကချင်လိုရေးထားတဲ့ 'လွတ်လပ်ရေး ပေးပေး' (Shanglawt shanglawt, jaw jaw) ဆိုတဲ့ ကြွေးကြော်သံ ဆောင်ပုဒ်ကို အော်ဟစ်ပြီး မြို့ပတ်ခဲ့ကြတယ်။"ဟု ပြန်ပြောင်း ပြောပြပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံ ကာလအတွင်း ကချင်ကျောင်းသား လူငယ်တွေ ဦးဆောင်တဲ့ ဆန္ဒပြပွဲများတွင် MIT (Myanmar Institute of Theology) ကျောင်းသား ဦးအောင်ခမ်းလည်း တစ်ဦး အပါအဝင် ဖြစ်ပါတယ်။

လက်ရှိအချိန်တွင် အသက်(၅၀)ကျော်ပြီဖြစ်တဲ့ ဦးအောင်ခမ်းဟာ ကချင်ဒီမိုကရက်တစ်ပါတီ (KDP)ကို ဦးဆောင်တည်ထောင်သူဖြစ်ပြီး ပါတီဥက္ကဌလည်း ဖြစ်ပါတယ်။

လူငယ်ဘဝက ရှစ်လေးလုံးအရေးတော်ပုံမှာ တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့ပုံကို ပြန်ပြောပြရာ၊ "ရှစ်လေးလုံးမှာ ကျောင်းပိတ်လို့ ကျွန်တော်က ရန်ကုန်ကနေ မြစ်ကြီးနား ပြန်ခဲ့တယ်။ မြစ်ကြီးနား ရောက်တာနဲ့ လူငယ်တွေဆန္ဒပြတဲ့အထဲမှာ ပါဝင်ခဲ့တယ်။ ကျွန်တော်ကတော့ ဒူကထောင်(ရပ်ကွက်) လူငယ်တွေနဲ့ ပါဝင်လှုပ်ရှားခဲ့တယ်။ ကျွန်တော်တို့ ကချင်လိုရေးထားတဲ့ 'လွတ်လပ်ရေး ပေးပေး' (Shanglawt shanglawt, jaw jaw) ဆိုတဲ့ ကြွေးကြော်သံ ဆောင်ပုဒ်ကို အော်ဟစ်ပြီး မြို့ပတ်ခဲ့ကြတယ်။"ဟု ပြန်ပြောင်း ပြောပြပါတယ်။ ရှစ်လေးလုံး အရေးအခင်းနှင့် ဆက်စပ်ပြီး ကချင်လူထုရဲ့နိုင်ငံရေးကြွေးကြော်သံများနဲ့ ခံယူချက်များကို ဦးအောင်ခမ်း ပြောပြတာက "အဲချိန်မှာ ကချင်တွေရဲ့ ခံယူချက်က အမျိုးသားရေးနဲ့ လွတ်လပ်ရေးပဲ။ နောက်မှ ဒီမိုကရေစီလှုပ်ရှားမှု ဖြစ်လာတာပဲ။"ဟု ပြောပြပါတယ်။

ထိုအချိန်က မြစ်ကြီးနားမြို့ရဲ့ဆန္ဒပြပွဲတွင် ကချင်၊ ရှမ်း၊ ဗမာ၊ တရုတ်၊ ကုလား လူမျိုးစုံ ပါဝင်သည်သာမက ရဲဝန်ထမ်းများရဲ့ဇနီးများ၊ ဆေးရုံဝန်ထမ်းများ၊ ကျောင်းဆရာ၊ ဆရာမများလည်း ပါဝင်ခဲ့ကြကြောင်း ပြောပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံတွင် မြစ်ကြီးနားမှ အလယ်တန်းကျောင်းသား ကချင်လူငယ် ဖရုဒ်ဇော်နန် (Hprup Zau Nan)ဟာ သေနတ်ကျည်ဆံထိမှန် သေဆုံးခဲ့ပြီး အဓိကဦးဆောင်ပါဝင်ခဲ့သူ ကျောင်းသား အမြောက်အများလည်း ဖမ်းဆီးခံခဲ့ရကြောင်း ဆိုပါတယ်။

ကချင် နှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ်ရဲ့လက်ရှိအထွေထွေအတွင်းရေးမှူး ဒေါက်တာ ခလမ်ဆမ်ဆွန်လည်း ရှစ်လေးလုံး ကျောင်းသားလုပ်ရှားမှုတွင် ပါဝင်ခဲ့တဲ့ ကျောင်းသားတစ်ဦး ဖြစ်ပါတယ်။

ထိုအချိန်က အသက် (၃၀)အရွယ် ဒေါက်တာ ခလမ်ဆမ်ဆွန်ဟာ ရန်ကုန် MIT (Myanmar Institute of Theology) တွင် ကျောင်းတက်နေသူ ဖြစ်ပါတယ်။ အရေးအခင်းကြောင့် ကျောင်းပိတ်လို့ မြစ်ကြီးနားပြန်လာပြီး ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်သူ နောက်တစ်ဦး ဖြစ်ပါတယ်။

မြစ်ကြီးနား ဆန္ဒပြပွဲတွင် ကချင်လူငယ်များ တောင်းဆိုခဲ့တဲ့ (လွတ်လပ်ရေး ... လွတ်လပ်ရေး ... ပေး .. ပေး) ဆိုတဲ့ ကြွေးကြော်သံကို ကနဦးထုတ်ဖော်လိုက်သူလည်း ဖြစ်ပါတယ်။

"ရန်ကုန်မှာ ကျောင်းသားတွေ ဟောပြောတာကို လိုက်နားထောင်တာ အရမ်းအားတက်တယ်။ အဲအချိန်မှာ (မဆလ)စစ်အစိုးရ ဆန့်ကျင်ပြီး ဘယ်သူမှ မဟောရဲဘူး။ ကျောင်းသားတွေ ထိထိမိမိဟောတယ်။ အရမ်းနားထောင်လို့ ကောင်းတယ်။ နေ့တိုင်းသွားနားထောင်တယ်။ သူတို့ပေးတဲ့ဝေစာတွေယူတယ်။ အင်စိန် BOC နားမှာ စစ်တပ်က ပစ်နေတာတွေ အကုန်မြင်ရတယ်။ ကျောင်းသားတွေကလည်း အော်ဟစ်ပြီးတော့ ချီတက်လာတယ်။ စစ်တပ်တွေကလည်း မုဆိုးထိုင်ပြီး

ပစ်တယ်။”ဟု ဒေါက်တာဆမ်ဆွန်က သူမြင်တွေ့ခဲ့တဲ့ ရန်ကုန် အဖြစ်အပျက်ကို ပြောပြပါတယ်။

ရန်ကုန် ဆေးရုံသွားပြီး ဒဏ်ရာရ ကျောင်းသားများအတွက် သွေးသွား လှူခဲ့ပေမဲ့ ဆေးရုံတွင် ပုလင်းကုန်သွားတဲ့အတွက် မလှူလိုက်ရ ကြောင်းကိုလည်း ပြောတယ်။

ရန်ကုန်မှာ ကျောင်းလည်းပိတ်၊ သတ်ဖြတ်မှုလည်းများ၊ ညှော့စားရင်းစ စ်ဆေးမှုတွေရှိပြီး ဆက်နေနေဖို့ အခက်အခဲတွေရှိလာလို့ မြစ်ကြီးနားသို့ ပြန်လာခဲ့ကြောင်း ဒေါက်တာဆမ်ဆွန်က ပြောပါတယ်။ ဩဂုတ်လ ၁၄ရက်မှာ သူမြစ်ကြီးနားရောက်တော့ ဆန္ဒပြမှုတွေ နေ့တိုင်းနေရာတိုင် းမှာ ဖြစ်နေပြီဖြစ်ကြောင်း ပြောပြပါတယ်။

“ဆိုက်ကားမှာ လော်စပီကာတပ်ပြီး ဒို့အရေး ဒို့အရေး အော်နေတဲ့အချိန်၊ ကျွန်တော်က ကချင်လိုအော်ရအောင်လို့ ပြောလိုက်တာ။ ဒူကထောင် လူငယ်တွေက ဒါဆိုရင် ဆရာဘယ်လိုအော်မလဲလို့ မေးတယ်။ ကျွန်တော်က (လွတ်လပ်ရေး … လွတ်လပ်ရေး … ပေး.. ပေး … သတ်တာဖြတ်တာ .. ရပ်ရပ်) (Shanglawt shanglawt jaw jaw, gap ai sat ai ram sai ram sai)လို့ မြန်မြန်ရေးပြီး ခေမာသီရိရပ်ကွက် မြေမြင့်ဘက်ကနေ ပတ်ပြီးသွားတယ်။”

စက်တင်ဘာ ၁၈ရက် အာဏာသိမ်းပြီးနောက်တော့ တစ်ချို့ကျောင်း သားများက ဖမ်းဆီးခံရပြီး တစ်ချို့ကျောင်းသားများက ကျောင်းသား တပ်မတော်သို့ ဝင်ရောက်သွားကြကြောင်း ပြောပြတယ်။ လက်ရှိ ကေအိုင်အို အတွင်းရေးမှူး ဦးလနန်အပါအဝင် ကချင်ကျောင်းသား အများစုဟာ ကေအိုင်အိုသို့ ဝင်သွားကြကြောင်းလည်း ဆိုပါတယ်။ ဖမ်းဆီးခံရသူအများပိုင်းမှာ ဒီမိုကရေစီအရေး လှုပ်ရှားတဲ့ ရှေ့နေ များဖြစ်ကြောင်း ပြောပါတယ်။ လက်ရှိအချိန်တွင် အဓိကဦးဆောင်ခဲ့ ကြတဲ့ ကချင်ကျောင်းသား ခေါင်းဆောင်များလည်း ဆုံးသွားကြပြီ ဖြစ်ကြောင်း ဆိုပါတယ်။

အရေးအခင်းကာလတွင် ဆူပိုအကြမ်းဖက်မှုများ ကချင်ပြည်နယ်တွင် မရှိခဲ့ကြောင်း ဒေါက်တာ ဆမ်ဆွန်က ဆိုပါတယ်။

“ကျွန်တော်တို့က (မဆလ)အစိုးရ ပြုတ်ဖို့ပဲ တောင်းဆိုတာ။ စစ်အစိုးရဖြုတ်ပေးဖို့ပဲ။”ဟု ထိုအချိန်က တောင်းဆိုခဲ့တဲ့ရည်ရွယ်ချက်ကို ၎င်းကပြောပြပါတယ်။

ဆက်လက်ပြီး ဆရာဆမ်ဆွန်က “မြန်မာနိုင်ငံ တကယ့်ပြောင်းလဲမယ့် အချိန်က ၈၈တော့ဖြစ်ခဲ့တယ်။ ဒါပေမဲ့ စစ်တပ်က ပြန်ပြီး အစွယ်ထ လာတယ်။ ခေါင်းဆောင်သူတွေရဲ့အားနည်းတဲ့အပိုင်းလည်း ရှိချင်ရှိနိုင် တယ်။”ဟုလည်း ဆိုပါတယ်။

၈လေးလုံးအရေးတော်ပုံတွင် အများပိုင်း လုပ်ရှားခဲ့တဲ့ ကချင်ပြည်နယ်က မြို့များမှာ မြစ်ကြီးနားနဲ့ မိုးကောင်းမြို့များဖြစ်ပြီး မိုးညှင်းမှာလည်း လုပ်ရှားမှုများရှိခဲ့ကြောင်းကို RIT (Rangoon Institute of Technology) ကချင်ကျောင်းသားဟောင်း တစ်ဦးဖြစ်သူက ဆိုပါတယ်။ မိုးကောင်းနဲ့ မိုးညှင်းတွင် အဓိကပါဝင်လှုပ်ရှားသူများမှာ ရှမ်းနှင့်ဗမာများ ဖြစ်ကြောင်း အသက်(၅၀)ကျော် RIT ကချင်ကျောင်းဟောင်းက ဆိုပါတယ်။

“မိုးကောင်း သံလမ်းမှာက ရှမ်းတွေပဲ။ သူတို့ပေါ်တင်ပါဝင်တယ်။ ကျွန်တော်တို့က ဒီတိုင်း နည်းနည်း လိုက်ပါတာလောက်ပဲ။ မြစ်ကြီးနားမှာ က (ဖရုဒ်)ဇော်နန် မသေခင်ကတည်းက ဆန္ဒပြတယ်။ သေပြီးနောက် လည်း အလောင်းသယ်ပြီး တစ်ခါပြန်ဆန္ဒပြတယ်။ ရမ်းပြီးပစ်တဲ့အချိန် ဇော်နန်ကို ထိသွားတာ။ ကျွန်တော်တို့ လက်ထဲမှာပဲ ဆုံးသွားတာ။”ဟု အမည်မဖော်လိုသူ RIT ကချင်ကျောင်းသားဟောင်းက ပြောပြတယ်။

၈လေးလုံး အရေးအခင်းကနေ စတင်ပြီး နိုင်ငံရေးလောကသို့ ဝင်ရောက် သွားသူ ဒီမိုကရေးစီအရေးအတွက် တိုက်ပွဲဝင်နေသူ အများအပြား ရှိပါတယ်။ ထိုသို့ လှုပ်ရှားနေတဲ့အတွက် ပြောင်းလဲမှုများလည်း ရှိလာ သည်ကို မြင်တွေ့နေရပါတယ်။

၈လေးလုံး အရေးအခင်းကနေ စတင်ပြီး နိုင်ငံရေးလောကသို့ ဝင်ရောက် သွားသူ KDP ပါတီဥက္ကဌ ဦးအောင်ခမ်းက ၎င်းရဲ့အမြင်ကို အခုလိုသုံးသပ် ပြောဆိုပါတယ်။

“အဲဒီအချိန်မှာ တောင်းဆိုခဲ့တာတွေက အခုဆိုရင် ၄၀ရာခိုင်နှုန်းလောက် တော့ ရလာပြီထင်တယ်။ ဘာကြောင့်လည်းဆိုရင် အခုပါတီတွေ တည်ထောင်ပြီ ဒါက ၈၈ရဲ့အသီးအပွင့်တွေပဲ။ မြေအောက်လှုပ်ရှားမှုက အများကြီးရှိခဲ့တယ်။ အခုက ပါတီတည်ထောင်ပြီး လုပ်ချင်တဲ့ အပိုင်းကိုလုပ်မယ့် လမ်းကြောင်းတွေတော့ ရှိလာပြီ။ အဖြေတော့ မရသေးဘူး။ လမ်းကြောင်းက အခုမှစတယ်။”



By Maran
8 August 2017

# ခင်ပွန်းများ သတ်ခံရပြီး နောက် ဒုက္ခသည် သားအမိများ၏ ဘဝ



ဦးနော်ခွမ်၊ ဦးဘရန်ဆိုင်းနှင့် ဦးဂမ်အောင်တို့သည် မသေဆုံးမီက ကချင်ပြည်နယ် မံစီမြို့နယ် မိုင်းခေါင် RC IDP စခန်းမှ စစ်ဘေးဒုက္ခသည်များ ဖြစ်ကြသည်။

၎င်းတို့ ၃ဦးသည် လွန်ခဲ့သည့် မေလ(၂၅)ရက်နေ့တွင် နေ့စားအလုပ်မှ အပြန်လမ်းတွင် မံစီနယ်မြေခံတပ်ရင်း ခမရ(၃၁၉) စစ်ကြောင်းတစ်ခု၏ ဖမ်းဆီးခြင်းခံခဲ့ရ ပြီးနောက် သေဆုံးသွားခဲ့သည်။ ၎င်းတို့သေဆုံးသည့် အမှုကို လက်ရှိအချိန်တွင် သက်ဆိုင်ရာ စစ်တရားရုံးမှ စစ်ဆေးနေမှုမှာ မပြီးပြတ်သေးသည့် ကာလဖြစ်သည်။

## ဦးနော်ခွမ်၏ ကျန်ရစ်မိသားစု

ခင်ပွန်းဖြစ်သူ ဦးနော်ခွမ် အသတ်ခံရချိန်တွင် ဇနီးဖြစ်သူ ဒေါ်မဂျီခေါန်နန်သည် ကလေးနှစ်ဦး၊ ကိုယ်ဝန် ၈လနှင့် ကျန်ရစ်ခဲ့သည်။

၂၀၁၇ခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် မွေးရက်နေ့ စေ့လစေ့ရောက်လာပြီး မံစီမြို့နယ်က မိုင်းခေါင် IDP စခန်းမှာပဲ သမီးတစ်ဦးမွေးဖွားနိုင်ခဲ့သော်လည်း မိသားစု ရှေ့ရေးအတွက် ပူပင်သောက ရောက်နေရသည်ဟု ဆိုသည်။

ကိုယ်တိုင်အလုပ်ထွက်လုပ်ရန်လည်း ကလေးများ ငယ်ရွယ်သေး သည့်အပြင် မိုင်းခေါင်ကျေးရွာဝန်းကျင်တွင် အလုပ်အကိုင်လည်း ရှားပါးသောကြောင့် လောလောဆယ်တွင် အလှူရှင်အချို့ထောက်ပံ့ ထားသည့် အကူအညီဖြင့် မိသားစုအရေးဖြေရှင်း နေရကြောင်း ၎င်းကပြောသည်။

“ခင်ပွန်းရှိနေရင်တော့
မိသားစုအတွက်
လိုအပ်တာအကုန်
ဖြည့်ဆည်းပေးနိုင်တယ်။
အခုမရှိတော့ဘူးဆိုတော့ အစိုးရရဲ့
ကူညီထောက်ပံ့မှုတွေရချင်တယ်”

ယခုအချိန်တွင် သားဖြစ်သူမှာ ကျောင်းတက်နေပြီဖြစ်ပြီး သုံးနှစ်အရွယ် သမီးကတော့ ဖခင်ကိုပဲ ရှာနေတတ်သည်ဟု ၎င်းကဆိုသည်။

“အဖေ ဘယ်သွားနေလဲ၊ သမီးကိုလည်း လာခေါ်ပါဆိုပြီး ရှာနေတတ် တယ်။ သူ့သူငယ်ချင်းတွေရဲ့ဖခင်တွေကို အဖေဆိုပြီးလိုက်ခေါ်နေတာ၊ သူများတွေက သနားလို့ပြန်ထူးပေးကြတယ်။”

ခင်ပွန်းဖြစ်သူနှင့်အခြားနှစ်ဦး အသတ်ခံရသည့်အမှုကို တပ်မတော် စစ်တရားရုံး၌ စစ်ဆေးနေပြီဖြစ်သော်လည်း ယုံကြည်မှုတော့ လျော့နည်းနေသည်ဟု ဒေါ်မဂျီခေါန်နန် ကပြောသည်။

## ဦးဘရန်ဆိုင်း၏ ကျန်ရစ်မိသားစု

မိသားစုကို အဓိကရှာဖွေကျွေးမွေးနေသူ ဦးဘရန်ဆိုင်း အသတ်ခံ ရပြီးနောက် ၎င်း၏မိခင်သည် အဖျားကြီးစွာဖျားပြီး ဆေးရုံတက်ခဲ့ ရသည့်အပြင် သမီးဖြစ်သူလည်း တစ်ပတ်ခန့်



ဖျားသွားသောကြောင့် အလှူရှင်တို့ ထောက်ပံ့ထားသည့် ငွေကြေးအကူအညီဖြင့်သာ ဆေးဝါးကုသနိုင်ခဲ့ ရသလို စားဝတ်နေရေးအတွက် ခက်ခဲကျပ်တည်းစွာ ရုန်းကန်နေရသည် ဟု မိသားစုဝင်များက ဆိုသည်။

ဇနီးဖြစ်သူ ဒေါ်ဆိုင်းနန်ကတော့ ကလေး၏ရှေ့ရေးအတွက် အလုပ်တစ်ခုတော့ ရချင်သော်လည်း မိုင်းခေါင်တွင် အလုပ်အကိုင်ရှားပါးကြောင်း အပြင်ထွက်လုပ်ရန်လည်း ကလေးငယ်သေးသောကြောင့် သွား၍မရဖြစ်နေပြီး စစ်ရှောင်စခန်းမှာပေးသည့် ရိက္ခာဖြစ်သော လူတစ်ဦး တစ်လ ဆန်ငါးပြည်၊ ပိုက်ဆံ ၂၅၀၀ကျပ်ဖြင့်သာ စားဝတ်နေရေးကို ဖြေရှင်းနေရသည်ဟု ပြောသည်။

အသက်နှစ်နှစ်ကျော် သမီးလေးကလည်း ဆိုင်ကယ်သံကြားလျှင် "ဖေဖေပြန်လာပြီ"ဟု ပြောကာ အဖေကိုရှာနေတတ်သည်ဟု ဆိုသည်။

"သူ့အဖေရဲ့ဓါတ်ပုံတွေ အကုန်ဖွက်ထားရတယ်။ ဓါတ်ပုံတွေ့ပြီဆိုတာနဲ့ သမီးဖေဖေ သမီးဖေဖေ ဆိုတာပဲ ပြောနေလို့"ဟု ဒေါ်ဆိုင်းနန်က ပြောသည်။

ခင်ပွန်းဖြစ်သူအသတ်ခံရသည့်အမှုကို တပ်မတော် စစ်တရားရုံးက စစ်ဆေးနေသည့်အပေါ် တရားခံအဖြစ် စွပ်စွဲထားသည့် တပ်မတော်သားများ၏ မျက်နှာထားမှာ ပျော်နေသည့် ပုံစံပေါက်နေသောကြောင့် ယုံကြည်မှုတော့ လျော့နည်းသည်ဟု ၎င်းက ဆိုသည်။ ဘရန်ဆိုင်း၏ ဖခင်ကတော့ ယခုလိုအဖြစ်ဆိုးမျိုး ဘယ်တော့မှ မကြုံ စေချင်တော့ကြောင်းကို ပြောသည်။

## ဦးဂမ်အောင်၏ ကျန်ရစ်မိသားစု

မိသားစုကို ရှာဖွေကျွေးမွေးနေသူသားမက် ဦးဂမ်အောင် အသတ်ခံရပြီးနောက်ပိုင်းတွင် ယောက္ခမဖြစ်သူသည် သားမက်၏ အဖြစ်ဆိုးကြောင့် ပူဆွေးသောကရောက်ကာ တစ်လအကြာတွင် ဆုံးပါးသွားခဲ့ကြောင်း အဖွဲ့အစည်းအချို့မှ လာရောက်ထောက်ပံ့ထားသည့် ငွေကြေးအကူအညီများလည်း အသုဘစရိတ်အတွက် ဖြစ်သွားကြောင်း ဒေါ်မရန်ရွှယ်ဂျာက ပြောသည်။

ယခုအချိန်တွင် ၎င်း၏မိခင်ဖြစ်သူနှင့် သားတစ်ဦး၊ မိသားစုဝင်သုံးဦးသာ ကျန်ရှိတော့ကာ အလုပ်လုပ်မည် ဆိုသော်လည်း တစ်ခါတစ်ရံမှသာ နေ့စားအလုပ်ခေါ်သူများရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးနေသောကြောင့် ကြာလာလျှင် မိသားစုစားဝတ်နေရေးနှင့် ဘဝရှေ့ရေးအတွက် ပို၍ခက်ခဲလာဖို့သာ ရှိသည်ဟု ဒေါ်မရန်ရွှယ်ဂျာက ဆိုသည်။ သားဖြစ်သူလည်း ဖခင်ဓါတ်ပုံကြည့်ပြီး ဖခင်အကြောင်းပဲ မေးနေ သောကြာင့် ဓါတ်ပုံတွေ ဖြုတ်သိမ်းထားရကြောင်း ၎င်းကပြောသည်။

ခင်ပွန်းဖြစ်သူအသတ်ခံရသည့်အမှုကို စစ်တရားရုံးက စစ်ဆေးနေသည့်အပေါ် အပြည့်အဝယုံကြည်ရန်တော့ ခက်ခဲသည်ဟု ဒေါ်မရန်ရွှယ်ဂျာ ကလည်း ဆိုသည်။

"သူတို့ကို ထိုက်သင့်တဲ့အတိုင်း ပြစ်ဒဏ်ချပေးဖို့ရယ်၊ ဘယ်နေရာမှာ ပြစ်ဒဏ်ကျနေတယ်၊ ဆိုတာတွေလည်း ကျွန်မတို့သိချင်တယ်။"ဟု ၎င်းကဆိုသည်။

မိသားစုရှေ့ရေးအတွက် ရုန်းကန်နေရမည့်အဖြစ်ကို သေဆုံးသွားသူ ၃ဦး၏ကျန်ရစ်သူမိသားစုများက ပူပန်နေကြသည်။ သားသမီးများ၏ ရှေ့ရေးအတွက် သက်ဆိုင်ရာအစိုးကို တာဝန်ယူစေချင်ကြောင်း သေဆုံးသွားသူ ဦးဂမ်အောင်၏ဇနီး ဒေါ်မရန်ရွှယ်ဂျာက ပြောဆိုသည်။

"ခင်ပွန်းရှိနေရင်တော့ မိသားစုအတွက် လိုအပ်တာအကုန် ဖြည့်ဆည်းပေးနိုင်တယ်။ အခုမရှိတော့ဘူးဆိုတော့ အစိုးရရဲ့ ကူညီထောက်ပံ့မှုတွေရချင်တယ်"



By Lawhkum Zau
17 September 2017

# မြစ်ဆုံ စီမံကိန်းက ပေးသော ခြောက်လှန့် အိမ်မက်

By Maran
29 September 2017




ပြည်သူများ ကန့်ကွက်မှုကြောင့် မြစ်ဆုံရေကာတာ စီမံကိန်းကို သမ္မတဦးသိန်းစိန် လက်ထက်ကတည်းက ယာယီရပ်ဆိုင်းထားသည်မှာ ယခုလ ၃၀ ရက်ဆိုလျှင် ၆နှစ်တင်းတင်း ပြည့်ပြီဖြစ်ပါသည်။

မြစ်ဆုံစီမံကိန်းကြောင့် နေအိမ်များကို စွန့်ခွာပြောင်းရွှေ့ထားရသည့် ဒေသခံ အိမ်ခြေ ၃၀၀ကျော်သည် ကြားနေရသည့် သတင်းစကားများကြောင့် စီမံကိန်းကြီး ပြန်စလာမည်ကို စိုးရိမ်နေကြသည်ဟု ပြောဆိုနေကြပါသည်။

စီမံကိန်းကြောင့် ရပ်ရွာများကို စွန့်ခွာပြောင်းရွှေ့ခဲ့ကြသည့် ဒေသခံများမှာ တရုတ်ကုမ္ပဏီမှ ဆောက်လုပ် ပေးထားသည့် အောင်မြင်သာ စံပြကျေးရွာတွင် နေထိုင်နေကြဆဲ ဖြစ်ပါသည်။ စီမံကိန်း ရပ်တန့်ထားသည့် ၆နှစ်တာကာလအတွင်း ၎င်းတို့စွန့်ခွာခဲ့ရသည့် နေအိမ်များ ပျက်စီးယိုယွင်းနေပြီ ဖြစ်သည်။

၆နှစ်ကြာ ယာယီရပ်ဆိုင်ထား သော်လည်း ယခင် CPIနှင့် Asia World ကုမ္ပဏီ နှစ်ခုကို ပေါင်းပြီး အမည်ပြောင်းထားသည့် ACHC ကုမ္ပဏီသည် ဒေသခံများကို ထောက်ပံ့မှုများ ထောက်ပံ့နေဆဲဖြစ်သည်။ ယခင်အတိုင်း ပုံမှန်ထောက်ပံ့နေဆဲ ဖြစ်သည့်အတွက် မြစ်ဆုံရေကာတာ စီမံကိန်း ပြန်လည်စတင်လာမည်ကို ဒေသခံများ စိုးရိမ်နေကြခြင်း ဖြစ်သည်။

စီမံကိန်းကြောင့် ပြောင်းရွှေ့ခံခဲ့ရသည့် ဒေသခံ ဒေါ်လုရာက စီမံကိန်း ရပ်ဆိုင်းထားတာ ၆နှစ်ကြာခဲ့ပြီ ဖြစ်သော်လည်း ကုမ္ပဏီများက ထောက်ပံ့နေဆဲ ဖြစ်နေသည့်အပေါ် "ကျွန်မတို့က ဒါကို စဉ်းစားတယ် သူတို့က ဒီလောက်တောင် လုပ်ပေးတယ်ဆိုတော့ ၂၀၁၈မှာ ကောလဟာလ ထွက်တာတော့ မဟုတ်ဘူးထင်တယ်လို့ တကယ်ကို သူတို့ပြန်စမယ်လို့ ကျွန်မတို့ ထင်တာပေါ့။"ဟု ပြောသည်။ ယခင်ကတည်းက ၄လအတွက် လူတစ်ယောက်လျှင် ဆန်၁၅ပြည် ထောက်ပံ့နေဆဲဖြစ်သည့် ဆန်ကိုလည်း ထောက်ပံ့နေဆဲ ဖြစ်သည် သာမက ပညာရေးတွင် ထူးချွန်သည့် ကျောင်းသားများကိုလည်း ထောက်ပံ့ပေး နေဆဲဖြစ်သည်။ ထို့အပြင် အောင်မြင်သာ စံပြကျေးရွာတွင် ပြောင်းရွှေ့ခံရွာဖြစ်သည့် မလိယန်ကျေးရွာကို ဖိတ်ခေါ်ပြီး ကျင်းပသွားမည့် ဘောလုံးပွဲအတွက်လည်း တရုတ်ကုမ္ပဏီက ထောက်ပံ့ပေးမည်ဖြစ်သည်။

ထိုဘောလုံးပွဲတွင် အသင်း ၈သင်းပါဝင်မည်ဖြစ်ကာ အဆိုပါအသင်း ၇သင်းအတွက် ဆုကြေးငွေအားလုံး၊ ဘောလုံးသမားများ အားလုံးအတွက် ဘောလုံးအကျီ၊ ဘောကန်ဖိနပ်၊ ခြေအိပ်နှင့် ပါဝင်ကစားသူအားလုံးကိုလည်း နှစ်သိမ့်ဆုအဖြစ် ကျပ်နှစ်သောင်းစီ ပေးသွားမည်ဖြစ်ကြောင်း အောင်မြင်သာ ဒေသခံ ဦးအောင်ဘန်ကဆိုသည်။

ကုမ္ပဏီတာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် အောင်မြင်သာ စံပြကျေးရွာ မရောက်ခင်မှ လုံဂါးဖွပ်ကျေးရွာနှင့် ကျိန်ခရန်ကျေးရွာရှိ ကုမ္ပဏီရုံးများတွင် ပုံမှန်နေထိုင်နေဆဲ ဖြစ်သည်ဟု ဦးအောင်ဘန်က ပြောပြသည်။ ထိုကုမ္ပဏီတာဝန်ရှိများနှင့် ဝန်ထမ်းများ ပုံမှန်ရှိနေသည့် စီမံကိန်း ဧရိယာဘက်သို့ သွားမည်ဆိုလျှင် ယခုအထိ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ခွင့်ပြုထောက်ခံစာ လိုအပ်သေးကြောင်း ဦးအောင်ဘန်ကဆိုသည်။

"စီပီအိုင်လူကြီးတွေလည်း ဒီမှာပုံမှန်နေတယ်။ ကျွဲနွားရှာတာတောင် စာရင်းပေးပြီး ရှာရတယ်။ အုပ်ချုပ်ရေးမှူး ထောက်ခံစာ ပါရတယ်။"ဟု ဦးအောင်ဘန်ကဆိုသည်။

ထိုသို့ ထောက်ပံ့နေဆဲ ဖြစ်သည်သာမက တရုတ်ကုမ္ပဏီက လူများလည်း ပုံမှန်ရှိနေသေးသည့်အတွက် ဒေသခံများသည် မြစ်ဆုံစီမံကိန်း ပြန်စ မည်ဟု ထင်မြင်နေခြင်းဖြစ်ပါသည်။

တရုတ်အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ကိုယ်စားလှယ်များနှင့် စက်တင်ဘာလ ၁ရက်နေ့ တရုတ်ပြည်ရွှေလီမြို့တွင် တွေ့ဆုံခဲ့သည့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဆမ်ဆွန်က "သူတို့က တိုင်းပြည်တစ်ပြည် တိုးတက်ဖို့အတွက် လျှပ်စစ်အရမ်းလိုတာပေါ့။ မြန်မာပြည်ကြီးကိုလည်း သူတို့တိုးတက်စေချင်တယ်။ ဒါ့ကြောင့် လျှပ်စစ်လုပ်ရမယ် ဆိုတဲ့အကြောင်း နောက် ဓါတ်ငွေ့ကိုလည်း မြန်မာပြည် တိုးတက်ဖို့အတွက် ရည်ရွယ်တယ်ဆိုတဲ့ အကြောင်း၊ ဓါတ်ငွေ့နဲ့ ဂက်စ်နဲ့ မြစ်ဆုံကိုတော့ သူတို့တော်တော့်ကို အဓိကထား ပြောတယ်။"ဟု တရုတ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည့် အတွေ့အကြုံကို ပြောပြသည်။

ပြီးနောက် ယခုအချိန် ပြည်သူအားလုံးကန့်ကွက်နေသဖြင့် မြစ်ဆုံရေကာတာ စီမံကိန်းကို ရပ်ထားတယ် ဆိုသည့်အကြောင်း၊ ကချင်ဒေသခံများ သဘောတူမည်ဆိုလျှင် ဘယ်လိုအစိတ်အပိုင်း သူတို့လုပ်နိုင်သည့်အကြောင်းကိုလည်း ပြောလာကြောင်းဆိုသည်။

"သူတို့ကတော့ ဒါစီမံကိန်းအကြီးကြီးပဲ အစိုးရရဲ့သဘောတူညီချက်နဲ့ ထိုးထားတဲ့အတွက် သူတို့က လက်မလျှော့ချင်ဘူး။"ဟု ဒေါက်တာဆမ်ဆွန်က တရုတ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ၎င်း၏အမြင်ကိုဆိုသည်။ ဒေသခံများကလည်း မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်ပြီး အစိုးရက တိကျသေချာ ပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခုကို ချပေးရန် မျှော်လင့် နေကြသည်။

"အန်အယ်ဒီအစိုးရကနေပြီးမှ တစ်ခါတည်းနော် ပြတ်ပြတ်သားသား အဖြူအမဲသိချင်တယ်လို့ မြစ်ဆုံကို ပြောင်းလဲသွားအောင်လည်း လုပ်နိုင်မယ်လို့ ကျွန်မတို့လည်း ထင်တယ်။"ဟု အောင်မြင်သာဒေသခံ ဒေါ်လုရာကဆိုသည်။

အန်အယ်ဒီပါတီ အပါအဝင် ယခင်၂၀၁၅ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး လာသည့်အခါ ပါတီအားလုံးသည် မြစ်ဆုံအကြောင်းပြောပြီး စည်းရုံးခဲ့ကြ သကဲ့သို့ တစ်နိုင်ငံလုံးရှိ ပြည်သူများလည်း အတူတကွ ဝိုင်းဝန်း ကန့်ကွက်ကြသည့်အတိုင်း ယခုအချိန်လည်း မြစ်ဆုံကိုပြန်လည်ပြီး ဝိုင်းဝန်းကန့်ကွက်ရန် လိုအပ်ပြီဖြစ်ကြောင်းလည်း ဒေါ်လုရာကဆိုသည်။

"ဒေသခံတွေအနေနဲ့ ပြောချင်တာ အကုန်လုံးပေါ့နော် ဒီထက်မကဆက်လက်ပြီးမှနော် ဒီမြစ်ဆုံလည်းတည်မြဲဖို့က ကျွန်မတို့ ကချင်ပြည်နယ် အတွက် သာမဟုတ်ဘူး။ ကျွန်မတို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးနဲ့ဆိုင်တယ်။ ကတယ်လို့ ဒီမြစ်ဆုံဒမ်ကို လုပ်လိုက်ပြီဆိုရင် တစ်နေ့နေ့ကျရင် မိနစ်စက္ကန့်ပိုင်းမှာ တစ်နိုင်ငံလုံးပျက်စီးသွားနိုင်တာပေါ့။ အကုန်လုံး ရေနစ်မြုပ်သွားနိုင်တာပေါ့။ အဲဒါကြောင့်မို့ ဆက်လက်ပြီးတော့ ဒီဟာလေးကို ကန့်ကွက်သွားရအောင်လို့နော်။ အားလုံးအသံတစ်သံပဲ ထွက်ရအောင်လို့ ပြောချင်တယ်။"ဟုလည်း ဒေါ်လုရာကဆိုသည်။

မြစ်ဆုံစီမံကိန်းကို ထာဝရရပ်ဆိုင်းသွားအောင် လုပ်ပေးနိုင်မည်ဟု



ဒေသခံများ မျှော်လင့်ပြီး ထောက်ခံခဲ့ကြသည့် လက်ရှိ အန်အယ်ဒီအစိုးရကလည်း မြစ်ဆုံစီမံကိန်းအပေါ် တိတ်ဆိတ်နေကြကြောင်း ဒေသခံများက ဝေဖန်ကြသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မြစ်ဆုံနောက်ဆုံးအခြေအနေသည် သမ္မတဆီ အစီရင်ခံစာတင်ရန် ပြင်ဆင်နေသည့်ကာလဖြစ်ပြီး သမ္မတဆီကို အစီရင်ခံစာ တင်ပြီးသည့်နောက်တွင် ပြည်သူများ အသေးစိတ်သိရမည် ဖြစ်ကြောင်းဆိုသည်။ တရုတ်အစိုးရမှလည်း မြစ်ဆုံစီမံကိန်းကို ပြန်စရအောင်လို့ အစိုးရကိုလာပြောခြင်းလည်း မရှိကြောင်းလည်း ဆိုသည်။

အစိုးရသည် ပြည်သူများမှ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသာဖြစ်သည့်အတွက် ပြည်သူ့ဆန္ဒကသာ အဓိကဖြစ်ကြောင်း၊ ပြည်သူများလက်ခံခြင်းမရှိလျှင် မြစ်ဆုံစီမံကိန်းကိုလည်း ပြန်လည်စတင်လာမည် မဟုတ်ဟုလည်း ဝန်ကြီးချုပ်က အာမခံပြောဆိုသည်။

ဒေါက်တာခက်အောင်က မြစ်စုံစီမံကိန်း ပြန်လည်စတင်လာမည်ကို စိတ်ပူနေကြသည့် ပြည်သူများကို "ပြည်သူလူထုကို ပြောချင်တာက ခင်ဗျားတို့ ဆန္ဒအတိုင်းပဲပဲလို့ ပြောချင်ပါတယ်။ အဲ့လို အမှာစကားပါးချင်ပါတယ်။"ဟု ထပ်မံပြောဆိုသည်။

(၆)နှစ်ကြာ ရပ်ဆိုင်းထားပြီဖြစ်သည့် မြစ်ဆုံရေကာတာစီမံကိန်း အမြန်ဆုံး ထာဝရရပ်ဆိုင်းသွားရန် ဒေသခံများ မျှော်လင့်နေကြသည်။

နှစ်တွင်ကြာပြီ ဖြစ်သော်လည်း တရုတ်ကုမ္ပဏီများမှ ဆက်လက်ထောက်ပံ့နေဆဲ ဖြစ်နေသည့်အပေါ် ဒေသခံပြည်သူများက မြစ်ဆုံစီမံကိန်း ပြန်လည်အကောင်အထည်ဖော်လာမည်ကို စိုးရိမ်နေကြခြင်းဖြစ်သည်။

"စီမံကိန်း မလုပ်တော့ဘူးဆိုရင်တော့ ကျွန်တော်တို့ကို ဆန်လည်းထောက်ပံ့ပေးတော့မှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။"ဟု မြစ်ဆုံဒေသခံ ဦးဂွမ်ရိန်ကဆိုသည်။




# အမှန်တရားကို မျှော်လင့်နေသူများ

စုံစမ်းဖော်ထုတ်ပေးရန် ကျန်ရစ်သူဇနီးသည်နှစ်ဦးမှ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး ကော်မတီ ဥက္ကဌထံ စက်တင်ဘာ ၄ရက်နေ့၌ တင်ပြထားကြောင်း သိရသည်။

ယခုနှစ် မေလမှ အောက်တိုဘာလထိ ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် KIA တို့ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင် အသတ်ခံထားရသည်ဟု ယူဆထားသော ကချင်အမျိုးသား ၆ဦး၏ အလောင်းများကို ပြန်ရှာတွေ့ရခဲ့သည်။

သေသလား ရှင်သလား မသိရပဲ၊ ပျောက်ဆုံးနေသူများလည်း ကချင်ပြည်နယ်တွင် ရှိနေသည်။ ပြန်ရှာတွေ့ရသည့် အလောင်း ၆လောင်းအနက် ၂လောင်းမှာ မိုးကောင်းမြို့နယ်၊ နမ့်မွတီး လမ်းခွ ကျေးရွာတွင် နေထိုင်သူ အသက် ၃၃နှစ်ရှိ ဦးနော်လတ်နှင့် အသက် ၄၁နှစ်ရှိ ဦးနော်ဘောက်တို့ ဖြစ်သည်။

ဦးနော်လတ်သည် ကလေး ၂ဦး၏ ဖခင်ဖြစ်ပြီး ဦးနော်ဘောက်မှာ ကလေး၃ဦး၏ဖခင်ဖြစ်သည်။ အဆိုပါနှစ်ဦးသည် လမ်းမပေါ်တွင် မိုင်းထောင်နေစဉ် မိုင်းပေါက်ကွဲသွားပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း ဩဂုတ်လ ၉ရက် နံနက်ပိုင်းမှာ Facebook စာမျက်နှာ၌ သတင်းများ ပေါ်ထွက်ခဲ့သည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး Facebook စာမျက်နှာတွင် သေဆုံးသူနှစ်ဦးသည် KIA များဖြစ်ပြီး အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် မိုင်းထောင်နေစဉ် ပေါက်ကွဲ သေဆုံးသွားခြင်းဖြစ်ကြောင်း ဩဂုတ် ၈ရက်နေ့၌ ထုတ်ပြန်ခဲ့သည်။

ကာယကံရှင် မိသားစုများသည် ဦးနော်လတ်နှင့် ဦးနော်ဘောက် သေဆုံးရသည့် အကြောင်းရင်း အမှုမှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းဖော်ထုတ်ပေးရန် ကျန်ရစ်သူဇနီးသည်နှစ်ဦးမှ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး ကော်မတီ ဥက္ကဌထံ စက်တင်ဘာ ၄ရက်နေ့၌ တင်ပြထားကြောင်း သိရသည်။ သေဆုံးသူနှစ်ဦးသည် ကေအိုင်အေနှင့်ပတ်သက်မှု မရှိကြောင်း ပြောဆိုထားသည်။

ဦးနောင်လတ်နှင့် ဦးနော်ဘောက်တို့သည် ဒွန်ဘုံးကျေးရွာရှိ ဦးနော်ဘောက်၏ လိမ္မော်ခြံသို့သွားရင်း ချောင်းထဲငါးသွားဖမ်းရန် ဩဂုတ်လ ၇ရက်နေ့၌ နေအိမ်မှ ထွက်သွားပြီးနောက် နှစ်ရက် အကြာတွင် သေဆုံးသည့်အလောင်းများကို ပြန်တွေ့ရခြင်း ဖြစ်ကြောင်း သိရသည်။

## NEWS FEATURE






ဦးနော်လတ်နှင့် ဦးနော်ဘောက်တို့သည် မိုးကောင်းမြို့နယ် နမ္မတီးမြို့ လမ်းခွကျေးရွာတွင် အတည်တကျ နေထိုင်ကာ သမာရိုးကျအလုပ် လုပ်ကိုင်စားသောက်သူများ ဖြစ်ကြောင်း မိသားစုဝင်များက ဆိုသည်။ ဦးနော်လတ်သည် ကျေးရွာမှ မီးသတ်တာဝန်ကိုလည်း ထမ်းဆောင်ပြီး ကျပန်းအလုပ်များ လုပ်ဆောင်ကာ မိသားစုအား ကျွေးမွေး စောင့်ရှောက်နေသူ ဖြစ်သည်ဟု သိရသည်။

၎င်းတို့နှစ်ဦးကို ဩဂုတ်လ ၈ရက်နေ့တွင် နမ္မတီးအနီးရှိ ဆီးဒင်ယန် ဂိတ်၌ တပ်မတော်တပ်ရင်းမှ ဖမ်းဆီးထားသည်ကို တွေ့ခဲ့သူအသိ တစ်ယောက်က လာပြောပြသောကြောင့် ထိုညတွင်းချင်းပင် ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် မီးသတ်အရာရှိများဆီသို့ သေဆုံးသူနှစ်ဦး၏ ဇနီးများသည် အကူအညီ သွားတောင်းခဲ့ကြသော်လည်း အဆင်မပြေ ခဲ့ကြောင်း ဒေါ်ဆိုင်းနန်ကဆိုသည်။

ထိုသို့ ဖမ်းခံထားရသည့်သတင်း ကြားရသော်လည်း ပြန်လွှတ်ပေး လိမ့်မည်ဟု ယုံကြည်နေကြချိန်မှာပဲ နောက်နေ့ နံနက်တွင် ခင်ပွန်းများ ၏ အလောင်းများကို Facebook စာမျက်နှာများ၌ တွေ့မြင်ခဲ့ရခြင်း ဖြစ်သည်။

"ကျွန်မက Facebook လည်း မသုံးဘူး။ ကလေးကျောင်းပို့ပြီး ပြန်လာတော့ ဆွေမျိုးတစ်ယောက်က Facebook မှာပုံတွေ့တယ်ဆိုပြီး ငိုပြီးလာပြောပြတယ်။ ကျွန်မက အဲအချိန်မှသိရတာ။ အဲလိုညတွင်းချင်းပဲ၊ အဲလိုဖြစ်သွားမယ် ဆိုတာ မထင်ထားဘူးလေ"ဟု ဦးနော်ဘောက်၏ဇနီး ဒေါ်ဂျာလောဒ်က ပြောနေလျှက် မျက်ရည်များ ဝဲလာသည်။

ဦးနော်လတ်နှင့် ဦးနော်ဘောက်တို့သည် မိုးကောင်းမြို့နယ် နမ္မတီးမြို့ လမ်းခွကျေးရွာတွင် အတည်တကျ နေထိုင်ကာ သမာရိုးကျအလုပ် လုပ်ကိုင်စားသောက်သူများ ဖြစ်ကြောင်း မိသားစုဝင်များက ဆိုသည်။ ဦးနော်လတ်သည် ကျေးရွာမှ မီးသတ်တာဝန်ကိုလည်း ထမ်းဆောင်ပြီး ကျပန်းအလုပ်များ လုပ်ဆောင်ကာ မိသားစုအား ကျွေးမွေး စောင့်ရှောက်နေသူ ဖြစ်သည်ဟု သိရသည်။

ဦးနော်ဘောက်ကမူ ဆင်ပိုင်ရှင်ဖြစ်ပြီး ထိုဆင်ဖြင့်ငွေရှာပြီး မိသားစုကို ထောက်ပံ့နေသည့် အိမ်ထောင်ဦးစီး ဖြစ်သည်။

ဒေါ်ဂျာလောဒ်က "ကျွန်မခင်ပွန်း ဦးနော်ဘောက်က ဆင်နဲ့ပဲလုပ်ကိုင် ရှာစားတာ ဟုတ်တယ်၊ အခုတ လောကျတော့ ဆင်ကိုတောထဲမှာတောင် မလွှတ်ပဲ၊ ဒွန်ဘွန်းရွာမှာပဲ ထားထားတော့ အဲမှာပဲ ဆင်ခဏခဏ သွားကြည့်ရတာ ဟုတ်တယ်"ဟု ဆိုသည်။

ဦးနော်လတ်နှင့် ဦးနော်ဘောက်တို့ နှစ်ဦးသည် လူမှုဆက်ဆံရေး ကောင်းမွန်ကြသူများဖြစ်ပြီး အခြား သူများနှင့် မနာလိုမုန်းတီး ရန်ဖြစ်ခြင်း များ မရှိကြောင်း ဇနီးသည်များက ဆိုသည်။

"သူ(ဦးနော်ဘောက်)က စကားလည်း တအားနည်း တယ်၊ အရမ်းလည်း အားနာတတ်တယ်။ သူများကို လည်း ဟိုဟိုဒီဒီ စကားသိပ်မပြောရဲဘူး။ အရမ်းလည်း သီးခံတတ်တာ ဟုတ်တယ်။"ဟု ဒေါ်ဂျာလောဒ်က ဆိုသည်။

မိသားစုကို အဓိက ရှာဖွေကျွေးမွေးနေသည့် အိမ်ထောင်ဦးစီး ဖခင်များ သေဆုံးသွားသည့်အတွက် ကျန်ရစ်နေသည့် သားသမီးများအတွက် လည်း အနာဂတ်ပျောက်ဆုံးသလို ခံစားနေရကြောင်း ဇနီးသည်နှစ်ဦးက ဆိုသည်။

ဦးနော်လတ်၏ဇနီး ဒေါ်ဆိုင်းနန်က "သူဒီလိုဖြစ်သွားလို့ မိသားစုအတွက် အမှီအခိုမဲ့သွားရပြီ၊ အဖေတစ်ယောက် ဒီလိုဖြစ်သွားတော့ သမီး နှစ်ယောက်အတွက်လည်း ကျွန်မစိတ်ထဲမှာ အရမ်းဝမ်းနည်း ခံစားရ တယ်။ သူမရှိတော့တဲ့အတွက် ကလေးနှစ်ယောက်ရဲ့ရှေ့ရေးအတွက်



တွေးကြည့်ရင်း ကျွန်မမိသားစုက အမှောင်ထဲမှာ လမ်းပျောက်သွားသလို အရမ်းခံစားရတယ်။ ဘာအလုပ်တွေ ဆက်လုပ်ရမှန်းတောင် မသိတော့ဘူး။ အရမ်းဝမ်းနည်းတယ်”ဟု ငိုလျှက် ပြောပြသည်။

ဇနီးသည်နှစ်ဦးသည် ခင်ပွန်းသည်များ၏ အလောင်းအား Facebook စာမျက်နှာ၌သာ တွေ့ရပြီး အပြင်တွင် မတွေ့ရသည့်အတွက်လည်း ပို၍ဝမ်းနည်းမိကြောင်း ဆိုကြသည်။

ခင်ပွန်းသည်နှစ်ဦး၏ အလောင်းကို ဆေးရုံရင်ခွဲရုံသို့ ပို့ဆောင်ခြင်းလည်းမရှိပဲ၊ စစ်တပ်မှ မြေမြှုပ်လိုက်ခြင်း ဖြစ်ကြောင်းလည်း ဆိုသည်။

“ကျွန်မခင်ပွန်းရဲ့ရုပ်အလောင်းကို မြင်ချင်တယ်။ ဒါပေမဲ့ ကြည့်ခွင့်မပေးတဲ့အတွက် အရမ်းဝမ်းနည်းတယ်”ဟု ဒေါ်ဆိုင်းနန်က ပြောသည်။

၎င်းတို့နှစ်ယောက်ကို သင်္ဂြိုလ်ထားသည့်နေရာသို့ သွားပြီးဆုတောင်းရန် တပ်စခန်းကို ခွင့်တောင်းပြီး သွားခဲ့ကြသည်။ သို့သော် အလောင်းကို ပြန်ဖော်ခွင့်မရှိသည့်အတွက် အလောင်းမြှုပ်ထားသည့်နေရာကို မှန်းဆပြီး ဆုတောင်းပေးခဲ့ရကြောင်း ဆိုသည်။

ဦးနောင်လတ်နှင့် ဦးနော်ဘောက်တို့အား ဆီးဒင်ယန်ဂိတ်တွင် ဖမ်းဆီးထားသည်ဟု မိသားစုများ သိခဲ့ရသည့် နောက်နေ့ နံနက်တွင် မိုင်းထောင်နေစဉ် သေဆုံးသွားသည်ဟု သတင်းများ ထွက်ပေါ် လာခဲ့သည့်အပေါ် မိသားစုများက သေဆုံးသူနှစ်ဦးအတွက် အမှုမှန် ပေါ်ပေါက်လာရန် အလိုရှိနေကြသည်။

၎င်းတို့နှစ်ဦးအား ဆီးဒင်ယန်ဂိတ်တွင် ဖမ်းဆီးထားစဉ် မြင်တွေ့ခဲ့သော သက်သေများလည်း ရှိနေသောကြောင့် ထိုဖြစ်ရပ်ကို မံစီမြို့နယ် မိုင်းခေါင်စစ်ဘေးဒုက္ခသည် သုံးဦးသတ်ခံရသည့်အမှုကဲ့သို့ စုံစမ်းဖော်ထုတ်ပေးရန် မိသားစုဝင်များက အလိုရှိနေကြသည်။

“ဒီဖြစ်စဉ်ကို မှန်မှန်ကန်ကန် ဖေါ်ထုတ်ပေးဖို့ ကျွန်မကတော့ လိုလားတယ်။ ကျွန်မခင်ပွန်းကို ကေအိုင်အေ ဆိုပြီးစွပ်စွဲကြတယ်ဆိုလို့ သူက ကေအိုင်အေနဲ့ မပတ်သက်တဲ့အကြောင်း သူက (အရန်) မီးသတ်အလုပ်ကို ကျောင်းသားဘဝ ကတည်းက လုပ်နေတယ်ဆိုတာ သိရတယ်။ ဒါကြောင့် မှန်ကန်တဲ့အဖြေကို ဖေါ်ထုတ်ပေးဖို့ လိုလားတယ်။”ဟု ဒေါ်ဆိုင်းနန်က ဆိုသည်။

အချိန် နှစ်လကျော်လာပြီ ဖြစ်သော ဤအမှု ကို ကျန်ရစ်သူ မိသားစုဝင်များက အမှုမှန် ပေါ်ပေါက်လာရန် မျှော်လင့်နေဆဲဖြစ်သည်။

By Maran
12 October 2017






တရုတ်ငွေ သုံးသောင်းမပေးနိုင်ကြောင်း နှစ်သောင်းခွဲသာ ပေးနိုင်သည်ဟူ၍ အိန်ဇင်ကို ကုန်ပစ္စည်းတစ်ခုလို ဈေးဆစ်နေကြသည်ဟု အိန်ဇင်က ပြန်ပြောပြသည်။

# တရုတ်ရောင်းကုန်ဖြစ်ခဲ့ရတဲ့ စစ်ဘေးဒုက္ခသည်မိန်းမပျို

By Lawhkum Zau
20 November 2017

ဆေးခန်းက ပေးလိုက်သည့် အဖြေတစ်ခုကြောင့် မအိန်ဇင် (အမည်လွှဲ) ပျော်သွားသည်။ ဆေးခန်းက ပေးလိုက်သည့် ဆေးစစ်ချက်စာရွက်သည် သူ့အတွက်တော့ အိမ်ပြန်ခွင့် လက်မှတ်ဖြစ်လိမ့်မည်ဟု မအိန်ဇင်တွေးပြီး တဒင်္ဂပျော်မိသွားခဲ့သည်။

အိန်ဇင်သည် အသက် ၁၇နှစ်အရွယ် စစ်ဘေးဒုက္ခသည် ကချင်တိုင်းရင်းသူ အမျိုးသမီးငယ်တစ်ဦး ဖြစ်သည်။ ၎င်း၏အိမ်ပြန်လက်မှတ် ဖြစ်လာလိမ့်မည်ဟု ထင်ခဲ့သည့် ဆေးစစ်ချက်အဖြေသည် တကယ်တမ်း ဖြစ်မလာခဲ့ပါ။ ဆေးစစ်ချက် ရလဒ်ကြောင့် ပထမလာကြည့်သူ တရုတ်အမျိုးသားက မအိန်ဇင်အား မယူတော့သော်လည်း လူကုန်ကူးပွဲစားများက မအိန်ဇင်ကို တရုတ်အမျိုးသား နောက်တစ်ယောက်ထံ ရောင်းစားလိုက်ကြသည်။

ငယ်ရွယ်သေးသည့် မအိန်ဇင်သည် မိသားစု ငွေကြေးလိုအပ်မှုကြောင့် အလုပ်ထွက်ရှာရာမှ ဇူလိုင်လ လဆန်းပိုင်းတွင် လူကုန်ကူးမှုဆိုးများ၏ ရောင်းစားခြင်းခံရပြီးနောက် တရုတ်မယားလုပ်ခဲ့ရကာ မကြာသေးခင်ကမှ မိမိနေအိမ်သို့ ပြန်လာနိုင်ခဲ့သည်။

"ကချင်အချင်းချင်းဖြစ်နေတော့ ကျွန်မက ယုံကြည်သွားတာ"ဟု မအိန်ဇင်က ဆိုသည်။

## မြစ်ကြီးနားမြို့မှ တရုတ်နိုင်ငံ ကျန်းဟုန်းမြို့သို့

မအိန်ဇင်သည် မိသားစုနှင့်အတူ မြစ်ကြီးနားမြို့ရှိ စစ်ဘေးဒုက္ခသည် စခန်းတစ်ခုတွင် နေထိုင်ကာ တက္ကသိုလ်ဝင်တန်း တက်ရောက်နေသူဖြစ်သည်။ သူမသည် မောင်နှမ(၇)ယောက်ထဲမှာ အကြီးဆုံးသမီး ဖြစ်သည်။ ဖခင်မှာလည်း ကြုံရာနေ့စားအလုပ်များကိုသာ လုပ်ကိုင်နေရသူဖြစ်ကာ မိသားစု၏စားဝတ်နေရေး အခြေအနေ ကြပ်တည်းမှုများက သူမကိုကျောင်းထွက်၍ အလုပ်လုပ်ရန် တွန်းအားပေးခဲ့သည်။

စစ်ဘေးဒုက္ခသည်စခန်းတွင် အတူနေထိုင်သော သူငယ်ချင်းမိန်းကလေးနှင့် မအိန်ဇင်တို့နှစ်ဦးကို တစ်လလျှင် နှစ်သိန်းရသည့် အလုပ်ရှိသည်ဟု မန္တလေးမြို့မှ ကချင်အမျိုးသမီးတစ်ဦး ခေါ်သောကြောင့် မည်သည့်အလုပ်မျိုး ဖြစ်သည်ကို အိန်ဇင် သေချာမသိရသော်လည်း အလုပ်ရလိုသည့်စိတ်ဖြင့် မန္တလေးမြို့သို့ သူငယ်ချင်းနှင့်အတူ ဆင်းသွားကြသည်။

မန္တလေးသို့ ရောက်သောအခါ KTV တွင် သီချင်းဆိုရမည်ဟု ပြောလာသောကြောင့် ထိုအလုပ်တွင် မလုပ်လိုကြောင်း အိန်ဇင်က ငြင်းဆိုခဲ့သည်။ မြစ်ကြီးနားမှ အတူဆင်းလာသည့် သူငယ်ချင်းက မူဆယ်မြို့မှ ၎င်းနှင့်ရင်းနှီးသည့် သူငယ်ချင်းတစ်ဦးထံ ဖုန်းဆက်ပြီး အလုပ်ရှာပေးရန် ပြန်လည်ဆက်သွယ်ခဲ့သည်။ ထိုဖုန်းဆက်

အကူအညီတောင်းသည့် သူငယ်ချင်းကလည်း မူဆယ်မြို့ကို လာခဲ့ကြဖို့ ပြောလာသောကြောင့် အိန်ဇင်တို့နှစ်ယောက်သည် မူဆယ်သို့ ခရီးဆက်ခဲ့ကြသည်။

မူဆယ်မြို့သို့ ရောက်ရှိပြီးနောက် သူငယ်ချင်း၏ မိတ်ဆွေဆိုသူ 'အဘား'က နေဖို့နေရာစီစဉ်ပေးပြီး အလုပ်စုံစမ်းပေးမည်ဟု ပြောဆိုသည်။ မူဆယ်မြို့တွင် အလုပ်စောင့်နေသော သုံးရက်မြောက်နေ့၌ မြစ်ကြီးနားမှ အတူလာခဲ့သည့် သူငယ်ချင်းက ၎င်းတို့ကိုယ်တိုင် အလုပ်ထွက်ရှာကြမည်ဟုဆိုကာ အိန်ဇင်ကို မူဆယ်ဈေးသို့ ခေါ်သွားခဲ့သည်။

ဈေးရောက်တော့ အိန်ဇင် တစ်ခါမှ မရောက်ဖူးသော မူဆယ်ဈေးထဲတွင် သူငယ်ချင်းက အပြင်ခဏသွားမည်ဟုဆိုကာ သူမကိုဈေး၌ ထားသွားခဲ့သည်။ သူငယ်ချင်းကို အိန်ဇင်ကိုဈေးမှ ပြန်လာခေါ်ပေးရန် ဖုန်းဆက်သော်လည်း "ငါသွားချင်ရာကို သွားတော့မယ်၊ နင်လည်း နင်သွားချင်တဲ့နေရာသွားတော့။"ဟုဆိုကာ ဖုန်းချသွားတော့သည်။

"အဲအချိန်မှာ ကျွန်မလည်း ဘာမှမသိတော့ဘူး ငိုဖို့ပဲသိတော့တယ်။"ဟု အိန်ဇင် ပြန်ပြောပြနေသည်။

သူငယ်ချင်းဖြစ်သူ ထားသွားပြီးနောက် အိန်ဇင်ကို အဘားက ဖုန်းဆက်လာပြီး တရုတ်ပြည် ကျန်းဟုန်းမြို့ရှိ ထမင်းဆိုင်တစ်ခုတွင် အလုပ်သွင်းပေးသည်။ အလုပ်တစ်ခုတော့ ရအောင်လုပ်မည်ဆိုသည့် ဆုံးဖြတ်ချက်ဖြင့် အိန်ဇင်သည် တရုတ်စကားတစ်လုံးမှ မတတ်သော်လည်း အဘား ဆက်ပေးသည့် တရုတ်ပြည်ရှိ ထမင်းဆိုင်တွင် အလုပ်စတင်လုပ်ခဲ့သည်။

မြစ်ကြီးနားမှ ထွက်လာပြီး တစ်လခန့်အကြာမှာတော့ အိန်ဇင်သည် တရုတ်အမျိုးသား၏ ဇနီးဖြစ်သွားလေတော့သည်။

## လူကုန်ကူးသူတို့၏ ပစ်မှတ်ဖြစ်သွားခြင်း

ထမင်းဆိုင်တွင်လည်း တရုတ်စကား မပြောတတ်သောကြောင့် ဆိုင်ရှင်များနှင့် ဆက်ဆံပြောဆိုရန် အခက်မပြေသည့်သာမက အိန်ဇင်သည် အမြဲတမ်းဆိုင်ရှင်များ၏ အော်ငေါက်ခြင်းကို ခံနေရသည်။ ရက်ပိုင်းအကြာမှာတော့ အိန်ဇင်သည်သူအလုပ်လုပ်သည့် ထမင်းဆိုင်ဘေးက ခေါန်ထွယ်ဆိုသည့် ကချင်မလေးတစ်ယောက်နှင့် သိကျွမ်းသွားခဲ့သည်။

ခေါန်ထွယ်သည် တရုတ်ပြည်တွင် နေထိုင်သည်မှာ ကြာပြီဖြစ်ပြီး ၎င်း၏မိဘများလည်း ကျန်းဟုန်းမြို့တွင် အိမ်ငှားနေထိုင်ကြကြောင်း သိရသည်။ သူနှင့်သိကျွမ်းပြီးနောက် အိန်ဇင်သည် ထမင်းဆိုင်မှ အလုပ်ထွက်ပြီး ခေါန်ထွယ်နေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ခေါန်ထွယ်လည်း အိန်ဇင်ကို အလုပ်ရှာပေးမည်ဟု ပြောဆိုထားသည်။

ခေါန်ထွယ်တို့၏ အိမ်သို့ရောက်ပြီး တစ်ပတ်ခန့်အကြာမှာတော့ ခေါန်ထွယ်၏မိခင်(အဒင့်)သည် အိန်ဇင်ကို တရုတ်မယားလုပ်ရန် စည်းရုံးလာတော့သည်။

"တရုတ်ဇနီး သွားလုပ်ရမယ် မလုပ်ချင်ဘူးလား၊ ခြောက်လပဲနေရမှာ၊ ခြောက်လပြည့်ရင် ပြန်လာခေါ်မယ်"ဟု အိမ်မှာ ခေါန်ထွယ် မရှိသည့်အချိန်များတွင် စတင်ပြောဆိုလာသည်ဟု ပြောပြသည်။

အိန်ဇင်သည် မလုပ်နိုင်ကြောင်းငြင်းဆိုခဲ့ပြီး ခေါန်ထွယ် အိမ်ပြန်ရောက်သည့်အချိန်တွင် ထိုအကြောင်းကို ပြန်ပြောပြရာ မိခင်နှင့်သမီး အကြံတူဖြစ်နေသည်ကို အိန်ဇင်သတိထား မိတော့သည်။

ထိုအခြေအနေများကြောင့် ခေါန်ထွယ်အိမ်မှာ အဝတ်အစား၊ ပစ္စည်းများ သိမ်းပြီး အိမ်ပြန်ရန် တရုတ်ပြည် ကျန်းဟုန်းကားဂိတ်သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ သို့သော် လွယ်ဂျယ်သွားမည့် တရုတ်ကားသမားများက နယ်စပ်သွားလာခွင့် လက်မှတ်(စာအုပ်အနီ) မရှိသော အိန်ဇင်ကို ကားစီးခွင့် မပေးကြပေ။ တရုတ်စကားလည်း တစ်လုံးမှ မတတ်သောကြောင့် တရုတ်ကားသမားများကို ရှင်းပြရန်လည်း အခက်အခဲဖြစ်ခဲ့ပြီး တရုတ်မယားမဖြစ်ခင် မိမိနေအိမ်ပြန်ရမည့် အခွင့်အရေး အိန်ဇင် ဆုံးရှုံးခဲ့ရသည်။

အိန်ဇင်ကားဂိတ်တွင်ရှိနေစဉ် ခေါန်ထွယ်၏မိခင် 'အဒင့်'က ဖုန်းဆက်လာပြီး အိမ်ပြန်ရန်အတွက် လမ်းစရိတ်လည်း ရှာပေးမည့်အပြင် နယ်စပ်သွားလာခွင့်လက်မှတ်လည်း လုပ်ပေးမည်ဖြစ်ကြောင်း တရုတ်ဇနီးမလုပ်လိုလျှင်လည်း အိန်ဇင်၏သဘောသာဖြစ်ကြောင်း အခုတော့၎င်းတို့နှင့်အတူ ပြန်လာနေရန် ပြောဆိုပြီး ကားဂိတ်အထိ လာကြိုလေသည်။

ခေါန်ထွယ်တို့ သားအမိကို အိန်ဇင် ဒုတိယအကြိမ် ယုံကြည်မိပြီး သူတို့နှင့်အတူ ပြန်လိုက်သွားခဲ့သည်။ ခေါန်ထွယ်တို့အိမ်တွင် နှစ်ရက်ခန့်နေပြီး နောက်တစ်နေ့မှာတော့ အဒင့်၏သူငယ်ချင်းဆိုသူ အမျိုးသမီးကြီး တစ်ယောက် ရောက်လာသည်။ ၎င်းအမျိုးသမီး (နာမည်မှာ အဘောက်ဟုသိရ)သည်။

ထိုအမျိုးသမီးက အိန်ဇင်ကို ထိုင်ခိုင်းလိုက်၊ မတ်တပ်ရပ်ထားခိုင်းလိုက်၊ အမျိုးမျိုးလုပ်ခိုင်းကာ ဓါတ်ပုံရိုက်ယူခဲ့သည်ဟု အိန်ဇင်က ဆိုသည်။

အိန်ဇင်သည် နားမလည်နိုင်ဖြစ်လာပြီး အဒင့်ကို မေးကြည့်တော့ "နင့်ကို ခင်လို့ဓါတ်ပုံရိုက်တာပါ"ဟုသာ ပြန်ဖြေသည်။ တကယ်တော့ ထိုဓါတ်ပုံများကို ဇနီးမယားရှာနေသော တရုတ်အမျိုးသားများထံ ပို့ပေးရန်ဖြစ်ကြောင်း အိန်ဇင်နောက်မှ သိခဲ့ရသည်။

## အိန်ဇင် ရောင်းချခံရခြင်း

ဓါတ်ပုံရိုက်ပြီး နောက်တစ်ရက်တွင် အလုပ်တစ်ခုပြောထား သည်ဟု ဆိုကာ အဒင့်နှင့်အဘောက်တို့သည် အိန်ဇင်ကိုခေါ်ပြီး ကျန်းဟုန်းမြို့မှ

ထွက်လာခဲ့ကြသည်။ မြို့တစ်မြို့သို့ရောက်သောအခါ တရုတ်ပြည် မန်ရှီမြို့မှ ရောက်လာသည့် (အစီးခေါ်သည့်) အမျိုးသမီးကြီးတစ်ဦးနှင့် တွေ့ကြသည်။ တရုတ်ငွေ သုံးသောင်း မပေးနိုင်ကြောင်း နှစ်သောင်းခွဲသာ ပေးနိုင်သည်ဟူ၍ အိန်ဇင်ကို ကုန်ပစ္စည်းတစ်ခုလို ဈေးဆစ်နေကြသည်ဟု အိန်ဇင်က ပြန်ပြောပြသည်။

"ရောင်းစားလိုက်ပြီဆိုတာ သိလိုက်ကတည်းက တရုတ်ဇနီးမလုပ်ချင်ဘူးလို့ ငိုပြီးတောင်းပန်တယ်။ သူတို့က ကျွန်မအတွက် ငွေပေးလိုက်ပြီဖြစ်လို့ မလိုက်လို့ မရတော့ဘူးလို့ ခြိမ်းခြောက်တယ်။"ဟု အိန်ဇင်ပြန်လည်ပြောပြသည်။

တရုတ်ယောက်ျားနှင့် မိမိသဘောတူပြီး ယူခြင်းဖြစ်ကြောင်း စာရွက်တစ်ခုတွင် ရေးပြီးလက်မှတ်ထိုးခိုင်းသည်။ အဘောက်ဆိုသည့် အမျိုးသမီးလည်း အသိသက်သေအဖြစ် လက်မှတ်ထိုးခဲ့သည်။ အဒင့်က ယခုပေးချေထားသည့် ငွေအားလုံးကို ၎င်းတို့ယူမည်မဟုတ်ကြောင်း ဘဏ်ကဒ်ထဲတွင် ထည့်ပေးထားကြောင်းဆိုကာ အိန်ဇင်ကို ကဒ်တခုထုတ်ပေးလိုက်သည်။ သို့သော် အဆိုပါဘဏ်ကဒ်ထဲတွင် ပိုက်ဆံတစ်ပြားမှ မရှိကြောင်း အိန်ဇင်နောက်မှ သိခဲ့ရသည်။ အဒင့်က ခြောက်လနေပြီးရင် ပြန်လာခေါ်မည်ဟုပြောပြီး မန်ရှီမြို့မှ ရောက်လာသည့် အစီးဆိုသူ အမျိုးသမီးလက်ထဲသို့ အိန်ဇင်ကို ထည့်ပေးလိုက်ကြသည်။

အစီးသည် မန်ရှီမြို့ရှိ ၎င်း၏အိမ်သို့ အိန်ဇင်ကိုခေါ်လာပြီး နောက်နှစ်ရက်တွင် တရုတ်ကားသမားတစ်ဦး လက်ထဲအပ်ပြီး ခွန်းမင့်မြို့သို့ ပြန်ပို့လိုက်သည်။ ခွန်းမင့်မြို့သို့ ရောက်သည့်အခါ ကားသမားက လေယာဉ်ဖြင့် ကြိုရောက်နှင့်နေသော အစီး၏လက်ထဲသို့ ပြန်အပ်ခဲ့သည်။ အစီးက အိန်ဇင်ကို ခေါ်ပြီး နောက်တစ်မြို့တွင်ရှိသည့် အဂျီးဆိုသည့် အမျိုးသမီးအား ပြန်လည်အပ်ခဲ့သည်။

အဂျီးဆိုသူမှာ မြန်မာပြည်မှ ကချင်အမျိုးသမီးဖြစ်ပြီး တရုတ်ပြည်တွင် အိမ်ထောင်ကျနေသည်မှာ ကြာပြီဖြစ်ကြောင်း သိရသည်။ ၎င်းတို့က အိန်ဇင်ကို တည်းခိုခန်းတစ်ခုတွင် နှစ်ရက်ခန့်နေခိုင်းထားကြသည်။

"ဒီကိုအိမ်ထောင်ပြုဖို့လာတာ မင်းမိဘတွေသိပြီးသားလား"ဟု အဂျီးကမေးလာသည်။ အိန်ဇင်ကလည်း "ကျွန်မလည်း အဂျီးကို အတင်းအကျပ် ရောင်းစားခံရတာဖြစ်တယ်။ အိမ်ပြန်ပို့ပေးပါလို့ ပြောတယ်။ ဒါပေမဲ့ အဂျီးက တရုတ်ငွေ ၄သောင်းကျော် (ဗမာငွေ ကျပ်သိန်းရှစ်ဆယ်ဝန်းကျင်) ကုန်သွားပြီ။ ပြန်ပို့လို့ မရတော့ဘူး။"ဟု ပြောဆိုခဲ့သည်ဟု ဆိုသည်။

အိန်ဇင်သည် အဂျီးအိမ်တွင်နေစဉ် အဂျီးရောင်းစားထားပြီး ပြန်လည်ထွက်ပြေးသွားသည့် ကချင်အမျိုးသမီးတစ်ဦးနှင့် ဖုန်းဖြင့် စကားပြောရန် အခွင့်အလမ်းကြုံခဲ့သည်။

အဆိုပါအမျိုးသမီးက သူမကိုခေါ်သွားစဉ်ကလည်း အဆိုပါအမျိုးသမီးကြီးများသာ ဖြစ်ကြောင်း အိန်ဇင်ကို ခေါ်သွားသည့် နည်းလမ်းအတိုင်း သူမလည်းရောင်းချခံရခြင်း ဖြစ်ကြောင်း အိန်ဇင်ကိုလည်း "မင်းအဲဒီနေရာကနေ ချက်ချင်း ထွက်ပြေးတော့"ဟု ပြောဆိုခဲ့ကြောင်း အိန်ဇင်ကဆိုသည်။

## တရုတ်အမျိုးသားတစ်ဦးမှ ဝယ်ယူသွားခြင်း

အစီးဆိုသည့်အမျိုးသမီးကြီးမှာ အိန်ဇင်ကို အဂျီးလက်ထဲထည့်ခဲ့ပြီး မန်ရှီမြို့သို့ ပြန်သွားခဲ့သည်။ နောက်တစ်ရက်တွင် ဇနီးမယားရှာနေသည့် တရုတ်အမျိုးသားတစ်ဦးက လာကြည့်လေသည်။ အိန်ဇင်ကို ဆေးစစ်ပြီး ပထမတရုတ်အမျိုးသားက မယူကြောင်းပြောဆိုခဲ့သော်လည်း ဒုတိယမြောက်လာကြည့်သူ တရုတ်အမျိုးသားက ယူမည်ဖြစ်ကြောင်း ပြောဆိုသွားသည်။

"တရုတ်အမျိုးသားဆီ မသွားခင် ညကလည်း အဒင့်၊ အဘောက်တို့ကို ပြန်လာခေါ်ဖို့ တစ်ညလုံး ဖုန်းဆက်ပြီး တောင်းပန်တယ်။ ဒါပေမဲ့ ခြောက်လ သာနေရမယ်။ ဘာမှကြောက်စရာမလိုဘူးလို့ ပြန်ပြောကြတယ်။"ဟု အိန်ဇင်က ပြန်ပြောပြသည်။

မြစ်ကြီးနားမှ ထွက်လာပြီး တစ်လခန့်အကြာမှာတော့ အိန်ဇင်သည် တရုတ်အမျိုးသား၏ ဇနီးဖြစ်သွားလေတော့သည်။ တရုတ်အမျိုးသား၏ အိမ်ရောက်သွားသည့်နေ့မှစပြီး အိန်ဇင်သည် ဖုန်းကိုင်ခွင့်လည်း ပိတ်ပင်ခံရသည်။

တစ်ပတ်ကျော်လာသည်အထိ ရက်တိုင်းလိုလို ငိုကြွေးလျက်သာ နေခဲ့ရသည်။ အိန်ဇင် ထိုသို့ငိုကြွေးနေတာ ကြာလာတော့ တရုတ်အမျိုးသားက သည်းမခံနိုင်တော့ဘဲ အော်ဆူလာသည်။ အိန်ဇင်က တရုတ်စကား နားမလည်သည့်အတွက် တရုတ်အမျိုးသားက အဂျီးကို ဖုန်းဆက်ပြီး အိန်ဇင် နေ့တိုင်းငိုနေရသည့် အကြောင်းကို မေးခိုင်းသည်။

"ဖုန်းမပေးကိုင်လို့ ငိုတာ၊ we chat မသုံးခိုင်းလို့ငိုတာ၊ ဒါတွေမသုံးခိုင်းရင် ထမင်းလည်း မစားတော့ဘူး"ဟု အိန်ဇင်က အဂျီးကိုဖုန်းမှတဆင့် ပြန်ပြောလိုက်တော့ တရုတ်အမျိုးသားက အိန်ဇင်ကို we chat အကောင့်ဖွင့်ထားသော ဖုန်းကိုပြန်ပေးကိုင်ခဲ့သည်။

အဆိုပါတရုတ်အမျိုးသားမှာ မိဘများနှင့်အတူနေထိုင်ပြီး ၎င်းတို့၏ မိသားစုသည် စိုက်ပျိုးရေးအလုပ်ကို လုပ်ကိုင်ကြသည်။ အလုပ်သို့ သွားရန် အိန်ဇင်ကိုပြောသော်လည်း အိန်ဇင်မလိုက်သည့်အတွက် ၎င်းတို့အလုပ်သွားချိန်တွင် သူမကို အိမ်ထဲတွင် သော့ပိတ်ပြီးထားခဲ့သည်ဟု ဆိုသည်။

အခုတော့ အခြားသူများကိုလည်း အလွယ်တကူ မယုံရဲတော့သည်ကို ပြောပြသည်။

## လွတ်မြောက်ရန်လမ်းစရှာခြင်း

အိမ်တွင်တစ်ယောက်တည်းရှိနေသော အချိန်များတွင် မြန်မာပြည်ကလူများနှင့် အဆက်အသွယ်ရရှိနိုင်ရန် အိန်ဇင် နည်းလမ်းရှာနေခဲ့သည်။ တရုတ်အမျိုးသား၏ wechat မြန်မာပြည်မှ အကောင့် friend ဖြစ်သူတစ်ယောက်မှ မရှိပဲ၊ အဂျီး၏ အကောင့်နှင့်သာ friend ဖြစ်နေသည်။ ထို့ကြောင့် ကချင်လူမျိုး များရှိသည့် wechat group တစ်ခုခုသို့ ခေါ်သွင်းပေးရန် အဂျီးကို တစ်လနီးပါးခန့် တောင်းဆိုခဲ့ပြီးနောက်မှ အိန်ဇင်ကို group တစ်ခုထဲခေါ်သွင်း ပေးတော့သည်။

ထို group ထဲရောက်သွားပြီးနောက် ကချင်အကောင့်တစ်ခုနှင့် အဆက်အသွယ်ရခဲ့ပြီး ထိုသူကို အိန်ဇင် ရောင်းစားခံနေရသည့် အကြောင်းနှင့်၊ သူမဓါတ်ပုံများနှင့် မိဘများ၏ ဖုန်းနံပါတ်များ ပို့ပေးကာ ပြန်လည်လွတ်မြောက်နိုင်ရန် အကူအညီတောင်းတော့သည်။

ထိုသူ၏ ဆက်သွယ်ပေးမှုမှတဆင့် ကချင်လူမျိုးများ အများစုသုံးနေကြသော wechat group များတွင် အိန်ဇင် အကြောင်းကို သိရှိသွားကြပြီး ပြန်လည်မျှဝေကြရာမှ မိုင်ဂျာယာန်မှ အမျိုးသမီးရေးရာအဖွဲ့လည်း သိရှိသွားကာ ၎င်းအဖွဲ့က အိန်ဇင်ကို wechat အကောင့်ဖြင့် ဆက်သွယ်လာကြသည်။

မိုင်ဂျာယန် အမျိုးသမီးရေးရာအဖွဲ့မှ အိန်ဇင်၏မိဘများကိုလည်း ဆက်သွယ်အကြောင်းကြားပေးခဲ့ပြီး သူမ၏မိဘများကလည်း စစ်ဘေးဒုက္ခသည်စခန်း တာဝန်ခံများနှင့် တိုင်ပင်ကာ ရဲစခန်းတွင် အမှုဖွင့်လိုက်ကြောင်း သိရသည်။

အမျိုးသမီးအဖွဲ့က အိန်ဇင်ကို ဝယ်ယူထားသော တရုတ်အမျိုးသား၏ ဓါတ်ပုံနှင့်နေအိမ် တည်နေရာမြေပုံများ၊ ဖုန်းနံပတ်များကို ပို့ခိုင်းခဲ့ပြီး ထိုတရုတ်အမျိုးသား အပါအဝင် အိန်ဇင်ကို ရောင်းစားခဲ့သူများ၏ ဓါတ်ပုံများ၊ ဖုန်းနံပါတ်များနှင့် we chat အကောင့်များကိုလည်း ပေးပို့နိုင်ခဲ့သည်။

ထိုအခြေအနေဖြစ်လာတော့ အဒင့်နှင့်အဘောက်တို့မှ ပြန်လည်ဆက်သွယ်လာပြီး ၎င်းတို့ကို ဖမ်းဆီးခိုင်းခြင်း မပြုပေးဖို့ တောင်းပန်ပြောဆိုလာသည့်အပြင် အိန်ဇင်ကိုလည်း ၁၀ရက်အတွင်း အိမ်ပြန်ပို့ပေးမည်ဖြစ်ကြောင်း အာမခံပြောဆိုကြသည်ဟု ဆိုသည်။

## ပြန်လည်လွတ်မြောက်လာနိုင်ခြင်း

We chat group များတွင် အိန်ဇင် ရောင်းစားခံရသည့်သတင်းနှင့် သူမကိုဝယ်ယူခဲ့သူ တရုတ်အမျိုးသား၏ နေအိမ်တည်နေရာ၊ ဖုန်းနံပါတ်နှင့် ဓါတ်ပုံများ ပျံ့နှံ့သွားပြီးနောက် တရုတ်အမျိုးသားကလည်း အခြေအနေမှန်ကို သိရှိသွားပြီး ဖမ်းဆီးခံရမည် ကြောက်သည့်အတွက် အိန်ဇင်ကို မထိရဲတော့သည့်အပြင် အိမ်မှာလည်း မထားရဲတော့ပေ။

"သူ(တရုတ်)လည်း ကြောက်ပြီး အိမ်မှာမထားရဲတော့ဘူး ကျွန်မကို ရောင်းစားတဲ့သူတွေကို ဖုန်းခေါ်ပြီး ပြန်လာခေါ်ခိုင်းတယ်။ အစီးနဲ့ အဘောက်တို့က ပြန်လာခေါ်ပြီး ကျန်းဟုန်းမြို့ထိ လိုက်ပို့တယ်"ဟု အိန်ဇင်ကဆိုသည်။

မိုင်ဂျာယာန်မှ အမျိုးသမီးအဖွဲ့က တရုတ်ရဲတပ်ဖွဲ့နှင့်ဆက်သွယ်ပြီး အစီးနှင့် အဘောက်တို့ကို စောင့်ဖမ်းရန် ပြင်ဆင်ထားသော်လည်း ကျန်းဟုန်မြို့သို့ရောက်သည့်နှင့် အစီးနှင့်အဘောက်က တက်စီတစီး ငှားပေးကာ အိန်ဇင် တစ်ဦးတည်းကိုသာ ကျန်းဟုန်းကားဂိတ်သို့ လွှတ်လိုက်သောကြောင့် ၎င်းတို့နှစ်ဦးကို မဖမ်းဆီးနိုင်ခဲ့ကြောင်းလည်း ဆိုသည်။

ထိုမှတဆင့် မိုင်ဂျာယာန်အမျိုးသမီးရေးရာအဖွဲ့၏ အကူအညီဖြင့် အိန်ဇင်သည် မြစ်ကြီးနားရှိ မိဘများနေထိုင်သော စစ်ဘေးဒုက္ခသည် စခန်းသို့ ပြန်လည်ရောက်ရှိလာနိုင်ခဲ့ခြင်း ဖြစ်သည်။ အခုတော့ အခြားသူများကိုလည်း အလွယ်တကူ မယုံရဲတော့သည်ကို ပြောပြသည်။

"အခုကတော့ မိဘကလွဲပြီး ကျန်တဲ့လူတွေ ဘယ်သူ့ကိုမှ မယုံတော့ဘူး။"



# မာတိကာ

## INTERVIEW
1. ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့်တွေ့ဆုံခြင်း ———— By Kachin Waves

## OPINION
1. ဒီမိုကရက်ပညာရေးနဲ့ အာဏာရှင်ပညာရေး.. ———— By Hkalen Uma
2. KIO နှင့် ငြိမ်းချမ်းရေး လမ်းကြောင်းများ ———— By Ko Aung
3. ကိုယ်ပိုင်တဲ့ခွက် ဘာခွက်လဲ သိရမယ် ———— By Hka San Lwi
4. စဉ်းစားသင့်သော အချက်တစ်ချက် ———— By Hka San Lwi

## PROFILE
1. ဘဝတူများကို လင်းပြနေသူ (သို့) ပီတိစားသူ ဦးတန်ရော် ———— By Zami
2. သမိုင်းတခုရဲ့လျှပ်တစ်ပြက်ပုံရိပ်များမှ ဓာတ်ရုံခါတ်ပုံမော်ဒယ် (သို့) အဖွားဒေါ်မဂေါင်ခေါန်ရော် ———— By Maran

**2017 KACHIN WAVES ရက်စွဲမှတ်တမ်း** ————

## TRANSLATION

1. Robbery and safety situation of Myitkyina ———— By Maran, Lawhkum Zau
2. Situation report of media and politic in Kachin after one year of NLD administration ———— By Maran
3. Saw Law, Civil war affected town ———— By Nlum
4. Kachin students of 88 generation retold about 8888 uprising ———— By Maran
5. KIO and prospects of peace process ———— By Ko Aung
6. Bringing light for peers (or) Tang Raw who enjoys servicing the peer drug users. ———— By Zami





*By Kachin Waves*
*23 September 2017*

# ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တွေ့ဆုံခြင်း

"ကျနော်တို့ သဘောထားကတော့ ဒီတိုင်းပဲ။ ကျနော်တို့က ပြည်သူက ရွေးချယ်တင်မြှောက် လိုက်တာဆိုတော့ ပြည်သူရဲ့ဆန္ဒက အဓိကပဲ။ ပြည်သူက မလိုချင်ဘူးဆိုရင် လက်မခံဘူးဆိုရင် ဒါက ဖြစ်လာမှာ မဟုတ်ပါဘူး။" မြစ်ဆုံရေကာတာစီမံကိန်းအပေါ် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၏ ပြောကြားချက်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် Kachin Waves၊ ရှောဝတီနှင့် 7days တသင်းဌာနတို့ ယနေ့ စက်တင်ဘာလ ၂၁ရက်နေ့တွင် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည့်အထဲမှ အချို့ကိုဖော်ပြလိုက်ပါသည်။

မေး။ ကချင်ပြည်နယ် အစိုးရရဲ့ ၁၈လတာ ကာလတွင်းမှာ အဓိက ဘာတွေလုပ်ဆောင်ခဲ့လဲ။

ဖြေ။ အဓိက ကတော့ အခြေခံဖွံ့ဖြိုးရေးကိုပဲ အဓိက လုပ်ဆောင်ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးပိုင်းမှာဆိုရင် လမ်းတံတား၊ လျှပ်စစ်၊ လျှပ်စစ်ကြိုးတွေ သွယ်တန်းတယ်။ လျှပ်စစ်ဓါတ်ခွဲရုံတွေ လုပ်ပေးတယ်။ မီးလင်းရေးအတွက် ရွာ၂၀၀ စွန်းစွန်းလေး မီးလင်းအောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒါကတော့ ၂၀၁၆-၁၇ ဘတ်ဂျတ်၊ ကျနော်တို့ရရှိတဲ့ဘတ်ဂျတ်နဲ့ ဆောင်ရွက်ခဲ့တာပါ။ နောက် ဆွမ်ပရာဘွမ်လမ်းအဲ့တာလည်း ဘဏ္ဍာငွေ တော်တော်လေး ဝင်သွားတဲ့လမ်းကြီးပါ။

ပြည်ထောင်စုလမ်းကြီးပေါ့နော်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ကျော်က ပျဉ်ထိန်းနဲ့ ... မိုးတွင်းဆိုရင် ဆိုင်ကယ်လည်း ဖြတ်သွားဖြတ်လာလုပ်လို့မရဘူး။ ခြေကျင်ပဲ သွားလို့ရတဲ့ လမ်းကြီးကို ကျနော်တို့က ၂၀၁၆-၁၇ ဘတ်ဂျတ်ကနေ လုပ်လာတာပါ။ ဒီနှစ်တော့ကားတွေ မပျက်ဘူး။ မိုးတွင်းလည်း ကားတွေ မပျက်တော့ဘူး။

မေး။ ဝန်ကြီးတို့က အရပ်သားအစိုးရ စပြီးတာဝန်ယူချိန်မှာ ဒီကချင်ပြည်နယ်အတွက် ဘာတွေကို အဓိကလုပ်ဆောင်မယ်ဆိုပြီး ရည်မှန်းထားတာ ရှိပါသလဲ။

ဖြေ။ အဓိကက ငြိမ်းချမ်းရေးကတော့ ပြည်ထောင်စုကနေ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကနေ ၂၁ရာစုပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ဖော်ဆောင်နေတာပေါ့လေ။ အဓိကကတော့ အန်ကယ်တို့က ငြိမ်းချမ်းရေး လိုချင်ပါတယ်။ နံပါတ် ၂ကတော့ မူးယစ်ဆေးဝါးပါ။ အန်ကယ် မဲဆွယ်တရားဟောတုန်းကတောင် အန်ကယ့်ကို မေးတယ်။ မူးယစ်ဆေးဝါးကြီးက အမျိုးသားရေးအသွင်နဲ့ကို တိုက်ဖျက်ရမယ်။ ဘာ့ကြောင့်လည်းဆိုတော့ အင်မတန်မှ စိုးရိမ်ရတဲ့ အနေအထားမှာ ရောက်နေတယ်။ ဘာ့ကြောင့် ဒီလိုပြောလဲဆိုတော့ အခုငြိမ်းချမ်းရေး ခရီးစဉ်မှာလည်း အကုန်လုံးကို ဒါပဲပြောတယ်။ ဘာ့ကြောင့် ပြောရလဲဆိုရင် ဗန်းမော်ခရီးစဉ်မှာ ဗန်းမော်အကျဉ်းထောင်ကို အန်ကယ် သွားတယ်။ အကျဉ်းထောင်မှာ မေးကြည့်တော့ အကျဉ်းသားဘယ်လောက်ရှိလဲဆိုတော့ ထောင်ပိုင်ကြီးကို အန်ကယ်မေးတော့ ၁၄၉၃ လောက် ရှိတယ်တဲ့။ ဘာအမှုနဲ့ အကျဉ်းကျတာများလဲဆိုတော့ မူးယစ်ဆေးဝါးအမှုက ၁၄၉၃ ထဲမှာ ၁၂၀၀ ကျော်ရှိတယ်ဆိုတော့ ဒီဟာက သိပ်ပြီးမကောင်းတဲ့ အနေအထားပေါ့လေ။ နောက်မြစ်ကြီးနား အကျဉ်းထောင်ကို သွားတယ်။ ၃၂၀၀ ကျော်ရှိတယ်။



အစိကပဲ။ ပြည်သူက မလိုချင်ဘူးဆိုရင် လက်မခံဘူးဆိုရင် ဒါကဖြစ်လာမှာ မဟုတ်ပါဘူး။

မေး။ မြစ်ဆုံကော်မရှင်ရဲ့ အစီရင်ခံစာက နိုင်ငံတော်သမ္မတထံ တင်ပြဖို့က ဘာကြောင့် အခုလို ကြာနေတာလဲ။

ဖြေ။ သတ်မှတ်ချိန်ကတော့ အကုန်လုံးညှိနှိုင်း ဆွေးနွေးရမယ့် အချက်တွေအများကြီး ရှိလို့ပါ။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အများ ကြီး ညှိနှိုင်းရမှာတွေ အပြည်ပြည်ဆိုင်ရာ အကြံပေးအဖွဲ့ ဆိုတာတွေနဲ့ လည်း မေးပြီးတော့ အစီရင်ခံစာကို တင်ဖို့ပါ။ ဒါ့ကြောင့် ကြန့်ကြာ နေတာပါ။

အဲ့ထဲမှာ ၂၈၀၀ကျော်လောက်က မူးယစ်နဲ့အကျဉ်းကျတာ။ ပြီးခဲ့တဲ့ လတ်တလောမှာ မိုးညှင်းသွားတယ်။ အုပ်ချုပ်ရေးမှူး ပြောတယ်။ အကျဉ်းထောင်မှ ဆောက်ပြီးတာ မကြာသေးဘူး။ ဖွင့်ပွဲတောင် မလုပ်ရသေးဘူး။ အကျဉ်းသားတွေက ပြည့်နေပြီ။ ၉၀ ရာခိုင်နှုန်းက မူးယစ်ဆေးဝါးနဲ့ ကျတယ်။ ဒီဟာတွေကို ကြည့်ခြင်းအားဖြင့် ကချင်ပြည်နယ်ကိုရော တတိုင်းပြည်လုံးအတွက်ရော မူးယစ်ဆေးဝါးက အင်မတန်မှ ခက်ခဲကြီးမားတဲ့ ပြဿနာကြီး ဖြစ်နေတယ်။ ပြည်နယ်နဲ့နိုင်ငံရဲ့အနာဂတ်အတွက် အင်မတန်မှ စိုးရိမ်စရာ ဖြစ်တယ်။ အဲ့တာကြောင့် အန်ကယ်က ဒါကို တတ်နိုင်သလောက် တိုက်ဖျက်နေတယ်။ ဖမ်းတယ်။ ဆီးတယ်။ ပြီးခဲ့တဲ့ မိုးညှင်း ခရီးစဉ်တုန်းကလည်း သိန်းပေါင်း သုံးထောင်ကျော် ဖမ်းမိတယ်။ ဒါကတော့ မူးယစ်ဆေးဝါးနဲ့ ပတ်သတ်တာတွေ ပေါ့လေ။

မေး။ မြစ်ဆုံစီမံကိန်းကနောက်ဆုံး အခြေအနေဘယ်လိုလဲ။

ဖြေ။ မြစ်ဆုံအခြေအနေက အစီရင်ခံစာ မတင်ရသေးဘူး။ အဲ့လောက်ပဲ ပြောလို့ရပါ့မယ်။ အစီရင်ခံစာ မတင်ရသေးဘူး။ သမ္မတဆီကို အစီရင်ခံစာ တင်ပြီးတဲ့ နောက်မှပဲ ပြည်သူတွေ အားလုံးသိပါမယ်။

မေး။ စက်တင်ဘာ ၁ရက်က တရုတ်အစိုးရကိုယ်စားလှယ်အဖွဲ့က KBC (ကချင် နှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ်)ကို ခေါ်တွေ့ပြီး မြစ်ဆုံပြန်စဖို့ စည်းရုံးသလို ကချင်လူထု အသံမေးသလို ပြောဆိုတာတွေ ရှိတယ်လို့ သိရတယ်။ အစိုးရဘက်ကိုရော တရုတ်က ပြောတာ ရှိပါသလား။

ဖြေ။ အန်ကယ်တို့ကိုတော့ လုပ်ရအောင်ဆိုပြီး လာပြောတာ မရှိဘူး။ အစိုးရကိုလာပြောတာ မရှိပါဘူး။

မေး။ မြစ်ဆုံကို လူထုက လက်မခံဘူး။ ကချင် ပြည်နယ် အစိုးရ သဘောထားကရော ဘယ်လိုရှိပါ သလဲ။

ဖြေ။ ကျနော်တို့ သဘောထားကတော့ ဒီတိုင်း ပဲ။ ကျနော်တို့က ပြည်သူက ရွေးချယ်တင်မြှောက် လိုက်တာဆိုတော့ ပြည်သူရဲ့ဆန္ဒက

မေး။ ဒေသခံတွေနဲ့ တွေ့တဲ့အခါ သူတို့က မြစ်ဆုံစီမံကိန်း ပြန်စ တော့မှာကို စိတ်ပူနေကြတယ်။ ဝန်ကြီးအနေနဲ့ ဘာပြောချင်ပါသလဲ။

ဖြေ။ ပြည်သူလူထုကို ပြောချင်တာက ခင်ဗျားတို့ ဆန္ဒအတိုင်းပဲလို့ ပြောချင်ပါတယ်။ အဲ့လို အမှာစကား ပါးချင်ပါတယ်။

မေး။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ သယံဇာတကို အလွန်အကျွံ ထုတ်ယူသုံးစွဲတော့ ပတ်ဝန်းကျင် ပျက်စီးထိခိုက်တယ်။ အခု အချိန်မှာ ဘယ်လိုကိုင်တွယ် ထိန်းချုပ်မလဲ ရှင်းပြပေးပါဦး။

ဖြေ။ ကျနော်တို့ ပြီးခဲ့တဲ့အစိုးရ လက်ထက်တုန်းကလောက်တော့ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးတာ မရှိဘူး။ ဒါပေမယ့်လည်း ဒီဟာက အခုသားတို့က ဖားကန့်ဧရိယာကို ပြောချင်တာမလား။ အန်ကယ်ခုဏပြောတဲ့ အတိုင်းပဲ အန်ကယ်တို့က ပြည်နယ်မှာ ငြိမ်းချမ်းရေး မရသေးဘူး။ ငြိမ်းချမ်းရေး မရသေးတဲ့အခါကျတော့ တရားဥပဒေစိုးမိုးရေးက တပြေးညီ မလုပ်ဆောင်နိုင်သေးဘူး။ အဲ့တော့ နည်းနည်းထိန်းချုပ်ရတာ ခက်ပါတယ်။ နောက်ပြီးတော့ ဖားကန့် ဆိုတာက ကျောက်စိမ်း တူးဖော်ရေး လုပ်ငန်းဆိုတာက အန်ကယ်တို့က ပြည်နယ်အစိုးရအနေနဲ့ တိုက်ရိုက်ကိုင်တွယ်တာ မဟုတ်ဘူး။ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုကနေ တိုက်ရိုက် ကိုင်တွယ်တာ ပြဿနာဖြစ်လာမှ အန်ကယ်တို့က ဝင်ရတာပေ့ါ။ ဟိုမှာမြေပြိုတယ်။ ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုမှပါ။ အန်ကယ်တို့ အစိုးရ အနေနဲ့က ဘာမှလုပ်ပိုင်ခွင့် မရှိဘူး။

မေး။ ပူတာအိုမှာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်က ပြည်ထောင်စုကနေ အဓိကလုပ်နေတာလား၊ ပြည်နယ်ကနေပြီး လုပ်ဆောင်နေတာလား။

ဖြေ။ အဲ့တာကတော့ ကိုင်တယ်ရယ်လို့တော့ ပြောလို့မရဘူး။ ကျနော်တို့ ပြည်နယ်အနေနဲ့ကတော့ ခါကာဘိုရာဇီ ဥယျာဉ်ကို ယူနက်စကိုထဲမှာ Natural Heritage စာရင်းဝင်အောင်လုပ်ဖို့

ရည်ရွယ်တယ်။ ဒါပဲ။ အန်ကယ် သိရသလောက်ဆိုရင်တော့ သဘာဝအမွေအနှစ် Natural Heritage စာရင်းဝင်တာ တစ်ကမ္ဘာလုံးမှာ ၂၀၀ ကျော်ပဲ ရှိတယ်လို့ သိရတယ်။ အဲ့၂၀၀ကျော်ထဲမှာ ဝင်ဖို့ပါ။ Cultural Heritage ဆိုတဲ့ ယဉ်ကျေးမှု အမွေအနှစ်ကတော့ တကမ္ဘာလုံးမှာ ၅၀၀ကျော်ရှိတယ်။ အဲ့ထဲမှာဝင်အောင် ကျနော်တို့ အစိုးရအနေနဲ့ ကြိုးစားနေတာပါ။

မေး။ ကချင်ပြည်နယ်အတွက် ကားကိစ္စ၊ Without ကားတွေ အောက်တိုဘာလကုန်ရင် ဖမ်းမယ်ဆိုတာကို သိရတယ်။

ဖြေ။ အသေးစိတ်တော့ ပြောရမယ်ဆိုရင် အတိုချုံးပြောရမယ်ဆို လိုင်စင်မဲ့ကားဆိုတာက နိုင်ငံတော်ရဲ့ဥပဒေအရ ခွင့်မပြုဘူးလေ။ ခွင့်မပြုတဲ့ဟာကို ပြောရမယ်ဆိုရင် ဇာတ်လမ်းက ဟိုးဘက်ကနေ စပြောရမယ်။ တပ်မတော်အစိုးရ၊ ပြီးခဲ့တဲ့ သမ္မတကြီးဦးသိန်းစိန် အစိုးရကတည်းက ပါလာတဲ့ လိုင်စင်မဲ့ကားတွေကို ပြည်သူတွေ သုံးတာ။ ကျနော်တို့ လက်ထဲမှာ ကျတော့လည်း ဖြေရှင်းရမယ့်သဘော။ ဆိုတော့ ဒါကတတိုင်းပြည်လုံးမှာ ဖြစ်နေတဲ့ ပြဿနာ၊ အထူးသဖြင့် တနင်္သာရီတို့ ကရင်တို့ ရှမ်းပြည်တို့မှာ ဖြစ်နေတာ။ ဖြစ်နေတာက ကျနော်တို့ ဥပဒေအရပဲ ဆက်လက်ပြီးတော့ ဆောင်ရွက်ရမယ်။ အနည်းဆုံး Impact မရှိအောင် ပြည်သူတွေလည်း Impact မရှိအောင် အန်ကယ်တို့လည်း အဆင်ပြေအောင် ဖြည်းဖြည်းချင်း လုပ်တဲ့နည်းနဲ့ပဲ လိုင်စင်မဲ့ကားပြဿနာကို ဖြေရှင်းသွားဖို့ ရှိပါတယ်။

မေး။ ကချင်ပြည်နယ်အစိုးရအနေနဲ့ ဘာတွေ စိန်ခေါ်မှုတွေရှိလဲ။

ဖြေ။ စိန်ခေါ်မှုတွေကတော့ ပြောရမယ်ဆို ငြိမ်းချမ်းရေး မရသေးတဲ့ အတွက် အုပ်ချုပ်ရေးစနစ်မှာ နည်းနည်းအခက်အခဲတွေ အဆင်မပြေမှု တွေ ရှိပါတယ်။ ဒါတစ်ချက်ပါ။

မေး။ ကချင်ပြည်နယ်မှာ ငြိမ်းချမ်းရေးလည်း မရသေးတဲ့အပြင် အခြားပြဿနာတွေလည်းရှိတော့ နိုင်ငံတော် အတိုင်ပင်ခံက အန်ကယ့်ကို ဘယ်လိုလမ်းညွှန်ချက်တွေ သီးခြားပေးထားတာရှိလဲ။

ဖြေ။ လမ်းညွှန်ချက်ကတော့ အခက်အခဲပြဿနာရှိရင် ပြည်ထောင်စု အစိုးရကို တင်ပြဖို့ ဒါပါပဲ။ ဖြည့်စွက်ပြောကြားလိုတာကတော့ တခြားမရှိ တော့ပါဘူး။ တစ်နှစ်ခွဲကာလမှာ ပြည်သူတွေရဲ့ ပြဿနာတွေ အခက်အခဲတွေ အန်ကယ်တို့ပိုပြီး သိလာတယ်။ ဒါကိုအန်ကယ်တို့ တတ်နိုင်သလောက် ဖြေရှင်းပေးမယ်။ ကူညီသွားမယ်။ အဲ့ဒါပဲ ပြောကြားလိုပါတယ်။

မေး။ အခုအရပ်သား NLD အစိုးရကို ကချင်ပြည်သူတွေက တော်တော်မျှော်မှန်းထားတယ်။ ဒါပေမဲ့ တချို့ကိစ္စတွေမှာ အားမလို အားမရ ဖြစ်တာတွေရှိပြီး ဝေဖန်နေကြတာတွေ့ရတယ်။ ဝန်ကြီးချုပ် အနေနဲ့ ကချင်ပြည်နယ်က ပြည်သူလူထုကို ဘာများပြောချင်ပါသလဲ။

ဖြေ။ အန်ကယ်တို့အနေနဲ့တော့ အခုတစ်နှစ်ခွဲပဲ ရှိသေးတော့ ၁နှစ်ခွဲကာလမှာ ပြည်သူတွေ ဘာအခက်အခဲရှိတယ်။ ဘယ်လိုပြဿနာ တွေ ရှိတယ်ဆိုတာကို ပိုပြီးသိမြင်လာတယ်။ အဲ့လိုဖြစ်တဲ့ အခါကျတော့ ဒီဟာတွေကို အတတ်နိုင်ဆုံး ဖြေးဖြေးချင်း ဖြေလျှော့သွားမယ်။ အခုက ၂၀၁၆-၂၀၁၇ ဘတ်ဂျက်ပဲ ရှိသေးတယ်။ ၂၀၁၇-၁၈ ဘတ်ဂျက်က အခုအကောင်အထည်ဖော်မယ်။ အဲ့လိုသွားပါမယ်။

အန်ကယ်တို့ကတော့ Mission တို့ Vision တို့ ရှိပါတယ်။ Vision ကတော့ ငြိမ်းချမ်းသာယာပြီး ပြည်ထောင်စု တိုင်းရင်းသားများ အတူတကွ ယှဉ်တွဲနေထိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတတ်သော မူးယစ်ဆေးဝါး ကင်းစင်သည့် ပြည်နယ်ကြီးတစ်ခု ဖြစ်ပေါ်လာရေးပါ။ နောက်ပြီးတော့ Mission အနေနဲ့ကတော့ ငြိမ်းချမ်းရေးရယ်၊ လမ်းပန်း ဆက်သွယ်ရေး ကောင်းဖို့ရယ်၊ မြို့ကျေးရွာအားလုံး လျှပ်စစ်မီးအားလုံး ရရှိရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး၊ တိုင်းရင်းသားလူမျိုး အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ လုံခြုံရေးနဲ့ဥပဒေစိုးမိုးရေး ဒါတွေပေါ့။ နောက်ပြည်နယ်သူ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတတ်ရေး အဲ့ဒါကတော့ ဘယ်မှာ အခြေခံမလဲဆိုတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေး၊ ခရီးသွားကဏ္ဍကို မြင့်တင့်ခြင်းဖြင့် အလုပ်အကိုင် ရရှိဖို့အတွက် နိုင်ငံခြားက Foreign Direct Investment ဖြစ်တဲ့ ပြည်ပက လုပ်ငန်းရှင်တွေ ပြည်နယ်မှာ လာပြီးတော့ စိုက်ပျိုးရေးကဏ္ဍ မွေးမြူရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့ အန်ကယ်တို့က ဖိတ်ခေါ်နေတယ်။ အဲ့ဒါလေးတွေပါ။ ဒါကတော့ အန်ကယ်တို့ရဲ့ Mission ပါ။ နောက်ပြီး ဌာနဆိုင်ရာ အသီးသီးရဲ့ လုပ်ဆောင်ချက်တို့သည် အများပြည်သူ ယုံကြည်အားထားလက်ခံသည့် ဝန်ဆောင်ချက်များ ဖြစ်စေရေး၊ မလိုလားအပ်ပဲ နှောင့်နှေးကြန့်ကြာမှု အခက်အခဲ ဖြစ်စေမှု အဂတိ လိုက်စားမှု အစရှိသည်တို့ကို တိုက်ဖျက် လျှော့ချရေး၊ ဒါပဲပြည်သူ တွေအတွက် အန်ကယ်တို့ လုပ်သွားပါမယ်။ ကြိုးစားပြီး လုပ်သွားပါမယ်။ ဒါက၅နှစ်တာကာလ သက်တမ်းမှာ ရည်မှန်းထားတာတွေပါ။

မေး။ ပြီးခဲ့တဲ့ နှစ်တွေတုန်းက ကချင်လူထုအခြေပြု မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ (Pat Jasan) မူးယစ်ဆေးတိုက်ဖျက်တာ လုပ်ပေမယ့် ပစ်ခတ်ခံရတဲ့ထိ ဖြစ်တာတွေရှိတယ်။ ဝန်ကြီးချုပ်အနေနဲ့ကော Pat Jasan အပေါ်မှာ ဘယ်လို မြင်ပါသလဲ။

ဖြေ။ အန်ကယ်တို့ အနေနဲ့ကတော့ သူတို့လည်း ကောင်းတဲ့ အလုပ်လုပ်တဲ့အတွက် ဒီ ပတ်ဂျဆန် (Pat Jasan) အဖွဲ့ကို အန်ကယ်တို့ အစိုးရက ပူးပေါင်းစေချင်တယ်။ ဥပဒေဘောင်အတွင်းမှာ ပိုပြီးထိထိမိမိ လေး တိုက်ဖျက်သွားဖို့၊ ဒီမူးယစ်ဆေးဝါးနဲ့ ပတ်သတ်ပြီးတော့ အန်ကယ်တို့ ဒီလိုရည်ရွယ်ထားပါတယ်။ သူတို့ကိုလည်း ခေါ်တာပေါ့လေ။ နောက်ပြီးတော့ ပြောရမယ်ဆို မူးယစ်ဆေးဝါးနဲ့ ပတ်သတ်လို့ အန်ကယ်တို့က ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကျေးဆိုပြီး ကော်မတီတွေ ဖွဲ့ထားတယ်။ ဒီဟာတွေ အကုန်လုံး အချိတ်အဆက် မိမိနဲ့ ဆောင်ရွက် သွားရင် မူးယစ်ဆေးဝါးပြဿနာကို နှိမ်နင်းနိုင်မယ်။ နောက် Pat Jasan သူတို့လည်း သေချာ အန်ကယ်တို့နဲ့ ဥပဒေဘောင်အတွင်းမှာ ပူးပေါင်းလာမယ်ဆိုရင်တော့ ပိုပြီးကောင်းတာပေါ့လေ။

မေး။ အထူးဒေသ (၁)မှာဆို ပြည်သူ့စစ်တွေက ဘိန်းစိုက်တဲ့ထဲ ပါဝင်နေတာကို ဝေဖန်မှုတွေ ရှိသလို သူတို့ဘက်ကလည်း ဝန်ခံထားတာရှိတယ်။ ဒီအပေါ်မှာဆိုရင် အစိုးရအနေနဲ့ ဘယ်လိုကိုင်တွယ်ရမလဲ။

ဖြေ။ အန်ကယ်တို့ အနေနဲ့ ရိုးရိုးသားသားပြောရမယ်ဆိုရင် နည်းနည်းခက်ပါတယ်။ ပြည်သူ့စစ်တို့ နယ်ခြားစောင့်တပ်တို့ ဆိုတာက တပ်မတော်နဲ့ပဲ ဆိုင်တာပေါ့။ အန်ကယ်တို့ တိုက်ရိုက်ကြီး သွားကိုင်တွယ်လို့ မရဘူး၊ ဆိုတော့ အခက်အခဲ ရှိပါတယ်။

မေး။ နိုင်ငံတော်အတိုင်ပင်ခံနဲ့ KBC တွေတုန်းက စစ်ရှောင်တွေ ကိစ္စမှာကူညီဖို့ ပြည်နယ်အစိုးရနဲ့လည်း ချိတ်ဆက်လုပ်ရမယ်ဆိုတာတွေ ပြောထားတာရှိတော့ ကချင်ပြည်နယ်အစိုးရမှာ လုပ်ဆောင်ချက်ဘာတွေရှိလဲ။ သိချင်ပါတယ်။

ဖြေ။ အန်ကယ်တို့ကတော့ တောက်လျှောက် လူကယ်ပြန်ကနေရော ဒီဟာကို အသေးစိတ်ဆိုရင်တော့ လူမှုရေးဝန်ကြီးကို မေးရင်တော့ ပိုကောင်းပါတယ်။ နေရပ်ပြန်ရေးတို့ ဘာတို့ကတော့ အန်ကယ်တို့လည်း သူတို့ဆန္ဒအတိုင်း လုပ်ပေးဖို့ အဆင်သင့် အနေအထားမှာ ရှိပါတယ်။ ပြီးခဲ့တဲ့ ကဆုန့်တုန်းကလည်း အန်ကယ်ကိုယ်တိုင် သွားပါတယ်။ သူတို့ရပ်ရွာကို ပြန်ပို့ပါတယ်။ အသေးစိတ်ဆိုရင်တော့ လူမှုရေးဝန်ကြီးကို မေးလို့ ရပါတယ်။

မေး။ လက်ရှိ ကချင်ပြည်နယ်ရဲ့ ငြိမ်းချမ်းရေး အခြေအနေကို ဘယ်လို သုံးသပ်လို့ ရမလဲ။

ဖြေ။ အဲ့ဒီဟာက တော်တော်လေး ပြောရခက်တယ်ဗျ။ ငြိမ်းချမ်းရေးကတော့ ပြောမယ်ဆိုရင်တော့ ကျနော်တို့ နိုင်ငံအတွက် ကျနော်တို့ ပြည်နယ်အတွက် လူမျိုးအတွက်က အဓိက လိုအပ်ချက်က ငြိမ်းချမ်းရေးပဲ။ ဒီငြိမ်းချမ်းရေးကို ကျနော်တို့ ပြည်သူတွေအားလုံးပါဝင်ပြီး ပူးပေါင်းဆောင်ရွက်မှသာလျှင် မြန်မြန်ဆန်ဆန် ရရှိမယ်လို့ မြင်ပါတယ်။ ကျနော်တို့ ပြည်နယ်အစိုးရအနေနဲ့တော့ ခုဏကပြောသလို အခုက နိုင်ငံတော်အတိုင်ပင်ခံကြီး ကိုယ်တိုင် ဖော်ဆောင်နေတယ်။ လိုအပ်လာရင်တော့ ကျနော်တို့ အစိုးရအနေနဲ့လည်း ပါဝင်မယ်။

လောလောဆယ်ကတော့ ပါဝင်နိုင်တဲ့ အနေအထား မရှိသေးပါဘူး။ Space မရှိသေးဘူးပေါ့ဗျာ။ ငြိမ်းချမ်းရေးကတော့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးရဖို့ ဆိုရင်တော့ သဘောထား ကြီးရမယ်။ အားလုံး ကျနော်တို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အဖွဲ့အစည်းအသီးသီးမှာ ကျနော်တို့ နိုင်ငံကဘာအလိုအပ်ဆုံးလည်း ဆိုတဲ့ဟာကို စိတ်ထဲမှာ လက်ခံရရှိပြီးတော့ ဒါကိုဦးစားပေးရမယ်၊ ဆိုတာကို လက်ခံရမယ်၊ နံပါတ် ၁က၊ မိမိလိုချင်တဲ့ဟာကတော့ နံပါတ် ၂၊ ၃ပေါ့လေ။ နံပါတ် ၁ မှာ အရင် ဝိုင်းလုပ်ကြရမယ်ဆိုတဲ့ စိတ်ဓါတ် မွေးမြူကြရမယ်။ ငြိမ်းချမ်းရေး ရရှိဖို့လေ။ ကျနော်တို့ ပြည်နယ် အစိုးရတင်မကဘူး။ ခင်ဗျားတို့ရော အပါအဝင်ပေါ့။ အဖွဲ့အစည်းတွေအားလုံး တိုင်းရင်းသား လက်နက်ကိုင် တွေရော ဒီဘက်အဖွဲ့အစည်းတွေရော ငြိမ်းချမ်းရေး ရရှိရမယ်ဆိုတာကို ဝိုင်းလုပ်လိုက်။ နောက်မှ ကိုယ်လိုချင်တာတွေဆိုရင် စိတ်ဓါတ်မျိုးနဲ့ လုပ်လိုက်ရင်တော့ မြန်မှာပေါ့။ ဒီလိုပဲ မြင်ပါတယ်။ ဒါက ကျနော့် ခံယူချက်ပါ။

မေး။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ KIO တာဝန်ရှိသူတွေ ပါဝင်တဲ့ ငြိမ်းချမ်းရေးညှိနှိုင်းကြတာ ရှိတယ်။ ဒီအချိန်မှာရော။

ဖြေ။ ခဏအန်ကယ်ပြောသလိုပေါ့။ ဒါမလာသေးဘူး။ ဒီအစီအစဉ် မရောက်သေးဘူး။ တနစ်ခွဲပဲ ရှိသေးတယ်လေ။ ပြီးခဲ့တဲ့ အစိုးရတုန်းကတော့ လိုင်ဇာဘက်သွားတာတွေ ရှိတယ်။ နောက်လာမှာပေါ့ ဒါတွေက။

မေး။ တနိုင်းတိုက်ပွဲတုန်းက တပ်မတော်ဘက်က နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးတယ်လို့ ကြေငြာပြီး တိုက်ခိုက်တယ်။ တပ်မတော် တိုက်ခိုက်လို့ KIA ဘက်ကလည်း သူတို့စီးပွားရေးထိခိုက်တယ်လို့ ဆိုတယ်။ ကြားမှာ ဒေသခံတွေက စစ်ရှောင်တွေ ဖြစ်နေရတယ်။ ဒီအပေါ်မှာ ဝန်ကြီးချုပ် ဘယ်လိုသဘောထား မှတ်ချက်ရှိလဲ။

ဖြေ။ အဲ့ဒါပြောရမယ်ဆိုရင်တော့ ငြိမ်းချမ်းရေးမရသေးတော့ အစိုးရထိန်းချုပ်နယ်မြေ မဟုတ်တဲ့ Non-Government Area၊ အန်ကယ်တို့ မအုပ်ချုပ်နိုင်တဲ့ ဧရိယာကို တပ်မတော်က ဝင်ရှင်းတယ် ဆိုတဲ့ သဘောမှာ ပြဿနာတွေ ပေါ်လာတယ်။ စစ်ရှောင်တို့ ဘာတို့ အကုန်လုံးပေါ့။ အဲ့လိုဖြစ်လာတာကို အန်ကယ်တို့ အနေနဲ့ကတော့ ပြည်သူတွေ ရင်ဆိုင်လာရတဲ့ ဒုက္ခတွေကို အတတ်နိုင်ဆုံး ဖြေလျှော့ပေးဖို့ ကူညီပေးဖို့ ဒါပဲ ရှိပါတယ်။ မတူဘူးပေါ့ဗျာ။ တပ်မတော်ကလည်း စစ်ရေးအမြင်နဲ့ လုပ်တာ။ အဲ့လိုပေါ့။

မေး။ အစိုးရနဲ့ KIO ဆွေးနွေးမှုတွေ ရပ်တန့်နေတဲ့အပေါ် နစ်ဘက်ကို ဘယ်လို တိုက်တွန်းလိုလဲ။

ဖြေ။ အန်ကယ်ကတော့ တိုက်တွန်းလိုတာက မြန်မြန်ဆန်ဆန် စားပွဲပေါ်မှာတွေ့ဆုံညှိနှိုင်းပြီး ငြိမ်းချမ်းရေး မြန်မြန်ရအောင် လုပ်ကြပါလို့ပဲ နှစ်ဘက်ကို အန်ကယ်က ပြောချင်ပါတယ်။

မေး။ ကချင်ပြည်နယ်ထဲက တိုက်ပွဲတွေမှာ တပ်မတော်က စတိုက်တယ်။ သဘောထား တင်းမာတယ်။ ငြိမ်းချမ်းရေး မလိုချင်တာ တပ်မတော်လို့ နိုင်ငံရေးတတ်ကြွလှုပ်ရှားသူတွေ ဒေသခံတွေက ဆိုကြတယ်။ ဝန်ကြီးအနေနဲ့ဆိုရင် တပ်မတော်ရဲ့ သဘောထားကို ဘယ်လိုမြင်မိလဲ။

ဖြေ။ သူတို့ရဲ့သဘောထားက ခုဏပြောသလိုပဲ သူတို့စစ်ရေးအမြင်နဲ့ အလုပ်လုပ်တယ်။ သူတို့ရဲ့ အဓိကက ပြည်နယ်ရဲ့ လုံခြုံရေး၊ အဲ့အတွက် သူတို့က ဆောင်ရွက်တယ်။ အန်ကယ်ကတော့ ဘာမှလည်း ထွေထွေထူးထူး မပြောလိုပါဘူး။

# ဒီမိုကရက်ပညာရေးနဲ့ အာဏာရှင်ပညာရေး..

By Hkalen Uma
11 May 2017

ယငယ်တုန်းက “မင်းတို့ ကချ အရမ်းရိုင်း တယ်”လို့ မကြာခဏ အပြောခံရတာ မှတ်မိသေး တယ်။ ကချင်တွေက ဗမာစကားပြောရင် “မင်း” “ငါ” ပဲ သုံးတယ်။ ကချင်စကားမှာ အင်္ဂလိပ် စကားလို စကားလုံး နှစ်မျိုးပဲ ရှိတယ်။ you (nang) နှင့် I (ngai)။ ဒီတော့ တိုက်ရိုက် အဓိပ္ပါယ်ပြန်ရင် မင်း၊ ငါ၊ ဆိုပြီး ပြောလာတာ ဖြစ်တယ်။



ချင်းမိုင်မှာ ပြုလုပ်တဲ့ ပညာရေး workshop တခုမှာ ကနေဒါ နိုင်ငံက အခြေခံပညာ ကျွမ်းကျင်သူ ဆရာမ တစ်ယောက်က Facilitator လုပ်ပေးတယ်။ သူက ထိုင်းအစိုးရ ကျောင်းဆရာ၊ ဆရာမတွေကို သင်တန်းပေးနေကျဆိုတော့ ထိုင်းဆရာ၊ ဆရာမတွေအကြောင်း ခဏခဏ ဥပမာ ပေးလေ့ရှိတယ်။

ဥပမာ ၂ခုကို အမှတ်ရနေဆဲဖြစ်ပြီး၊ ကိုယ်ဖြတ်သန်းဖူးတဲ့ ကိုယ့်နိုင်ငံရဲ့ ပညာရေးနဲ့ချိန်ထိုး ဖြစ်ခဲ့တယ်။ (၁) စိတ်မရှည်တဲ့ ထိုင်းဆရာမတချို့က ကလေးတွေကို ခြိမ်းခြောက်တယ် (ရိုက်တာမဟုတ်)။ ကလေးတွေ အတွက် အရမ်းစိတ်မကောင်း ဖြစ်ရတယ်တဲ့။ ဒီလိုဆရာမနဲ့ နေ့တိုင်းတွေ့နေရမဲ့ ကလေးတွေရဲ့အနာဂတ်အတွက် မတွေးဝံ့စရာပဲတဲ့။ .... (ကိုယ့်ဆီမှာတော့ ခြိမ်းခြောက်တာတင်လား ရိုက်တာမှ ညိုမဲအောင်ကို ရိုက်တာလေ...။ (ခြိမ်းခြောက်တဲ့ အဆင့်ကတော့ ဆရာမ တိုင်းပါပဲ..)

(၂) နယ်စပ်ဒေသက ထိုင်းဆရာမတချို့က လူမျိုးခြားကလေးတွေအပေါ် လူမျိုးရေးချိုးနှိမ်တဲ့ စကားမျိုး အလွယ်တကူ ပြောတတ်ကြတယ်တဲ့။ ဒါမျိုးကို ကနေဒါမှာတော့ Racial Discrimination Law နဲ့ ကျောင်းထုတ်ခံရတာ ကြာပြီတဲ့။ ဒီမှာတော့ အရေးယူဖို့ မေ့နေကြတယ်တဲ့။

ငယ်ငယ်တုန်းက “မင်းတို့ ကချင်တွေ အရမ်းရိုင်းတယ်”လို့ မကြာခဏ အပြောခံရတာ မှတ်မိသေးတယ်။ ကချင်တွေက ဗမာစကားပြောရင် “မင်း” “ငါ” ပဲ သုံးတယ်။ ကချင်စကားမှာ အင်္ဂလိပ် စကားလို စကားလုံး နှစ်မျိုးပဲ ရှိတယ်။ you (nang) နှင့် I (ngai)။ ဒီတော့ တိုက်ရိုက် အဓိပ္ပါယ်ပြန်ရင် မင်း၊ ငါ၊ ဆိုပြီး ပြောလာတာ ဖြစ်တယ်။

၁၉၉၇-၁၉၉၈ စာသင်နှစ် မြစ်ကြီးနား အထက (၂)က ၉တန်းအခန်းမှာ ဖြစ်ခဲ့ဖူးတဲ့ အဖြစ်အပျက်တစ်ခု ဖေါက်သည်ချချင်တယ်။ ဆရာမ တစ်ပါးက အတန်းထဲမှာ “မင်းတို့ ကချင်တွေ သိပ်ရိုင်းတယ်”လို့ ပြောတော့ ကချင်ကျောင်းသား တစ်ယောက်ကထပြီး “ဆရာမ ပြောချင်ရင် အဲဒီတစ်ယောက်ကိုပဲ ပြောပါ၊ လူမျိုးကို မပြောနဲ့ ငါမကြိုက်ဘူး”လို့ ပြောတယ်တဲ့၊ ဒီအခါမှာ ဆရာမက မင်းလည်း အတူတူပဲ၊ ဆရာမကို ငါလို့ ပြောရသလား... အခန်းထဲက ထွက်သွား.. လို့ ပြောတယ်တဲ့။ ဒီတော့ ကောင်လေးက ထွက်သွားတယ်... ကျောင်းလည်း မလာတော့ဘူး.. လိမ္မာတဲ့ ကလေးဆိုတော့ တချို့ဆရာမတွေက မနေသာတော့ပြန်ခေါ်တယ်။ ကျောင်းဆက်တက် ခိုင်းတယ် ဆိုပါတော့...။

အတန်းထဲမှာ အာဏာရှင် ဆန်ဆန်ပြုမူတဲ့ ဆရာမတွေ ရှိသလို တချို့ ဆရာမတွေ ဒီမိုကရက်တစ် ဆန်ဆန် သင်ပေးတဲ့ ဆရာမတွေနဲ့လည်း တွေ့ဖူးတယ်။ ပြန်ပြောင်းစဉ်းစားလိုက်ရင် အာဏာရှင်ဆန်တဲ့ ဆရာမတွေကို သံယောဇဉ် သိပ်မရှိဘူး။ ဒီမိုကရက်ဆန်တဲ့ ဆရာမတွေကို ခုထိမှတ်မိနေဆဲ ဖြစ်တယ်။ ဘယ်နေရာတွေ့တွေ့ အမေတစ်ယောက်ကိုတွေ့သလို ခံစားရတယ်။ သူသင်ပေးခဲ့တဲ့ အရာတွေလည်း ကျန်နေဆဲပဲ။ ဆရာမ အခန်းထဲမှာ ပြောခဲ့တဲ့ အသံတွေတောင် မြင်ယောင်နေ သေးတာတွေ ရှိတယ်။



ကလေးတွေဟာ နိုင်ငံ့အနာဂတ်ဆိုရင် အာဏာရှင်ဆန်တဲ့ ဆရာ၊ဆရာမများရင် အာဏာရှင် လုပ်စားနည်း သင်ပေးတာနဲ့ အတူတူပဲ။ ဒီမိုကရက်ပုံစံသွားရင် ဒီမိုကရက်ဆန်တဲ့ ခေါင်းဆောင်တွေ ပေါ်လာမယ်။

ဒီလို အခြေခံ အဖြစ်အပျက်တွေအပေါ် အဲဒီကနေဒါ ဆရာမရဲ့ မှတ်ချက်ကတော့....

"အတန်းထဲမှာ ကျောင်းသူ၊ကျောင်းသား ပရိတ်သတ်က ဒါပဲ၊ ဒါပေမဲ့ ဆရာ၊ဆရာမတွေ တစ်ယောက်နဲ့ တစ်ယောက် အဲဒီတပည့်တွေအပေါ် မြင်တဲ့အမြင်က ဘာဖြစ်လို့ ကွာသွားသလဲ ဆိုတော့၊ သူ့ရဲ့ပင်ကိုယ် စရိုက်နဲ့ စိတ်ခံစားချက်ကြောင့်ပဲ ဖြစ်တယ်လို့ ပြောရမှာပါ။ ကျောင်းသူ၊သားတွေနဲ့ သိပ်တော့ မဆိုင်ပါ။ ကမ္ဘာမှာ ဘယ်နေရာက ကျောင်းခန်းပဲ ဖြစ်ပါစေ၊ အသက်အရွယ်နဲ့ လိုက်ပြီး ကလေးတွေရဲ့ စရိုက်ကအတူတူပဲ။ ဆိုးတယ်လို့မြင်ရင် ဆိုးတာပဲ။ ချစ်စရာလေးတွေလို့မြင်ရင် ချစ်စရာ ကောင်းလာတယ်။"တဲ့။

ကလေးတွေဟာ နိုင်ငံ့အနာဂတ်ဆိုရင် အာဏာရှင်ဆန်တဲ့ ဆရာ၊ ဆရာမများရင် အာဏာရှင် လုပ်စားနည်း သင်ပေးတာနဲ့ အတူတူပဲ။ ဒီမိုကရက်ပုံစံသွားရင် ဒီမိုကရက်ဆန်တဲ့ ခေါင်းဆောင်တွေ ပေါ်လာမယ်။

အာဏာရှင်ဆန်တဲ့ ဆရာ၊ဆရာမတွေဟာလည်း အာဏာရှင်ဆန်တဲ့ အုပ်ချုပ်မှုအောက်မှာ ဖြစ်ထွန်းလာတာ ပိုများတယ်လို့ ပညာရှင်တွေက သုံးသပ်ပါတယ်။ အထက်အောက် အုပ်ချုပ်ပုံ ပညာရေးစနစ်မှာ ဆရာ၊ဆရာမတွေရဲ့ ရာထူးခန့်မှုသည် အထက်အမိန့်ဟာ အဓိက ဖြစ်လာတယ်။ သူ့ရဲ့သင်ပြပုံ၊ ကျောင်းသားတွေကို ပြုစုပျိုးထောင်ပုံ ကောင်းဖို့ထက် အထက်လူကြီးတွေကို ဖါးဖို့က အဓိက ကျလာတယ်။ ငွေကြေးအတွက် အပြောင်းအရွှေ့စရိတ်တွေ ရှိလာမယ်၊ အောက်ခြေကို ဂရုစိုက်မှုထက် အထက်လူကြီးကို ထိတွေ့ဆက်ဆံနိုင်မှုဟာ အဓိက ကျလာတယ်။ သူရာထူးတက်ပြီး နေရာရလာရင်လည်း ဒီလိုပဲ ပြန်ကျင့်သုံးမှာ ဖြစ်တယ်။ သူ့ရဲ့ကုန်ကျစရိတ်ကာမိအောင် သူက ပြန်ပြီးငွေရှာဖို့ ဖြစ်လာတယ်။ ဒါဟာ အာဏာရှင် လက်ထက် ဖြစ်ပေါ်လာတဲ့ ပညာရေးအုပ်ချုပ်ပုံ ယန္တရားစနစ် ဖြစ်တယ်။

များသောအားဖြင့် ဒီမိုကရက်ဆန်တဲ့ ဆရာ၊ဆရာမတွေဟာ ရိုးရှင်းတတ်ကြတယ်။ ဝါသနာအရ ကျောင်းဆရာ အလုပ်လုပ်ပေမဲ့ ရာထူးဟာ သူ့အတွက် အရေးကြီးပုံမရ။ ဒီတော့ သူသည် သင်ကြားရေးဘက်မှာ အားသာသွားတတ်ကြတယ်။ ဒီလိုဆရာ၊ဆရာမတွေဟာ အပြောင်းအရွှေ့ သိပ်မရှိပဲ ဒေသခံတွေ ဖြစ်နေတတ်တာ တွေ့ရတယ်။ ပြောင်းရွှေ့ရရင်လည်း ဘယ်သူမှမသွားချင်တဲ့ နေရာတွေကို ပြောင်းရတတ်တယ်။ ဒါပေမဲ့ ရောက်တဲ့ နေရာမှာ ပန်းပန်လျက်ပါ။

ဒီမိုကရေစီ နိုင်ငံတွေမှာ ပညာရေး ဖွံ့ဖြိုးမှုနဲ့အတူ နိုင်ငံ့ဖွံ့ဖြိုးမှု တိုးလာတာဟာ ပညာရေးစနစ်ကြောင့် ဖြစ်တယ်ဆိုတာ ငြင်းလို့မရတဲ့ မျက်မြင်သက်သေ ဖြစ်ပါတယ်။ ပညာရေးဘက်မှာ ဒီမိုကရေစီစနစ် မကျင့်သုံးနိုင်ရင် ပညာရေးဖွံ့ဖြိုးမှု နောက်ကျ ကျန်နေမှာ အမှန်ဖြစ်တယ်။ ပညာရေး နောက်ကျခြင်းနဲ့အတူ နိုင်ငံ့ဖွံ့ဖြိုးမှုလည်း နောက်ကျနေမှာ အမှန်ဖြစ်တယ်။

မြန်မာပြည်မှာ ပညာရေးမပြောသေးတဲ့ ဒီမိုကရေစီပါတီမှာတောင် အာဏာရှင်နဲ့ပါ။

ဘယ်လမ်းရွေးမလဲ?

# KIO နှင့် ငြိမ်းချမ်းရေး လမ်းကြောင်းများ

By Ko Aung
16 May 2017



FC ကနေ ချက်ချင်းနုတ်ထွက အခြေအနေ မရှိသလို NCA လမ်းကြောင်းကိုလည်း စွန့်လွှတ်ပြီး UWSP ဦးဆောင်မှုကို ချက်ချင်းဝင်ရောက်မယ့် သဘောလည်း မတွေ့ရပါဘူး။ ဒ့ါအပြင် အရေးပါတဲ့ စစ်ရေးအပါအဝင် ကိစ္စရပ်တွေကိုလည်း အစိုးရနဲ့တိုက်ရိုက် ဆွေးနွေးဖို့ ညှိနှိုင်းနေတဲ့ လမ်းကြောင်းကိုလည်း စန်လွှတ်ဖွယ် မရှိသေးကြောင်း ‘တင်ပြလိက်ပါတ ‘

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) UNFC ကနေ နုတ်ထွက်စာ တင်လိုက်တဲ့သတင်းဟာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ရိုက်ခတ်မှုများရှိခဲ့ပါတယ်။ အထူးသဖြင့် ကေအိုင်အိုဟာ အစိုးရတပ်နဲ့ တိုက်ပွဲနဲ့ပဋိပက္ခတွေ အဓိကဖြစ်ပွားနေတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ဖြစ်တဲ့အပြင် လက်ရှိအဖွဲ့ဝင်(၇)ဖွဲ့ ပါဝင်တဲ့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)ရဲ့ခေါင်းဆောင်မှုပိုင်း တာဝန်ယူထားတဲ့အဖွဲ့ ဖြစ်တဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ကေအိုင်အိုဟာ UNFC ကနေ တကယ်နုတ်ထွက်တော့မလား။ နုတ်ထွက်ဖြစ်ရင် ဘယ်လိုအလားအလာတွေ ဖြစ်လာမလဲ ဆိုတာကို ဒီဆောင်းပါးမှာ ဖော်ပြသွားမှာဖြစ်ပါတယ်။

ကေအိုင်အို အရာရှိတစ်ယောက်ကတော့ UNFC ကို နုတ်ထွက်စာ တင်ထားတာ အတည်ပြု ပြောကြားခဲ့ပေမဲ့ UNFC ညီလာခံမှာ ဆုံးဖြတ်ရမဲ့ ကိစ္စဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ UNFC ညီလာခံ ကျင်းပမဲ့ရက်ကို အတိအကျသတ်မှတ်ရခြင်းတော့ မရှိသေးပါဘူး။

ဒါကြောင့် ကေအိုင်အိုဟာ UNFC ရဲ့နိုင်ငံရေးဆွေးနွေးမှုအဖွဲ့ (Delegation for Political Negotiation)မှာ ပါဝင်ပြီး အစိုးရနဲ့ ဆက်ဆွေးနွေးနေမယ့် သဘောရှိပါတယ်။ အစိုးရနဲ့ DPN ဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူညီချက် စာချုပ် (NCA)အပေါ် UNFC ရဲ့အဆိုပြုချက် (၈)ချက်ကို ဆွေးနွေးနေတာ ဖြစ်ပါတယ်။ ဒီ(၈)ချက်ကို ပြေလည်ရင် NCA လက်မှတ်ထိုးမယ်ဆိုတဲ့ သဘောပါ။

တစ်ဖက်မှာလည်း ကေအိုင်အိုဟာ အစိုးရနဲ့တိုက်ရိုက်ဆွေးနွေးဖို့ ညှိနှိုင်းနေတာလည်း ရှိပါတယ်။ ပြည်တွင်းသတင်းဌာနတွေမှာ ဖော်ပြချက်အရဆိုရင်တော့ စစ်ရေးကိစ္စတွေကို အဓိကဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဒ့ါအပြင် ကေအိုင်အိုဟာ ဝပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP) ဦးဆောင်တဲ့ NCA ပြင်ပနိုင်ငံရေး ဆွေးနွေးမယ်ဆိုတဲ့ မြောက်ပိုင်းအဖွဲ့တွေရဲ့ပန်ခမ်းဆုံးဖြတ်ချက်မှာလည်း ပါဝင်ထားပါတယ်။

UWSP ဟာ အစိုးရနဲ့ဆွေးနွေးဖို့ နိုင်ငံရေးဆွေးနွေးရေး ကော်မတီကို



KIO၊ SSPP၊ AA၊ TNLA၊ MNDAA တို့နဲ့ ဖွဲ့စည်းထားပါတယ်။ အစိုးရနဲ့တစ်ဖွဲ့ချင်း မဆွေးနွေးဘဲ အစုအဖွဲ့လိုက် ဆွေးနွေးရန်အတွက် ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ NLD အစိုးရကတော့ NCA လမ်းကြောင်းအတိုင်းပဲ ဆက်သွားမယ်လို့ မကြာခဏပြောနေခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ကေအိုင်အိုဟာ UNFC ကနေ UWSP ဦးဆောင်မှုအောက် ဝင်တော့မလား ဆိုတာကိုလည်း ထည့်သွင်းစဉ်းစားစရာ ဖြစ်နေပါတယ်။ ကေအိုင်အိုနဲ့ မြောက်ပိုင်းမဟာမိတ် အဖွဲ့တွေသာ UWSP နဲ့ ပူးပေါင်းလိုက်မယ်ဆိုရင် အစိုးရက ဘယ်လိုစဉ်းစားလာမလဲ ဆိုတာတွေးရမှာ ဖြစ်တယ်။

UNFC မှာဆိုရင်လည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ မွန်ပြည်သစ်ပါတီ(NMSP) အပါအဝင် အဖွဲ့ဝင်အချို့ဟာ NCA လက်မှတ်ထိုးဖို့ ရှိနေပါတယ်။ ဝအမျိုးသားအဖွဲ့ချုပ် (WN0)ကတော့ UWSP နဲ့ ပူးပေါင်းဖို့ UNFC ကနေ နုတ်ထွက်ခွင့် တောင်းထားပါတယ်။ အရင်က ချင်းအမျိုးသားတပ်ဦး(CNF)၊ ပအိုဝ်အမျိုးသားအဖွဲ့ချုပ်(PNL0) တို့ကို NCA ရေးထိုးလို့ UNFC ကနေ ထုတ်ပယ်ခဲ့ဖူးပါတယ်။ ဒါကြောင့်အခု UNFC အဖွဲ့ဝင်ထဲက NCA ရေးထိုးတဲ့အဖွဲ့တွေ ပေါ်လာရင်ရော ထုတ်ပစ်မလား၊ ဘယ်လိုဖြစ်လာမလဲ ဆိုတာစိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒ့ါအပြင်ကေအိုင်အို UNFC ကနေ နုတ်ထွက်ရင်ရော တပ်ပေါင်းစု အလားအလာ ဘယ်လိုရှိလာနိုင်လဲ ဆိုတာကိုလည်း မေးခွန်းထုတ်ရမှာ ဖြစ်ပါတယ်။

UNFC သာမရှိတော့ဘူး ဆိုရင်တော့ ဖြစ်လာနိုင်တဲ့အနေအထားက UWSP ခေါင်းဆောင်တဲ့ မြောက်ပိုင်း မဟာမိတ်အဖွဲ့နဲ့ NCA ရေးထိုးထားတဲ့ အဖွဲ့တွေဆိုပြီး အဓိကအင်အားစု၂ခု ပေါ်ပေါက်လာနိုင်ပါတယ်။ UNFC က အင်အားကြီးအဖွဲ့တွေ ဖြစ်တဲ့ကေအိုင်အိုနဲ့ ရှမ်းပြည် တပ်မတော်မြောက်ပိုင်း (SSPP/SSA) တို့က UWSP နဲ့ ပူးပေါင်းသွားဖွယ်ရှိပါတယ်။ ခြွင်းချက်အနေနဲ့တော့ အိန္ဒိယနိုင်ငံနဲ့ ပထဝီနိုင်ငံရေး ဆက်စပ်နေတဲ့ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီကတော့ ကျန်နေမယ့် အနေအထား ဖြစ်ပါတယ်။

ဒုတိယအကြိမ် ကျင်းပတဲ့ ၂၁ပင်လုံညီလာခံဟာလည်း မေလ၂၄ဆိုရင် စတင်တော့မှာ ဖြစ်ပါတယ်။ အစိုးရက NCA မထိုးရသေးတဲ့အဖွဲ့တွေကို ပုံစံ(၃)မျိုးနဲ့ ပါဝင်ခွင့် ပေးထားပါတယ်။ ဆွေးနွေးဆုံးဖြတ်ခွင့် မရှိတဲ့အထူးဖိတ်ကြားသူ၊ NCA မထိုးရသေးပေမဲ့ Deed of Commitment for Peace and National Reconciliation (ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်နလည်သင်မြတ်ရေးဆိုင်ရာ ကတိပြုချက်)ထိုးပြီး ပါဝင်ဆွေးနွေးနိုင်တဲ့ပုံစံ၊ (DoC)ထိုးပါက ဆွေးနွေးလို့ရပေမဲ့ နိုင်ငံရေးဆုံးဖြတ်ချက်တွေ ချမှတ်မဲ့ UPD-JC မှာ ပါဝင်ခွင့် ရှိမှာမဟုတ်ပါဘူး။ NCA ထိုးပြီး အပြည့်အဝ ပါဝင်ခွင့်ရှိတဲ့ပုံစံတွေနဲ့ ပါဝင်ခွင့် ပေးထားပါတယ်။

ဘယ်အဖွဲ့တွေက ဘယ်လိုပုံစံကို ဆုံးဖြတ်မယ်ဆိုတာလည်း ဒီရက်ပိုင်းမှာ သိရဖွယ်ရှိပါတယ်။ အစိုးရနဲ့ DPN ဟာ ၂၁ပင်လုံမတိုင်ခင် တွေ့ဆုံးဆွေးနွေးဖို့ ညှိနှိုင်းနေပါတယ်။ ကေအိုင်အိုက သူ့ဥက္ကဋ္ဌလုပ်နေတဲ့ UNFC ရဲ့အဆိုပြုချက် (၈)ချက် ဆွေးနွေးတာကို စောင့်ကြည့်မယ့် သဘောရှိပါတယ်။ ကေအိုင်အိုက ဘယ်လမ်းကြောင်းကို ရွေးချယ်မလဲဆိုတာ မကြာခင်ရက်ပိုင်းမှာ ပေါ်ပေါက်လာဖွယ် ရှိပါတယ်။ ဒီဆွေးနွေးပွဲပြီးရင် NCA ထိုးမယ့်အဖွဲ့တွေ၊ NCA မထိုးပေမဲ့ DoC ထိုးမယ့်အဖွဲ့တွေ ပေါ်လာနိုင်ပါတယ်။

ခြုံပြောရရင် ကေအိုင်အိုကတော့ လောလောဆယ် အချိန်အထိ DPN လမ်းကြောင်း၊ တိုက်ရိုက်ဆွေးနွေးမယ့် လမ်းကြောင်းနဲ့ ပန်ခမ်းဆုံးဖြတ်ချက်လမ်းကြောင်း စတဲ့လမ်းကြောင်းသုံးခု စလုံးကနေ သွားနေတဲ့ သဘောရှိပါတယ်။

UNFC ကနေ ချက်ချင်းနုတ်ထွက်မယ့် အခြေအနေ မရှိသလို NCA လမ်းကြောင်းကိုလည်း စွန့်လွှတ်ပြီး UWSP ဦးဆောင်မှုကို ချက်ချင်းဝင်ရောက်မယ့် သဘောလည်း မတွေ့ရပါဘူး။ ဒ့ါအပြင် အရေးပါတဲ့ စစ်ရေးအပါအဝင် ကိစ္စရပ်တွေကိုလည်း အစိုးရနဲ့တိုက်ရိုက် ဆွေးနွေးဖို့ ညှိနှိုင်းနေတဲ့ လမ်းကြောင်းကိုလည်း စွန့်လွှတ်ဖွယ် မရှိသေးကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။



# ကိုယ်ပိုင်တဲ့ခွက် ဘာခွက်လဲ သိရမယ်

ကျောင်းမှာသင်တဲ့ ပြည်သူ့နီတိ
မလုံလောက်တော့ဘူး။ သဘာဝပတ
ဝန်းကျင် သင်ကြားပေးဖို့ လိုအပ်နေပြီလု

အရပ်လေးမျက်နှာကို ကြည့်လိုက်ရင် စိမ်းပြာရောင် တောင်တန်းကြီးများက မြို့လေးကို ဘယ်တော့မှ မဖျောက်မပျက်စေမယ့် သဘာဝ မဟာတံတိုင်းကြီးလို ကာရံထားတယ်။

ထိုမြို့ကလေးနဲ့ နီးလာလေလေ ကြည်လင်အေးမြနေတဲ့ စိမ်းညိုညို့ ချောင်းလေးက တောင်တန်းများကြားမှာ တည်တည်ငြိမ်ငြိမ် စီးဆင်းနေတယ်။ ကြမ်းတမ်းခက်ထန်လှတဲ့ တောင်ပေါ်လမ်းအတိုင်း သွားလာနေရတဲ့ ခရီးသည်များရဲ့ မောပန်းခံစားမှုများကို ခံစားသက်သာစေပြီး မြို့အဝင်အထိ ဆွဲဆောင်လမ်းပြပေးနေတဲ့ "ကဆန်ခ"ချောင်းလေး ဖြစ်ပါတယ်။

ကဆန်ခဟာ နောင်မွန်မြို့လေးကို အနောက်ဘက်ကနေ ကပ်ပြီး စီးဆင်းသွားတဲ့ ချောင်းလေးဖြစ်တယ်။ တောင်ပေါ်မြို့လေးရဲ့မြို့သူမြို့သား တွေက ရေဆင်းချိုးကြတယ်။ ကနူးလှေများနဲ့ ငါးပိုက်မျောတန်းနေတာကို တွေ့ခဲ့ရတယ်။ (ကျွန်နော်ကိုယ်တိုင်လည်း ဒေသခံလူငယ်များနဲ့အတူ မျောပိုက်တန်းဖူးတယ်။ နာရီပိုင်းအတွင်း တစ်ပိဿခွဲ နှစ်ပိဿခန့် ရခဲ့တယ်။)

နောင်မွန်မြို့ရဲ့အနောက်မြောက်ဘက်တွင် ဒေသခံများကို မိုးလေဝသ မျှော်စင်လို အကျိုးပေးနေတဲ့ "လငါးတောင်"ကို မြို့ပေါ်ကနေ ထင်သာမြင်သာ လှမ်းမြင်နေရတယ်။ ၎င်းတောင်ထိပ်တဝိုက် တိမ်ကင်းစင်တဲ့နေ့ဆိုရင် ရာသီဥတု သာယာမယ်။ တိမ်ထူထပ်ရင် မိုးများမယ်။ လျှပ်စစ်မီးမရှိ၊ (အခုတော့ ည ၆နာရီကနေ ၁၀နာရီကျော်ထိ မြို့ပေါ်မီးလာပြီ။) TV မကြည့်ခဲ့တဲ့ ဒေသခံများက လငါးတောင်ကို

ကြည့်ပြီး မိုးလေဝသခန့်မှန်းခဲ့ကြတယ်လို့ ပြောပြကြတယ်။

ပြောမယ်ဆိုရင် သဘာဝတရားအတိုင်း လူတွေကိုအကျိုးပေးနေတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ လငါးတောင်ကိုကြည့်ပြီး အရင်လိုမိုးလေဝသ မခန့်မှန်းနိုင်တော့ဘူးလို့ ဒေသခံတစ်ဦးက တွေးတွေးဆဆ အပြုံးတစ်ဝက်နဲ့ ပြောပြတယ်။

သစ်တွေခုတ်ရင် သစ်တောပြုန်းလာတယ်။ သစ်တောပြုန်းလာရင် ရာသီဥတုပူလာတယ်။ လူတွေက ပူတဲ့ဒဏ်ကို ခံစားနေရတယ်။ ဥပဒေအခြေခံ အသိပညာပေး သင်တန်းတစ်ခုမှာ ရှေ့နေဆရာတစ်ဦးက သင်တန်းတက်ရောက်သူများကို သဘာဝတရားက ပေးတတ်တဲ့ ပစ်ဒဏ်အကြောင်း အရိုးရှင်းဆုံးဥပမာနဲ့ ရှင်းပြနေတာကို ကျွန်နော် သတိရနေမိတယ်။

လောဘအဆိပ်တက်နေတဲ့ လူတွေရဲ့လက်နဲ့ မထိမတွေ့သေးတဲ့ ကချင်ပြည်နယ်ရဲ့ ရေခဲတောင်တည်ရှိတဲ့ မြောက်ဘက်စွန်းဒေသ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ကို တောင်ပိုင်းတိုးချဲ့ပြီး ကမ္ဘာ့အမွေအနှစ် သတ်မှတ်ရန် စီစဉ်နေတဲ့ ဧရိယာထဲမှာ နောင်မွန်မြို့နယ်လည်း ပါဝင်နေတယ်လို့ ဒေသခံများရဲ့ ပြောပြချက်အရ သိရပါတယ်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကုန်ပစ္စည်းမှန်သမျှ ဈေးကြီးလှတဲ့ နောင်မွန်မြို့နယ်တွင် ဒေသခံများက သဘာဝတောတောင်များကို မြို့ကြီးပြကြီးများမှ city mart နဲ့ super market များလို သူတို့ရဲ့နေ့စဉ်ဘဝ ရှင်သန်ရပ်တည်ရေးအတွက် မှီခိုအားထားကြပါတယ်။

မတော်လောဘတက်ပြီး သဘာဝပတ်ဝန်းကျင်ကို ဖျက်လိုဖျက်ဆီး လုပ်လိုကြတဲ့ ဒေသခံများ မဟုတ်ကြပေမဲ့၊ သူတို့လက်လှမ်းမီသလောက် စဉ်စားလို့နားမလည်၊ သဘောမပေါက်သေးတဲ့ ကမ္ဘာ့အမွေအနှစ် သတ်မှတ်ရေးကို သံသယတစ်ဝက်နဲ့ နားစွင့်နေကြတယ်လို့ ကျွန်နော် သုံးသပ်မိတယ်။ သက်ဆိုင်သူများရဲ့ စီစဉ်ကြိုးပမ်းနေမှုကို နားလည်ဆုံးဖြတ်နိုင်ရန် လုံလောက်တဲ့ သတင်းအချက်အလက်နဲ့ ချပြဆွေးနွေးမှုများ မရှိသေးတဲ့စီမံကိန်း ဖြစ်နေသေးသလို၊ လောလော ဆယ်ထိ ဒေသခံပြည်သူများကို စိတ်အနှောင့်အယှက်ပေးနေတဲ့ စီမံကိန်းတစ်ခုလည်း ဖြစ်နေတယ်လို့ ကောက်ချက်ချမိတယ်။ သက်ဆိုင်သူများက ကန့်ကွက်၊ ထောက်ခံ၊ ကြားနေ စသည့် ဆန္ဒများကို ကောက်ယူခဲ့ကြတယ်လို့ ရောက်တဲ့ရွာတိုင်းက ဒေသခံတွေကို မေးကြည့်ရာမှ သိရတယ်။ တစ်ချို့က ကန့်ကွက်လက်မှတ်များ စုဆောင်း ကောက်ခံနေတာကိုလည်း ကြားသိခဲ့ရတယ်။

တောတောင်များကို မှီခိုအားထားရတဲ့ လုပ်ကိုင်စားသောက်မှုအစား ဘယ်လိုအလုပ်အကိုင်မျိုးကို အစားထိုးလုပ်ကိုင်ရမယ်ဆိုတာ မသိသေး တဲ့အပြင် ထောက်ပံ့ကူညီမှုမရှိရင် မိသားစုတိုင်းက အလုပ်အကိုင် အသစ်များမှာ အံဝင်ခွင်ကျမဖြစ်နိုင်တာ သဘာဝကျပါတယ်။ ဒီလို ဒေသခံတွေ စိတ်ပူနေတဲ့အချိန်မှာ သက်ဆိုင်ရာက ကန့်သတ်လာတဲ့ စည်းကမ်းချက်များနှင့် တားမြစ်ချက် ဥပဒေများဟာလည်း ဒေသခံများကို ပိုမိုစိတ်မောစေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သဘာဝသစ်တောနဲ့ မြစ်ချောင်းများပေါများလှတဲ့ ကျွန်နော်တို့ ကချင်ပြည်နယ်ဟာ သဘာဝကို မှီခိုအားထားပြီး ဘဝဖုံလုံ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမှာကတော့ အမှန်ပါ။ ဒါပေမဲ့ ဘယ်လိုနည်းလမ်းတွေနဲ့ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် လုပ်ကိုင်စားသောက်ကြမလဲ ဆိုတာက အင်မတန်စိတ်ဝင်စားပြီး ရေရှည်အတွက် လက်တွေ့ လုပ်ဆောင် လာရမယ့် အချိန်အခါရောက်နေပြီ။

ပျက်စီးပြုန်းတီးခံလိုက်ရတဲ့ ကျွန်နော်တို့ ပြည်နယ်က အချို့သစ်တော၊ မြစ်ချောင်းများကို ကြည့်ပြီး သင်ခန်းစာ ယူသင့်တယ်လို့ မြင်မိတယ်။

ကျွန်နော် အလယ်တန်းကျောင်းသားဘဝတုန်းက ဧရာဝတီမြစ်ထဲဆင်းပြီး ရေချိုးတယ်။ ပလုပ်ကျင်းတယ်။ အဲ့ဒီအချိန်တုန်းက ဧရာဝတီမြစ်ဟာ ကြည်သေးတယ်။ ခရစ်သက္ကရာဇ် ၂၀၀၀ ကျော်လာတာနဲ့ တဖြည်းဖြည်း ဧရာဝတီမြစ်ဟာ နောက်လာတယ်။ ညစ်ပတ်လာတယ်။

မြစ်ထဲစွန့်ပစ် အမှိုက်တွေများလာလို့၊ ၂၄နာရီ မြစ်ပေါ်ရွှေကျင်တဲ့ စက်ဖောင်တွေများလာသလို ရေစုန်ရေဆန် ခုတ်မောင်းနေတဲ့ စက်လှေတွေကြောင့် ဖြစ်လိမ့်မယ်လို့ ထင်တယ်။ ထိုနောက်ပိုင်း မြစ်ရေနဲ့ ပလုပ်ကျင်းဖို့မပြောနဲ့ ရေချိုးရင်တောင် ဂျီးမပြောင်သလို ခံစားလာရတယ်။

အမှိုက်သရိုက် ကင်းရှင်းပြီး သဘာဝအတိုင်း (ဘုရားသခင်းရဲ့လက်ရာ တော်အတိုင်း) လှပနေတဲ့ ကဆန်ခကို ရောက်တုန်းရောက်ခိုက် အားရင်အားသလို ချောင်းကိုပဲ သွားချင်နေမိတယ်။ ကွမ်းလင်းကျေးရွာ ရောက်တဲ့တစ်နေ့ ကျွန်နော် ကဆန်ခ ကမ်းနားအတိုင်း လမ်းလျှောက် နေချိန် 'ကလိန်ကလောင်း'ဆိုတဲ့ အသံကြားလိုက်ရတယ်။ ဘာသံများလဲ လို့ လှမ်းကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက်က ချောင်းကမ်းပါးပေါ် ကနေ အမှိုက်တွေ သွန်ချနေတာကို တွေ့လိုက်ရတယ်။ 'အိုး'ဆိုတဲ့ အာမေဋိတ်သံက စိတ်ထဲမှာပဲ ဆုနစ်ပျောက်ကွယ်သွားတယ်။ အနီးကပ်သွားကြည့်လိုက်တော့ ပလတ်စတစ်တွေ၊ ကော်ဗူးတွေနဲ့ ပုလင်းတွေ။ ဒါပေမဲ့ အမှိုက်တွေက သိပ်တော့မများသေး။

အခုချိန်မှာ အမှိုက်တွေ မများသေးပေမဲ့ လမ်းတွေကောင်းသွားလို့ လူတွေများလာရင် ပလတ်စတစ်တွေ များလာမယ်။ ကော်ဗူးတွေ များလာမယ်။ ပုလင်းတွေ များလာမယ်။ ကြိုတင်ကာကွယ်ရန် အချိန်မှီသေးတယ်လို့ ထင်မိတယ်။ ကျောင်းမှာသင်တဲ့ ပြည်သူ့နီတိ တွေမှာ လူလူချင်း လေးစားတတ်ဖို့ သင်ကြားပေးတာက မလုံလောက် တော့ဘူး။ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်ဖို့နဲ့ အမှိုက်တွေ အကြောင်းကိုပါ ဂဃနဏ သင်ကြားပေးဖို့ လိုအပ်နေပြီလို့ စိတ်ကူးမိပါ တယ်။

နောင်မွန်ကနေ ပူတာအိုပြန်ရောက်တဲ့ နောက်တစ်နေ့မှာ နမ်းခမ်း ရေတံခွန်သွားရအောင်လို့ သူငယ်ချင်းမိတ်ဆွေများက အားတက်သရော ဆွဲခေါ်ဆောင်နေကြလို့ လိုက်သွားဖြစ်တယ်။ ရေတံခွန်ကို အမြန်ရောက်

ချင်တဲ့ စိတ်ကလည်း ရောက်ခါနီးလေလေ အမြန်ရောက်ချင်လေ ဖြစ်ခဲ့တယ်။ ရောက်တော့ သဘာဝအရှိုင်းအတိုင်း တကယ်ပျော်စရာ ကောင်းနေတဲ့ နေရာပါ။ အဲဒါတွေကို ကြည့်ပြီး ကျွန်နော် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ကို စရောက်ဖူးတုန်းက အဖြစ်အပျက်ကို ပြန်သတိရမိတယ်။

ခရီးစဉ်ကို စီစဉ်ပေးသူများက တောတောင်နဲ့ ချောင်းများကို အခြေခံပြီး ဖွင့်လှစ်ထားတဲ့ အပန်းဖြေစခန်းသို့ အလည်အပတ် ခေါ်သွားကြတယ်။ အဲဒီမှာ ကမ္ဘာလှည့်ခရီးသည်များက ဆင်လိမ္မာတွေစီးပြီး တောင်ကုန်း များသို့ တက်သွားတာကို တွေ့ခဲ့ရတယ်။ ကျွန်နော်တို့ ချောင်းထဲဆင်းပြီး ရေကစားကြတယ်။ အဲ့ဒီချောင်းနဲ့ အခုရောက်နေတဲ့ နမ်းခမ်းရေတံခွန်ကို နှိုင်းယှဉ်ကြည့်လိုက်ရင် နမ်းခမ်းရေတံခွန်က 'ဝင်နား'ပါ။

လာရောက်လည်ပတ်သူ သိပ်မများသေးပေမဲ့ စိတ်မကောင်းစရာ အစအနတချို့ကိုတော့ တွေ့ခဲ့ရတယ်။ တခြားတော့မဟုတ် လွှင့်ပစ် ထားခဲ့တဲ့ ပလတ်စတစ်များ၊ သံပူးများ ဖြစ်တယ်။ ချင်းမိုင်တုန်းက လာရောက်လည်ပတ်သူတွေ များနေပေမဲ့ အမှိုက်တွေကိုတော့ ပရမ်းမတာ မတွေ့ခဲ့ရ။

သစ်တုံးတွေကို သယ်ဆောင်နေတဲ့ ကုန်ကားကြီးတွေ နယ်စပ်ထဲ နေ့စဉ်ဝင်ရောက်သွားတာကို မြင်တွေ့ခဲ့ဖူးတယ်။ သတ္တုကုန်ကြမ်းတွေကို သယ်ဆောင်လာတဲ့ကားတွေ နယ်စပ်ထဲသို့ ဝင်သွားတာကို မြင်ခဲ့ဖူးတယ်။ သတ္တုတွင်းမှထွက်ရှိတဲ့ ညစ်ညမ်းရည်ကြောင့် ညစ်ညစ် ညမ်းညမ်း စီးဆင်းနေရတဲ့ ဧရာဝတီမြစ်? ဧ့ချန်းခကို မြင်ခဲ့ဖူးတယ်။ ကျွန်နော် ဖြတ်သန်း မြင်တွေ့ခဲ့တဲ့ အဖြစ်အပျက်တွေကို အခြေခံပြီး မေးခွန်းတစ်ခု ထုတ်မိတယ်။ သူများသာဆိုရင် ဒီလိုတည်ရှိနေတဲ့ သဘာဝရင်းမြစ် တွေကို ဘယ်လိုအကျိုးအမြတ်ရအောင် လုပ်ကြမလဲ။

မေးခွန်းထုတ်ပြီး ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ ရွက်ကုန်သည် ပုံပြင်လေးကို သတိရနေမိတယ်။ ပုံပြင်ထဲက ရွှေခွက်ပိုင်ရှင် မြေး အဘွားလို ရွှေအကြောင်းနားမလည်လို့ ရွှေကိုရွှေလို့မရောင်းပဲ ရွက်ထည်ရရင်ပြီးပြီ ဆိုတဲ့သဘော ကျွန်တော်တို့ ဖြစ်နေပြီလား။ ဒါမှမဟုတ် ဖုန်ကပ်နေတဲ့ခွက်ကို ဖုန်သုတ်ပြီး ရောင်းပန်းတင်မယ်ဆိုတဲ့ စိတ်ကူးမရှိတဲ့သူတွေ (သို့) အထဲမှာ ဘာရှိသလဲဆိုတာကို စူးစမ်းချင် တဲ့စိတ် မရှိတဲ့သူတွေ ဖြစ်နေပြီလား။

အဝါရောင်ရွှေသာမက အရှေ့တောင်အာရှမှာ ထိပ်တန်းရောက်နေတဲ့ ကျွန်နော်တို့ရဲ့ရေခဲတောင်၊ တောင်ကုန်းတောင်တန်းများမှာ စိမ်းစိမ်း လန်းလန်း ပေါက်နေတဲ့ သစ်တော၊ တောင်တန်းများကြားမှာ စီးဆင်း နေတဲ့ မြစ်ချောင်းတွေရဲ့တန်းဖိုး မပျောက်မပျက်အောင် ဘယ်လိုတန်ဖိုး ထားကြမလဲ။ ဒါတွေအားလုံးဟာ ကျွန်နော်တို့ရဲ့ အရောင်စုံတဲ့ရွှေ တွေပဲလေ..။

တန်းဖိုးထားတတ်တဲ့ ပညာတွေ သင်ကြားလေ့လာဖို့ လိုအပ်နေပါပြီ။ ပညာတော်သင်ဆုပေးရင် Tourism ဘာသာရပ်တွေကိုလည်း ဦးစားပေး ဘာသာရပ်တွေမှာ ထည့်သွင်းစဉ်းစားပေးသင့်နေပြီလို့ ပြောတဲ့ ခရီးသွားဖော်တစ်ဦးရဲ့ အပြောစကားလေးကို ကျွန်နော့် ခေါင်းထဲမှာ တစ်ချက်တစ်ချက် စဉ်းစားရင်း ခရီးသွားအတွေးလည်း ရပ်တန့်သွားတယ်။

BY HKA SAN LWI
18 MAY 2017



# စဉ်းစားသင့်သော အချက်တစ်ချက်

By Hka San Lwi
21 July 2017

ွစက္ကူများ၌ ရိုက်နှိပ်အသုံးပြုသော ရုပ်ပုံများမှအစ စာတိုက်တံဆိပ်ခေါင်း များအလယ် တံတားအမည် လမ်းအမည် ရွာအမည်အဆုံး စသည့် အမည်နာမရုပ်ပုံ ဝိသေသ လက္ခဏာများကို အသုံးပြုခြင်းသည် မှန်ကန်စွာ အသုံးပြုနိုင်လျှင် အကျိုးရှိနိုင်သော်လည်း အသုံးမမှန်လျှင် တိုင်းရင်းသားများကြား အက်ကြောင်း ပိမိကျယ်ပြန့်သွားနိုင်သည့် ဖြစ်သည်ဟု စာရေ ။

တိုင်းရင်းသားပြည်သူများနှင့် ဗမာတိုင်းရင်းသားပြည်သူများသည် အာဏာရှင်စနစ် ရှုံ့ရှာခြင်းနှင့် ဒီမိုကရေစီ လိုလားခြင်း၌ တူညီကြသည်ဟု ပြောနိုင်သော်လည်း ဖက်ဒရယ်စနစ်အပေါ် ရှုမြင်လက်ခံခြင်းတွင်မူ ကွဲပြားခြားနားမှု ရှိနေဆဲဖြစ်သည်ဟု ပြောနိုင်မည် ထင်ပါသည်။ ဖက်ဒရယ်စနစ်ကို ပြောလျှင် တိုင်းရင်းသားများ အချင်းချင်းကြားတစ်နည်း ပြည်နယ်နှင့်ဗဟိုကြားက အာဏာခွဲဝေခြင်းနှင့် သယံဇာတခွဲဝေခြင်းကို ပြေပြေလည်လည် အပေးအယူလုပ်နိုင်ရန် အရေးကြီး သည်ဟု ပြောနေကြပါသည်။

အာဏာခွဲဝေခြင်း၊ သယံဇာတခွဲဝေခြင်း စသည်ဖြင့် ကြီးကြီးမားမား မဟုတ်သည့် သမရိုးကျ မဟုတ်သော နိုင်ငံရေးအရ နေရာပေးခြင်း ကိစ္စများ၌ပြင်အပြန်အလှန်လေးစားခြင်း၊ အသိအမှတ်ပြုခြင်းများ အင်မတန်မှ အားနည်းနေသေးသည်ကို ယခုနှစ်အတွင်း ဖြစ်ပေါ်နေသော တံတားအမည်ပေးသည့် ကိစ္စ၊ ရုပ်တုစိုက်ထူသည့် ကိစ္စများ၌ ထွက်ပေါ်လာသော သတင်းများနှင့် ဝေဖန်မှုများကို ကြည့်လျှင် သိသာနေပါသည်။

သမရိုးကျမဟုတ်သော နိုင်ငံရေးအရ နေရာပေးခြင်း (Informal Political Position) သည် တိုင်းရင်းသားမျိုးနွယ်စုများကြား စိတ်ဝမ်းကွဲနေမှုများကို တစ်စုံတစ်ရာပြေလည်မှုရစေသည့် နည်းလမ်းဖြစ်သည်ဆိုသော အဓိပ္ပါယ်မျိုးဖြင့် ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သော Federalism ဆိုင်ရာ သင်တန်းတစ်ခုတွင် (နိုင်ငံခြားသား) ဆရာတစ်ယောက်မှ ရှင်းပြခဲ့ပါသည်။

သမရိုးကျမဟုတ်သော နိုင်ငံရေးအရ နေရာပေးခြင်းဆိုသည်မှာ တိုင်းရင်းသားများ၏ အစဉ်အလာယဉ်ကျေးမှုနှင့် သက်ဆိုင်သော ဝိသေသလက္ခဏာများကို နိုင်ငံတော် အစိုးရအနေဖြင့် သော်လည်းကောင်း နိုင်ငံတော်အကြီးအကဲများအနေဖြင့် သော်လည်းကောင်း နေရာပေးအသိအမှတ်ပြုခြင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားများကို သုံးစွဲဆုံးဖြတ်ပိုင်ခွင့် ပေးခြင်းများကို ဆိုလိုခြင်းဖြစ်သည်ဟု ဥပမာပေး ရှင်းပြခဲ့ပါသည်။

ငွေစက္ကူများ၌ ရိုက်နှိပ်အသုံးပြုသော ရုပ်ပုံများမှအစ စာတိုက်တံဆိပ်ခေါင်းများအလယ် တံတားအမည် လမ်းအမည် ရွာအမည်အဆုံး စသည့် အမည်နာမရုပ်ပုံ ဝိသေသလက္ခဏာများကို အသုံးပြုခြင်းသည် မှန်ကန်စွာအသုံးပြုနိုင်လျှင် အကျိုးရှိနိုင်သော်လည်း အသုံးမမှန်လျှင် တိုင်းရင်းသားများကြား အက်ကြောင်း ပိုမိုကျယ်ပြန့်သွားနိုင်သည့် ကိစ္စမျိုးဖြစ်သည်ဟု စာရေးသူ စဉ်းစားမိပါသည်။ ဝိသေသလက္ခဏာများသည် တိုင်းရင်းသားများ၏ သမိုင်း၊ အစဉ်အလာ၊ ယဉ်ကျေးမှုများနှင့် ဆက်နွယ်နေ၍ ဖြစ်ပါသည်။

ကချင်ပြည်နယ် ရောက်လာသည့် ခေါင်းဆောင်အကြီးအကဲများသည် ဗိုလ်ချုပ်အောင်ဆန်း မှအစ ကချင်ခေါင်းပေါင်း၊ ကချင်ရိုးရာ လွယ်အိတ်နှင့် ဓါးလွယ်များဖြင့် တွေ့ရပါသည်။ (အလားတူ အခြားခေါင်းဆောင်များကိုလည်း တွေ့မြင်ရမည် ဖြစ်ပါသည်။) ဒေါ်အောင်ဆန်းစုကြည်ဆိုလျှင် အောင်ဆန်းဂျာမွန်းဟု ကချင်နာမည် ကင်းပွန်းတပ်ခံရသည်အထိ ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်ခေါင်းဆောင်များ ၁၉၄၆ ခုနှစ်တွင် မြစ်ကြီးနားမြို့မန်ခရိန်၌ တွေ့ဆုံဆွေးနွေးခဲ့သည့် အစည်းအဝေးတွင် ကချင်ခေါင်းဆောင်များက ကချင်ရိုးရာ လွယ်အိတ်နှင့်ဓါးလွယ်အား ဗိုလ်ချုပ်ကို ဆင်မြန်းပေးခဲ့ပါသည်။ ကချင်အမျိုးသမီးများ

နှင့်အတူ ဓါတ်ပုံရိုက်မည့်အချိန်တွင် ဗိုလ်ချုပ်က ကချင်ခေါင်းပေါင်း ပေါင်းပြီး ဓါတ်ပုံရိုက်လိုသည်ဟု ပြောလာသည့်အတွက် Duwa Wa Baw Zau Rip (ဒူဝါဝဘော်ဇော်ရစ်)သည် ၎င်း၏ခေါင်းပေါ်မှ ကချင်ခေါင်းပေါင်းကို ချွတ်ပေးခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းရင်းသား ပြည်နယ်ခရီးစဉ်များ၌ ဝတ်စားဆင်ယင်ရာတွင် တိုင်းရင်းသား ရိုးရာအဝတ်အစားများကို နေရာတော်တော် များများ၌ ဝတ်စားဆင်ယင် တတ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ခေါင်းဆောင် တစ်ဦးတစ်ယောက် အနေဖြင့် အခြားတိုင်းရင်းသားများအပေါ် ချစ်ခင်ရင်းနှီးလိုသော စိတ်သဘောထားရှိမှုကို ပေါ်လွင်စေပြီး တိုင်းရင်းသား လူထုပရိသတ် တော်တော်များများ၏ စိတ်အာရုံကို ဖမ်းညွှတ်ရာတွင်လည်း တစုံတရာ ထိရောက် စေခဲ့သည်ဟု သုံးသပ်နိုင်မည် ထင်ပါသည်။ သို့သော် တိုင်းရင်းသားများသည် ချွတ်လွယ်ပြီးလွယ်သော ရိုးရာယဉ်ကျေးမှု အဝတ်အစားများ၊ အဆိုအကနှင့် ပွဲလမ်းသဘင်များ နေရာရရုံဖြင့် ကျေနပ်နိုင်ကြသည် မဟုတ်ပါ။ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားရေးရာ ကိုယ်စားလှယ် ထားရှိခြင်းကိုလည်း တိုင်းရင်းသား များအကြား သွေးကွဲစေသည့် အချက်ဖြစ်သည်ဟု ဝေဖန်မှုများလည်း ရှိနေပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအပေါ် တိုင်းရင်းသား ပြည်သူများက အမြင်မကြည်မှု မရှိခဲ့သော်လည်း ဗိုလ်ချုပ်၏ သမီးကိုယ်တိုင် ဦးဆောင်နေသော အစိုးရလက်ထက်၌ပင် သမရိုးကျမဟုတ်သော နိုင်ငံရေးနေရာပေးမှုကို ရက်ရောခြင်း မတွေ့ရဘူးဆိုလျှင် နဂိုရရှိထားသည့် ပုဂ္ဂိုလ်ရေးအရ ယုံကြည်မှုကိုပင် လျော့ကျသွားစေနိုင်သည်။ ငြိမ်းချမ်းရေးအလားအလာ မတည်ငြိမ်သေး သည့်အချိန်မှာ တိုင်းရင်းသားဒေသများတွင် ဗိုလ်ချုပ်၏ သမိုင်းပုံရိပ်နှင့် အခန်းကဏ္ဍများကို မြှင့်တင်နေရာရစေလိုသည့် စိတ်ဆန္ဒများစောနေလျှင် ဗိုလ်ချုပ်ပောပြောခဲ့သည့် လမ်းစဉ်များကို အားပေးရာရောက်မည် မထင်ပါ။

ယုံကြည်မှု တည်ဆောက်ခြင်းကို ပဋိပက္ခ တိုက်ရိုက်ဖြစ်ပွားနေသူ များကြား၌သာ အပြန်အလှန် တည်ဆောက်နေခြင်းဖြင့် မပြည့်စုံနိုင်ပါ။ တိုင်းရင်းသားပြည်သူများနှင့် အစိုးရကြားက ယုံကြည်မှုကိုလည်း တည်ဆောက်ရန် လိုအပ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသား လူမျိုးများကို သမရိုးကျမဟုတ်သော နိုင်ငံရေးအရ နေရာပေးမှုသည် လက်ရှိသွားနေသော ပြည်ထောင်စု ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် လိုအပ်နေသော အပြန်အလှန် နားလည်ယုံကြည်မှုအတွက်လည်း အထောက်အကူ တစ်စုံတရာ ဖြစ်စေပြီး မတူညီသည့်အမြင်များအပေါ် ပြင်းပြင်းထန်ထန် ငြင်းခုံနေခြင်း များကိုလည်း လျော့ချစေနိုင် မည်ဟု ထင်မြင်သုံးသပ်မိပါသည်။

> ယုံကြည်မှု တည်ဆောက်ခြင်းကို ပဋိပက္ခ တိုက်ရိုက်ဖြစ်ပွား နေသူများကြား၌သာ အပြန်အလှန် တည်ဆောက်နေခြင်းဖြင့် မပြည့်စုံနိုင်ပါ။ တိုင်းရင်းသားပြည်သူများ နှင့် အစိုးရကြားက ယုံကြည်မှုကိုလည်း တည်ဆောက်ရန် လိုအပ်ပါသည်။






# ဘဝတူများကို လင်းပြနေသူ (သို့) ပီတိစားသူ ဦးတန်ရော်

By Zami
6 April 2017

ကျွန်တော်ကတော့ ဒီကျောင်း ပြောင်းလဲသွားပြီး လူတွေကို ပြန်အက ညီအစ်ကိုတွေကို ကြည့်ပြီးတော့ ပီတိအဖြစ်ဆုံးပေါ့”လို့ ပြောရင်းပြုံးနေတယ





မြစ်ကြီးနားမြို့နဲ့ ဆယ်မိုင်လောက်သာဝေးတဲ့ နန်ကျင်ရွာမှ သုံးဇကေ လောက်ကျယ်ဝန်းတဲ့ ခြံတစ်ခြံမှာ မူးယစ်ဆေးဝါး သုံးစွဲသူများ စုဝေးနေကြပါတယ်။

လူတွေရဲ့အထင်မှာတော့ မူးယစ်ဆေးဝါး သုံးစွဲသူများ စုနေတဲ့နေရာ ဆိုရင် ကြောက်စရာကောင်းတဲ့ နေရာလို့သာ ထင်ရင်ထင်မိနေလိမ့်မယ်။

ဒါပေမဲ့ အဲ့ဒီနေရာဟာ လူတွေထင်ကြသလို ကြောက်စရာကောင်းတဲ့ နေရာမဟုတ်ပါ။ အဲ့ဒီနေရာမှာ ရောက်ရှိနေသူများဟာ မှားယွင်းခဲ့တဲ့ ဘဝတွေကနေ ကျမ်းစာသင်ရင်း ဘာသာတရားနဲ့ အတူလမ်း ကြောင်းမှန်ပေါ် ပြန်ရောက်ဖို့ ကြိုးစားနေရသူများသာ ဖြစ်နေလို့ပါ။

မူးယစ်ကျေးကျွန် ဖြစ်နေသူများအား မေတ္တာတရားကို အဓိကထားပြီး ကူညီပေးနေသူမှာ Ram Hkye Shalat (မူးယစ်ဆေးဝါး သုံးစွဲသူ လူငယ်များအား ကယ်တင်ခြင်း) ဘိန်းဖြတ်စခန်းနဲ့ ပြုပြင်ပြောင်းလဲ ရေးကျောင်းကို တည်ထောင်ဖွင့်လှစ်နေသူ ဦးတန်ရော်ပဲ ဖြစ်ပါတယ်။

“ဆရာတန်ရော်က မူးယစ်းဆေးဝါးကို အရမ်းစိတ်နာပြီး မူယစ်း ဆေးဝါးမှာဘဝပျက် ဆုံးရှုံးနေတဲ့ လူများကိုကယ်တင်ဖို့ သူပိုင်တဲ့ခြံ၊ စည်းစိမ်တွေကို အကုန်ရောင်းပြီး ဘိန်းဖြတ်စခန်းကို ခက်ခဲမှု တွေကြားက လုပ်ကိုင်နေသူဖြစ်တယ်။”လို့ ဦးတန်ရော်ရဲ့ရင်းနှီးတဲ့ မိတ်ဆွေ တစ်ဦးဖြစ်သူ ကိုဘရန်ကြွယ်က ပြောပြတယ်။

ဦးတန်ရော်ဟာ အရင်ကသူကိုယ်တိုင် မူးယစ်ဆေးဝါးရဲ့ကျေးကျွန် ဖြစ်ခဲ့သလို HIV ပိုးလည်း ကူးစက်ခံနေရသူဖြစ်တယ်။ သူကိုယ်တိုင် မူးယစ်ဆေးဝါးရဲ့ကျေးကျွန်ဘဝကို ဖြတ်သန်းခဲ့သူဖြစ်တဲ့ ဦးတန်ရော်က ဘဝတူ သူငယ်ချင်းများကို ကိုယ်ချင်းစာတဲ့အတွက် မေတ္တာတရားကို အဓိကထားပြီး ဆေးဖြတ်ပေးနေတဲ့ သူဖြစ်တယ်။

“အရက်အရမ်းမူးတဲ့တစ်ည ကျွန်တော်အရမ်းမုန်းတဲ့ မူးယစ်ဆေးဝါးကို ကျွန်တော့်သူငယ်ချင်းက မူးယစ်ဆေးကို ဆေးလိပ်ထဲထည့်ပြီး တစ်ခါတည်းစမ်း ခိုင်းတာ၊ အဲဒါနဲ့ နောက်နေ့တော့ ကျွန်တော်ကိုယ်တိုင် ပြန်ဝယ်ခိုင်းတယ်”လို့ ဦးတန်ရော်က သူ့ဘဝ၌ မမေ့နိုင်တဲ့ ပထမဆုံး မူးယစ်ဆေးဝါး စတင်သုံးစွဲခဲ့တဲ့အကြောင်းကို ရှုံးခန်းရဲ့အပြင်ဘက်ရှိ





သစ်ပင်များကို လှမ်းကြည့်ရင်း ပြန်လည်ပြောပြနေတယ်။

ထိုအချိန်မှစတင်ပြီး ဦးတန်ရော်ဟာ သူတို့မိသားစုကို ပျက်စီးစေခဲ့တဲ့ အတွက် သူကိုယ်တိုင် အလွန်မုန်းတီးခဲ့တဲ့ မူးယစ်ဆေးဝါးရဲ့ကျေးကျွန် အဖြစ် (၁၅)နှစ်တိုင်တိုင် ဖြတ်သန်းခဲ့ရတဲ့ အဖြစ်အပျက်များကို ပြန်လည်ပြောပြတယ်။ သူ့ဖခင်ဖြစ်သူမှာ သူဆယ်နှစ်သားအရွယ်တွင် ဆုံးပါးသွားခဲ့တယ်။ မိခင်မှာ အသက်ရှစ်ဆယ်ကျော် ရှိနေပြီဖြစ်တယ်။ သူ့အစ်ကို လေးယောက်စလုံးကလည်း မူးယစ်ဆေးဝါးကြောင့် သေဆုံးသွားခဲ့ရတယ်။

အစ်မအကြီးတို့လင်မယားက စီးပွားရေးလုပ်ကိုင်ကြပြီး၊ အစ်မလတ်နဲ့ ညီမက ဘာသာရေး ဆရာမများ ဖြစ်ကြတယ်လို့ သိရပါတယ်။ ဦးတန်ရော်ကလည်း အိမ်ထောင်ရှင်ဖြစ်ပြီး သာသမီး ၄ယောက် ရှိသူဖြစ်တယ်။ ဦးတန်ရော်က အိမ်တွင်အငယ်ဆုံးဖြစ်လို့ မိသားစုရဲ့ အချစ်ခံရဆုံးသူဖြစ်တယ်။ အချစ်ဆုံးဖြစ်ခဲ့သလို အဆိုးမိုက်ဆုံးသား လည်း ဖြစ်ခဲ့တယ်လို့ သူကပြောပြတယ်။

“အစကတော့ အငယ်ဆုံးအထွေးဆိုတော့ အချစ်ဆုံးလည်း ဟုတ်တာ ပေါ့ လေနော်။ အဲဒါနောက်ဆုံးကျတော့ အကြောက်ဆုံး ဖြစ်သွား တာပေါ့။”လို့ ပြုံးစိစိမျက်နှာနဲ့ ပြောပြတယ်။

ဦးတန်ရော်က ဆက်လက်ပြီး သူဆိုးခဲ့မိုက်ခဲ့တဲ့ အကြောင်းများကို ပြောပြခဲ့တယ်။ “အစ်ကိုတွေအားလုံးထက် ကျွန်တော်ကပိုပြီး ဆိုးသွားတာ နောက်ပိုင်း၊ အရင်တုန်းကတော့ အမျိုးမျိုးစိတ်ရှည်ပြီး လက်တွဲ၊ အမျိုးမျိုးလမ်းပြခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်က မူးယစ်ဆေးဝါး ပိုပိုဆိုးလာတာ ထောင်လည်း သုံးခါကျဆိုတော့ အိမ်ကိုတအား နိပ်စက်လွန်းတာ အခုဒီထက်ပိုပြီး နိပ်စက်လွန်းတော့ နောက်ဆုံးတော့ အချစ်ကြီးရင် အမျက်ကြီးတယ်ပဲ ခေါ်မလား၊ နောက်ဆုံးတော့ စွန့်ပစ်ခံရပြီး လမ်းဘေးဘဝ ရောက်သွားတော့၊ ဖားကန့် တကယ့် လမ်းဘေးဘဝ (ရောက်သွားတယ်) အိမ်ကနေမောင်းထုတ်၊ သေခါနီးဆဲဆဲမှာ ပြန်ပြီးဘုရားဆီ လှည့်လာတာ၊ နောင်တရတာ။”

ကျောင်းအတန်းပညာများကို တန်ဖိုးမထား လစ်လျူရှုခဲ့ပြီး အရွယ် ရောက်လာတာနဲ့ မိသားစုအတွက် ငွေရရှိဖို့ ဖခင်လိုပဲ ကျောက်စိမ်း သူဌေးလုပ်မယ်လို့ စိတ်ကူးအတွေးလေးများနဲ့ ဖားကန့်ကို ရောက်ရှိခဲ့ တယ်။ လက်တွေ့ဘဝက သူထင်ထားတဲ့ စိတ်ကူးအတွေးနဲ့ ခြားနားခဲ့ တယ်။

“ကျောင်းပညာကို တန်ဖိုးမထား မူးယစ်ဆေးဝါးလည်း သုံးစွဲတတ်တော့ သူဌေးမဖြစ်ပဲ ခွေးဖြစ်သွားတာ။ တကယ်အရေးကြီးတဲ့ ပညာရေးကို တန်ဖိုးမထားခဲ့ဘူးလေနော်”လို့ ခံစားမှုပြင်းထန်တဲ့ လေသံနဲ့ပြောပြ နေတယ်။

အစ်ကိုအရင်းတွေ မူးယစ်ဆေးဝါး ကျေးကျွန်ဘဝကနေ ရုန်းမထွက် နိုင်ပဲ သေဆုံးခဲ့ရတယ်။ အစ်ကိုတွေရဲ့အဖြစ်အပျက်ကိုကြည့်ပြီး မူးယစ်ဆေးဝါးကို ရွံမုန်းခဲ့သူဖြစ်ပေမဲ့ သူကိုယ်တိုင်လည်း မူးယစ်ဆေးဝါးနဲ့ ထိတွေ့ကာ မလွန်ဆန်နိုင်ပဲ ကျောင်းသားဘဝ ၁၄နှစ်အရွယ်တွင် မူးယစ်ဆေးဝါးရဲ့မာယာဝင်္ကပါထဲ မထင်မှတ်ပဲ ဝင်မိသွားသူ ဖြစ်တယ်။ (၁၅)နှစ်တိုင်တိုင် မူးယစ်ဆေးဝါးရဲ့ မာယာဝင်္ကပါထဲ လမ်းပြောက်နေသူဖြစ်ပြီး အသက် ၃၀ပြည့်တဲ့ ၂၀၀၅ ခုနှစ်ကုန်ခါနီးမှ လွတ်မြောက်နိုင်ခဲ့သူဖြစ်တယ်။





မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ နောင်တရပြီး ပြောင်းလဲချိန်တွင် ကျမ်းစာကျောင်းတက်ဖို့ သူဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ မမျှော်လင့်ထားပဲ HIV ပိုးက မူးယစ်ဆေးဝါးရဲ့အမွေဆိုးအဖြစ် သူ့သွေးသားထဲတွင် ကိန်းအောင်းနေပြီဖြစ်တော့ သူတက်ချင်တဲ့ ကျောင်း၌ တက်ခွင့်မရခဲ့ပါ။ ဒါပေမဲ့ ရန်ကုန်မြို့မှာ ဖွင့်လှစ်ထားတဲ့ မူးယစ်ဆေးဝါးကြောင့် ကျဆုံးနေတဲ့ သူများကို ပြုစုပျိုး ထောင်ပေးတဲ့ MYC ကျမ်းစာကျောင်းတွင် တက်ခွင့်ရခဲ့ တယ်။

MYC ကျောင်း၌ သုံးနှစ်တက်ပြီးနောက် လက်ရှိတွင် သူတည်ထောင်ထားတဲ့ မူးယစ်ဆေးဝါး သုံးစွဲပြီးကျရှုံးနေတဲ့ အမျိုးသားများကို ပြုပြင်ပေးတဲ့ကျောင်းကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်တယ်။ ၂၀၁၁ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ခြောက်နှစ်ရှိပြီဖြစ်တဲ့ ထိုကျောင်းသည် (၃)နှစ် ကျမ်းစာသင်ကျောင်း အဆင့်သို့ ရောက်ရှိနေပြီဖြစ်တယ်။ မြစ်ကြီးနားမြို့၌ သာမက ပူတာအိုတွင်လည်း ကျောင်းခွဲတစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်တယ်။

သူဖွင့်လှစ်ထားတဲ့ ကျောင်းမှထွက်လာတဲ့ ကျောင်းသား တချို့က အခုအချိန်တွင် သူတို့ကိုယ်တိုင် ဘာသာရေး ဆရာများဖြစ်နေကြတာလည်းရှိတယ်။ မူးယစ်ဆေးဝါးရဲ့ဒဏ်ကို အလူးအလဲ ခံစားခဲ့ရတဲ့ ဦးတန်ရော်ဟာ မူးယစ်ဆေးဝါးရဲ့မာယာ ဝင်္ကပါထဲကနေ သူလွတ်မြောက်နိုင်ခဲ့သလို ဘဝတူညီအစ်ကိုများ ကိုလည်း လွတ်မြောက်စေလိုတဲ့ ဆန္ဒပြင်းပြရင်း ပြုပြင်ပြောင်းလဲရေး ကျောင်း အောင်မြင်ရေးအတွက် ကြိုးပမ်းရပ်တည်နေဆဲဖြစ်တယ်။

ဘိန်းဖြတ်စခန်းဆိုရင် အခန်းကျဉ်းထဲတွင် ထည့်ထားခြင်း၊ ထိတ်တုံးခတ်ထားခြင်းများကြောင့် မူးယစ်ဆေးဝါး သမားများ ကြောက်ကြပေမဲ့ ဦးတန်ရော်ရဲ့ကျောင်းတွင် ထိုသို့ပြုလုပ်ခြင်း မရှိပါ။ ခြံဝင်းကျယ်တဲ့အပြင် ကျောင်းသားများ ကစားမယ့်နေရာများနဲ့ ကိုယ်တိုင်အတွေ့အကြုံရှိပြီး စေတနာပြင်းပြတဲ့ ဆရာတန်ရော်က ဦးစီးနေတဲ့အတွက် ကျောင်းသားများ ပျော်ကြတယ်။

ကျောင်းသားများကလည်း ဆရာတန်ရော်ကို လေးစားကြတယ်။ ချစ်ခင်ကြတယ်။ ဦးတန်ရော်ဟာ သူ့ကျောင်းသားများနဲ့အတူ နှစ်စဉ် ဖားကန့်ဒေသရှိ မူးယစ်ဆေးဝါး သုံးစွဲသူများရှိတဲ့ ဒေသများသို့ သွားရောက်ပြီး သက်သေခံခြင်းနဲ့ အားပေးခြင်း အစီအစဉ်များ ပြုလုပ်လေ့ရှိကြောင်းသိရတယ်။ သူသည် အပြင်က မူးယစ်ဆေးဝါး သုံးစွဲသူများနဲ့လည်း မကြာခဏ တွေ့ဆုံပြီး သက်သေခံလေ့ရှိတယ်။

လက်ရှိအချိန်တွင်လည်း ကချင်ပြည်နယ်အနှံ့တွင် မူးယစ်ဆေးဝါး ရောင်းဝယ်သူများ၊ သုံးစွဲသူများ အရင်ထက်တောင် ပိုမိုများပြားလာတာကို တွေ့ရတဲ့အတွက် စိတ်မကောင်း ဖြစ်နေသူဖြစ်တယ်။ မူးယစ်ဆေးဝါးကို တိုက်ဖျက်ဖို့ အားလုံးစည်းလုံးဖို့ အရေးကြီးတာကို ဦးတန်ရော်က အခုလို ပြောပါတယ်။

"မူးယစ်ဆေးဝါးဆိုတာတော့ မျိုးနွယ်ကို ပျက်သုန်းစေတဲ့အရာ ကိုယ်နဲ့ပတ်သက် ဆက်နွယ်နေတဲ့ အသိုင်းအဝိုင်းတွေကို အင်မတန်မှ ဒုက္ခပေးတဲ့အရာဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် ကောင်းကြီးမင်္ဂလာ လုံးဝမဟုတ်ပါဘူး။ ရန်သူဟုတ်ပါတယ်။ ရှောင်ရှားပြီးမှ အတူတူ တိုက်ဖျက်ရအောင်"လို့ ပြောဆိုတယ်။

မူးယစ်ဆေးဝါးကို တစ်ခါသုံးစွဲမိလို့ ဖြတ်နိုင်ဖို့ဆိုရင် အချိန်အများကြီးကုန်အောင် ပြန်လည်ကုသရပြီး စိတ်ပိုင်းဆိုင်ရာကို ဖြတ်နိုင်မှသာ ပြတ်နိုင်တဲ့အရာ ဖြစ်တဲ့အတွက် စိတ်ပိုင်းဆိုင်ရာ ကုသရာတွင် ဘုရားတရား ဘာသာတရားနည်းနဲ့ ကုသခြင်းက အကောင်းဆုံး ဖြစ်ကြောင်း သူကပြောပြတယ်။

ဘဝတူ ညီအစ်ကိုများကို မူးယစ်ဆေးဝါး ကျေးကျွန်ဘဝမှ လွတ်မြောက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြုပြင်ပြောင်းလဲရေးကျောင်း ဖွင့်လှစ်ခဲ့သူ ဦးတန်ရော်ဟာ သူ့ကျောင်းအပေါ်ခံစားချက်အား အခုလိုပြောပြပါတယ်။

"ကျွန်တော်ကတော့ ဒီကျောင်းကနေ ပြောင်းလဲသွားပြီး လူတွေကို ပြန်အကျိုးပြုတဲ့ ညီအစ်ကိုတွေကို ကြည့်ပြီးတော့ ပီတိအဖြစ်ဆုံးပေါ့"လို့ ပြောရင်းပြုံးနေတယ်။





# သမိုင်းတခုရဲ့လျှပ်တစ်ပြက်ပုံရိပ်များမှ ဇာတ်ရုံဓါတ်ပုံ မော်ဒယ်(သို့) အဖွားဒေါ်မဂေါင်ခေါန်ရော်

လွတ်လပ်ရေး မတိုင်မီကာလက
ဗိုလ်ချုပ်နှင့်အတူ ဓါတ်ပုံရိုက်ခဲ့သော
သမိုင်းတခု၏ လျှပ်တစ်ပြက်ပုံရိပ်များမှ

စကားပြောလျှင် အနည်းငယ် ကျယ်ကျယ်ပြောရခြင်းမှလွဲ၍ မာမာချာချာ ရှိနေဆဲဖြစ်သော အသက်(၉၀)နှစ်အရွယ်၊ အဖွားတစ်ဦးသည် ၎င်း၏ ဓါတ်ပုံများ ချိတ်ဆွဲထားသည့် ဧည့်ခန်းတွင်း၌ ပေ့ါပါးရွှင်လန်းလျှက် လမ်းလျှောက်နေပါသည်။

သေးသွယ်သည့် ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသူဖြစ်သော အဖွားသည် ရှုဝါနန် (ကချင်ရိုးရာလည်ဆွဲ)ကို အမြဲပန်ဆင်ထားလျှက်ရှိပါသည်။ အဖွားသည် ပါဝါမျက်မှန် တပ်ဆင်ထားသူ ဖြစ်သော်လည်း တစ်ခါတွေ့ဆုံဖူးသူကို နောက်တစ်ခါ ပြန်တွေ့လျှင်လည်း မှတ်မိနေဆဲဖြစ်ပါသည်။

သူသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မိန်ခိန်ရပ်ကွက်တွင် နေထိုင်သည့် အဖွားဒေါ်မဂေါင်ခေါန်ရော် ဖြစ်ပါသည်။

၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၃၀ရက်နေ့တွင် မိန်ခိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရိုက်ခဲ့သော သမိုင်းဝင်ဓါတ်ပုံတွင် ပါဝင်ခဲ့သူ ကချင်အမျိုးသမီးပျိုများထဲမှ တစ်ဦးဖြစ်ပါသည်။ ဗမာတိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားများ လွတ်လပ်ရေး အတူတကွရယူရန် ကချင်ခေါင်းဆောင်များအား လာရောက်စည်းရုံးသည့် ခရီးစဉ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်ရိုးရာ ဓါးစလွယ်၊ လွယ်အိတ်နှင့် ခေါင်းပေါင်းများကို ဝတ်ဆင်ထားကာ ကချင်အမျိုးသမီးပျို (၆)ယောက်နှင့်အတူ အမှတ်တရ ရိုက်ခဲ့သည့် ဓါတ်ပုံဖြစ်ပါသည်။

"ဒီဓာတ်ပုံရိုက်တုန်းက အဖွားက၁၉နှစ်ပဲ ရှိသေးတယ်။ ဒီထဲမှအခုက အဖွားတစ်ယောက်ပဲ ကျန်တော့တယ်။ ကျန်တဲ့သူတွေက မရှိတော့ဘူး။"ဟု အဖွားဒေါ်မဂေါင်ခေါန်ရော်က ၎င်းအိမ်တွင် ချိတ်ထားသည့် ကချင်အမျိုးသမီးများ ရိုးရာဝတ်စုံ ဝတ်ဆင်ကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရိုက်ကူးထားသည့် ဓါတ်ပုံကို လက်ညှိုးထိုး ညွှန်ပြရင်း ပြောပြနေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဓါတ်ပုံအတူရိုက်ခဲ့သူများမှာ ဆရာမကြီးဂေါ်လူလု(သေဆုံး)၊ ဆရာမအယ်လ် နန်ဆိုင်း(သေဆုံး)၊ မအင်ခွမ်ဘောက်(သေဆုံး)၊ မမဂေါင်ခေါန်ရော်၊ အလ်ဂျာဘောက်(သေဆုံး)၊ ဆရာမနင်ရာ(သေဆုံး)တို့ ဖြစ်ကြပါသည်။

"ဗိုလ်ချုပ်နဲ့အတူရိုက်တဲ့ ဓါတ်ပုံမှာပါတဲ့ ကျွန်မတို့က အဲအချိန်မှာ အစည်းအဝေး လုပ်တဲ့သူတွေကို ကျွေးမွေးဖို့ ထမင်းချက်ပေးတာပဲ။ ဗိုလ်ချုပ်အောင်ဆန်းက အမှတ်တရအတွက် ကချင်အမျိုးသမီးတွေနဲ့ ဓါတ်ပုံရိုက်ချင်တယ်ဆိုလို့ အဖွားတို့ကလည်း ချက်ချင်းပြင်ဆင်လိုက်ပြီး

ရိုက်လိုက်တာပဲ။”ဟု အဖွားဒေါ် မဂေါင်ခေါန်ရော်က ဗိုလ်ချုပ်အောင်ဆန်းနှင့် ဓါတ်ပုံအတူ ရိုက်ဖြစ်ခဲ့သည့်အကြောင်းကို ပြောပြသည်။

ဓါတ်ပုံအတူ ရိုက်ခဲ့ကြသော်လည်း ဆွေးနွေးပွဲတွင် မည်သည့်အကြောင်းအရာများအား ဆွေးနွေးခဲ့ကြသည်ကို အသေးစိတ် မသိရကြောင်း၊ ဗမာ၊ ကချင်၊ ကရင်၊ ရှမ်းများ စုပေါင်းပြီး လွတ်လပ်ရေးရယူရန် ဗိုလ်ချုပ်အောင်ဆန်းမှ ကချင်ခေါင်းဆောင်များအား လာရောက်စည်းရုံး ပြောဆိုခြင်း ဖြစ်ကြောင်းကိုသာ အဖွားကသိရကြောင်း ပြောပြပါသည်။

ဓါတ်ပုံတွင် ဗိုလ်ချုပ်အောင်ဆန်းသည် မျက်နှာအတော် ပြုံးပျော်နေသည့်အပေါ် အဖွားပြောပြသည်မှာ “သူ့ရဲ့ကိုယ်ရံတော်က ဗိုလ်ချုပ်ခင်ဗျား ကချင်အမျိုးသမီးတွေနဲ့ ဓါတ်ပုံရိုက်ရင် ဒေါ်ခင်ကြည်က စိတ်ကောက်မလားနော်လို့ ပြောလိုက်တော့ ရယ်သွားတာဟုတ်တယ်။”ဟု အဖွားက ထိုစဉ်က အဖြစ်အပျက်ကို ပြန်ပြောင်း ပြောပြပါသည်။

အဖွားသည် ရက်ကန်းသမဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းဆယ်နှစ်ကြာ လုပ်ကိုင်ခဲ့ပြီး ကျောင်းဆရာမလည်း နှစ်နှစ် လုပ်ကိုင်ဖူးသူဖြစ်ပါသည်။ အဖွားသည် ဒုတိယကမ္ဘာစစ်ကာလတွင် အင်္ဂလိပ်နှင့်ဂျပန် တိုက်ပွဲများတွင် Dr.Seagrave အဖွဲ့နှင့်အတူ စစ်မြေပြင်သို့ သွားရောက်လိုက်ပါပြီး အမေရိကန်နှင့် အင်္ဂလိပ် စစ်သားများအား ဆေးကုပေးသည့် သူနာပြုအကူအဖြစ်လည်း နှစ်နှစ်တာဝန် ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်ပါသည်။ ထိုစဉ်က သေဆုံးသူအများဆုံးမှာ ဂျပန်နှင့် တရုတ်စစ်သားများ ဖြစ်ကြောင်း အဖွားကပြောပြသည်။

“မြစ်ကြီးနားမှ ရှမ်းမြောက် နမ်ခမ်းထိလိုက်သွားတယ်။ အဲအချိန်က ဒဏ်ရာရတဲ့သူလည်း အရမ်းများတယ်။ ဆရာဝန်တွေလည်း အရမ်းများ။ ဗမာလည်းပါတယ်။ ကုလားလည်းပါတယ်။ ကချင်လည်းပါတယ်။ အစုံပါတယ်။ အများဆုံးက သေတာက တရုတ်ပဲ။ တရုတ်တွေကိုက အင်္ဂလိပ်တွေ ရှေ့ပြေးလုပ်ခိုင်းတယ်။ အင်္ဂလိပ်စစ်သားတွေ မိုင်းကြောက်လို့ လမ်းလျှောက်တာတောင် ရှေ့ကလူနင်းထားတဲ့ ခြေလမ်းအတိုင်းပဲ လျှောက်တာ။ အရမ်းကြောက်ရတယ်။”ဟု အဖွားက ၎င်း၏အတွေ့အကြုံအား ပြန်လည်ပြောပြသည်။

အဖွားသည် (၂၀၁၇) မတ်လ ၂၈ရက်နေ့၌ ကချင်စစ်ဘေးဒုက္ခသည်စခန်းများသို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ နေ့ချင်းပြန် ကချင်ပြည်နယ် ခရီးစဉ်တွင်လည်း တွေ့ဆုံခဲ့၍ အဖွားကို ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူရိုက်ခဲ့သည့် ဓါတ်ပုံနှင့်တွဲကာ လူအများကပိုမို စိတ်ဝင်စားလာခဲ့ခြင်း ဖြစ်ပါသည်။ အဖွားသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ယခုတစ်ကြိမ်သာ တွေ့ဆုံဖူးခြင်းမဟုတ်ပဲ (၃)ကြိမ်တိုင်တိုင် တွေ့ဆုံဖူးပြီဖြစ်ကြောင်း သိရပါသည်။

အဖေနှင့်သမီး နှစ်ဦးစလုံးကို တွေ့ဆုံဖူးသည့် အဖွားသည် ၎င်းတို့နှစ်ဦးသည် သမီးအဖေ ဖြစ်ကြသည့်အလျောက် ကွာခြားမှုမရှိကြောင်း သုံးသပ်ပါသည်။

“သူတို့နှစ်ယောက်က သမီးနဲ့အဖေပဲ ဘာကွာခြားမလဲ။ မကွဲပါဘူး။ အဖွားက နိုင်ငံရေးလည်း မလိုက်စားတော့ မသိတော့ဘူး။ အခု ဒေါ်အောင်ဆန်းစုကြည် ဘာလုပ်တယ်ဆိုတာကို သူများတွေပြောပြသလောက်ပဲ သိရတယ်။ အရင်ဗိုလ်ချုပ်လည်း ဒီလိုပဲ ဒီမှာတရားဟော၊ အားလုံးကို စည်းရုံးပြီး သဘောတူကြပြီး ပင်လုံမှာ လူကြီးတွေ စာချုပ်သွားချုပ်တယ်။ ပြီးတော့ ရန်ကုန်ရောက်တော့ လုပ်ကြံခံရပြီး သေသွားပြီ။ ဗိုလ်ချုပ်ရဲ့အကြောင်း ဗိုလ်ချုပ်ရဲ့အနာဂတ်က ဘာမှမရှိတော့ဘူးလေနော်။ ဘာမှမလုပ်ရသေးခင်။ ပင်လုံစာချုပ်ပဲ ချုပ်သေးတဲ့အချိန် ဂျွန်ဦးစော သတ်လိုက်ပြီလေ။ နောက်ပိုင်း စစ်သားတွေက သူရဲ့ဂတိအတိုင်းလည်း မလိုက်နာတော့ဘူး။ ဗိုလ်ချုပ်ပြောတာနဲ့ သူတို့လုပ်တာက အဝေးကြီးဖြစ်သွားတယ်။ အခုဗိုလ်ချုပ်လုပ်တာကို ပြန်လုပ်မယ်ဆိုပြီး သမီးပြန်တက်လာတယ်။ ဒါကလည်း ဘာအဓိပ္ပာယ်မှ မထွက်သေးဘူး။ စစ်တပ်က မလွတ်ပေးနေလို့နော်။”ဟုဆိုပါသည်။

အဖွားဒေါ်မဂေါင်ခေါန်ရော်သည် ဗိုလ်ချုပ်နှင့်တွေ့ဆုံပြီး အမှတ်တရ ဓါတ်ပုံရိုက်ဖူးသည့်အတိုင်း သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံပြီး မှတ်တမ်းဓါတ်ပုံ ရိုက်ဖူးသူဖြစ်ပါသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံတိုင်းလည်း တွေ့ဆုံခဲ့ခြင်းကလွဲပြီး အခြားဘာမှပြောဆိုခြင်း မရှိခဲ့ကြောင်း ဆိုပါသည်။

ပြီးခဲ့သည့် မတ်လ ၂၈ရက်နေ့ကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန် နေအိမ်မှ နံနက် ၈း၀၀နာရီကတည်းက ထွက်လာပြီး ဟိုတယ်တွင် စောင့်နေရကာ၊ နေ့လည် ၁၂း၀၀နာရီကျော်မှ တွေ့ဆုံရပြီး တွေ့ဆုံချိန်၌လည်း “နေကောင်းလား”ဟု မေးခွင့်သာ ရခဲ့ကြောင်း အဖွားကပြောပြသည်။

“ပြောခွင့်ရရင်တော့ အဖွားလည်းပြောမလို့ပဲ ယခင်သူ့အဖေနှင့်အတူ ဓါတ်ပုံရိုက်တဲ့နေရာမှာ၊ အဖေစည်းရုံး ဟောပြောခဲ့တဲ့နေရာမှာ ဥထပ်တိုက် ကျောင်းဆောင်ဆောက်ပေးဖို့နဲ့ ရပ်ကွက်မှာ ကတ္တရာလမ်းခင်းပေးဖို့ တောင်းမလို့ပဲ။ နိုင်ငံရေးသမား မဟုတ်တော့ နိုင်ငံရေးအကြောင်းတော့ မပြောဘူး။ ပြောဖို့လည်း အခွင့်မရှိခဲ့ဘူး။”ဟု အဖွားကဆိုသည်။

မည်သို့ပင်ဆိုစေ အဖွားသည် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း သုံးကြိမ်ထက်မနည်း တွေ့ဆုံခဲ့ပြီး မှတ်တမ်းဓါတ်ပုံများလည်း အရိုက်ခံခဲ့သည့် အမျိုးသမီးဖြစ်ပါသည်။

လွတ်လပ်ရေး မတိုင်မီကာလက ဗိုလ်ချုပ်အောင်ဆန်း၏ ပထမဆုံးနှင့် နောက်ဆုံးအကြိမ် ကချင်ပြည်နယ်ခရီးစဉ်တွင် ဗိုလ်ချုပ်နှင့်အတူ ဓါတ်ပုံရိုက်ခဲ့သော ကချင်အမျိုးသမီးများထဲမှ သက်ရှိထင်ရှား ရှိနေသေးသည့် တစ်ဦးတည်းသော သမိုင်းတခု၏ လျှပ်တစ်ပြက်ပုံရိပ်များမှ ဇာတ်ရံဓါတ်ပုံမော်ဒယ် တစ်ဦးလို ဖြစ်နေပေသည်။

By Maran
8 April 2017

# 2017 KACHIN WAVES ရက်စွဲမှတ်တမ်း

## 5 January 2017

မောင်ဂွန်ဆိုင်းအောင် သေနတ်ထိမှန်သေဆုံးသည့်အမှုအား ဇန်နဝါရီ ၅ရက်နေ့တွင် အကျဉ်းစစ်တရားရုံး၌ ဒုတိယအကြိမ် စစ်ဆေးအပြီး တပ်သားမောင်မောင်ကို အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂နှစ် အပြီးသတ် အမိန့်ချမှတ်လိုက်သည်။ ကွန်ပျူတာ တက္ကသိုလ်ကျောင်းသား မောင်ဂွန်ဆိုင်းအောင်သည် ၂၀၁၆ ဇွန်လ ၂၀ရက်ည၌ မြစ်ကြီးနားမြို့ သီတာရပ်ကွက်တွင် တပ်သားမောင်မောင်၏ သေနတ်ကျည်ဆံထိမှန်ကာ သေဆုံးခဲ့သူဖြစ်သည်။

## 9 January 2017

သတင်းထောက်များအား ကူညီခဲ့သည့် မုံးကိုးကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှဘာသာရေး ဆရာနှစ်ဦးအားတပ်မတော်မှခေါ်ဆောင်ပြီးနောက် ပျောက်ဆုံးနေသည့်ကိစ္စ၊ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ နိုင်ငံတော် သမ္မတထံစာပို့။

## 10 January 2017

(၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မနောင်ကွင်းတွင် ကျင်းပခဲ့သည်။

## 11 January 2017

ဖားကန့်မြို့၌ကျင်းပခဲ့သည့် (၆၉)နှစ်ပြည့် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့သွားသည်ဟုဆိုကာ ဇန်နဝါရီ ၁၁ရက်နေ့တွင် အတန်းပိုင်ဆရာက အလယ်တန်းကျောင်းသူ၊ ကျောင်းသား (၁၁)ယောက်ကို ပျဉ်ပြားဖြင့် ရိုက်နက်မှုဖြစ်ပွားခဲ့သည်။

## 18 January 2017

ဖားကန့်မြို့ နမ့်မဖြစ်ကျေးရွာမှ ကျောင်းဆရာတစ်ဦးအား အမည်မသိလူသုံးဦးမှ ဆိုင်ကယ်ဖြင့် ခေါ်ဆောင်သွားပြီး သေနတ်ဖြင့် ပစ်သတ်မှုဖြစ်ပွား ခဲ့ကြောင်း ဖားကန့်မြို့မှ ရဲစခန်းမှ သတင်းရရှိသည်။

## 31 January 2017

ဇန်နဝါရီ ၃၁ရက်နေ့ နံနက်ပိုင်းတွင် Palm Spring Hotel ၌ ဌာနဆိုင်ရာများ၊ ကမ္ဘာ့ဘဏ်နှင့်နိုင်ငံတကာ အဖွဲ့အစည်းများ၊ တရုတ်သံအမတ်နှင့်ကိုယ်စားလှယ်များနှင့် ဒေသခံအဖွဲ့အစည်းအချို့တို့ပါဝင်ပြီး "အမျိုးသားအဆင့် မြစ်ဝှမ်းဒေသပေါင်းစုံမှ ပါဝင်ပတ်သက်သူများ၏ အခြေခံဆန်းစစ်မှု အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပနေစဉ် မြစ်ဆုံဒေသခံအချို့က အဆိုပါ Hotel ရှေ့တွင် မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းပေးဖို့ ဆန္ဒပြခဲ့ကြပါသည်။

## February 2017

၂၀၁၇ ဖေဖော်ဝါရီလတွင် လမ်းနယ်နိမိတ်နှင့် မလွတ်သည်ဟုဆိုကာ မြစ်ကြီးနားမြို့လမ်းဘေးများမှ သက်တမ်းရင့် ကုက္ကိုပင် (၆၈)ပင်အား ခုတ်တင်ရှင်းလင်းခဲ့ကြသည်။

## 9 February 2017

၂၀၁၇ ဖေဖော်ဝါရီ ၉ရက်နေ့တွင် အသက်၂၄နှစ်အရွယ် သူနာပြုကျောင်း ဆင်း မလိဆန်ပန်အား ပန်းတိမ်ဆိုင်တွင် အလုပ်လုပ်နေစဉ် ဓါးဖြင့်အချက်ပေါင်းများစွာ ထိုးသတ်မှုဖြစ်ပွားခဲ့သည်။

## 13 February 2017

ကချင်ပြည်သူများကန့်ကွက်မှု ရှိနေသော်လည်း ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုဖွင့်ပွဲကို မြစ်ကြီးနားမြို့ စိမ်းမြရောပန်းခြံအနီးတွင် ဖေဖော်ဝါရီလ ၁၃ရက်နေ့၌ ပြုလုပ်ခဲ့သည်။

## 14 February 2017

မသန်မစွမ်းသူများဦးဆောင်ပြီး ငြိမ်းချမ်းရေးကို လိုလားကြောင်း ဖေါ်ပြသည့် မြစ်ကြီးနားမှ နေပြည်တော်အထိသွားမည့် Wheel Chair ရထား ခရီးစဉ်ကို မြစ်ကြီးနားမြို့မှ စတင်ထွက်ခွာသည်။

## 16 February 2017

ဖေဖော်ဝါရီ ၁၆ရက်နေ့က မြစ်ကြီးနားမနောင်ကွင်းတွင် ၂၁ရာစုပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဒုတိယအကြိမ် အမျိုးသားအဆင့် ဆွေးနွေးညှိနှိုင်းအစည်းအဝေးအတွက် ကချင်အမျိုးသား ညီလာခံအားကျင်းပနေစဉ် ရဲများမှ တားဆီးပိတ်ပင်မှုများ ရှိခဲ့သည်။

## 17 February 2017

ရောရုပ်ရှင်ရုံဖွင့်ပွဲနှင့် "မနောမြေမှကျောက်စိမ်းကမ္ဘာ" ရုပ်ရှင်ပြသပွဲကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်မှ ဖွင့်လှစ်ပေးခဲ့သည်။

## March 2017

ကမ္ဘာ့မြစ်ချောင်းအင်းအိုင်များနေ့ အထိမ်းအမှတ်အဖြစ် ဒေသခံပြည်သူများက ဧရာဝတီမြစ် ထာဝရစီးဆင်းရေးအတွက် ဧရာဝတီမြစ်ထဲသို့ ဝါးဖောင်မျှောကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

## 2 March 2017

မတ်လ ၂ရက်နေ့ကျရောက်သည့် တောင်သူလယ်သမားနေ့တွင် ဟူးကောင်းဒေသအတွင်းရှိ ရွာပေါင်း ၂၄ရွာမှ တောင်သူလယ်သမားများ (၅၀၀)ခန့်သည် ယုဇနကုမ္ပဏီမှ သိမ်းဆည်းထားသော လယ်ယာမြေများ

# 2017 KACHIN WAVES ရက်စွဲမှတ်တမ်း

ကို ပြန်လည်ရရှိရန်အတွက် ဖားကန့်မြို့နယ် ဝါရာဇွပ်ကျေးရွာတွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

## 14 March 2017

မတ်လ ၁၄ရက်နေ့၌ ကျရောက်သည့် နိုင်ငံတကာ မြစ်ချောင်းအင်းအိုင်များနေ့အား ချီဖွေမြို့နယ် ချန်းမောခုန်းဒေသ ထွန်းရှိန်ကျေးရွာတွင် ဒေသခံပြည်သူလူထု အယောက်တစ်ထောင်ကျော်ဖြင့် ပထမဆုံး ကျင်းပခဲ့ကြပါသည်။

## 18 March 2017

သိန်းပေါင်းလေးထောင်ကျော်ကုန်ကျပြီး တည်ဆောက်ထားသည့် မချမ်းဘော့မြို့ရှိ မလိခတံတားဖွင့်ပွဲ အခမ်းအနားကို ဆောက်လုပ်ရေးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဦးခက်အောင်တို့ တက်ရောက်ဖွင့်လှစ်ခဲ့သည်။

## 27 March 2017

၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်အကယ်ဒမီအထူးဆုရခဲ့သည့် "မနော မြေမှကျောက်စိမ်းကျွှာ"အဖွဲ့အား ကချင်အနုပညာရှင်များအသင်း ဗဟိုကော်မတီမှ ကြိုဆိုဂုဏ်ပြုခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို မနောင်ကွင်းတွင်ကျင်းပခဲ့သည်။

## 28 March 2017

မတ်လ ၂၈ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြစ်ကြီးနား Palm Spring Hotel တွင် ကချင်လူထုခေါင်းဆောင်များနှင့်တွေ့ဆုံကာ NCA တွင်လက်မှတ်ရေးထိုးရန်နှင့် ၂၁ရာစုပင်လုံတွင် အားလုံးပါဝင်ရန် တိုက်တွန်းပြောကြားခဲ့သည်။

## April 2017

ကချင်ပြည်နယ်တွင် သင်္ကြန်ကာလအတွင်း အမှုပေါင်း (၂၇)မှုဖြစ်ပွားခဲ့ပြီး ရွှေကူမြို့နယ်တွင် ဓါးထိုးမှုကြောင့် လူသေမှုတစ်ခုဖြစ်ပွားခဲ့သည်။ ယင်းအမှုအပါအဝင် ယာဉ်တိုက်မှုနှင့် အခြားဖြစ်စဉ်များကြောင့် သေဆုံးသူ (၉)ဦးအထိ ရှိခဲ့သည်။

## 9 April 2017

အင်ဂျန်းယာန်မြို့တွင် ဧပြီလ ၉ရက်ည၌ လေပြင်းတိုက်ခတ်သောကြောင့် စာသင်ကျောင်းနှင့် ဘုရားကျောင်းများအပါအဝင် အိမ်ခြေတစ်ရာကျော် ပျက်စီးသွားခဲ့သည်။

## 28 April 2017

ကချင်ပြည်နယ်ရှိ စစ်ပြေးဒုက္ခသည်စခန်းများမှ မိန်းကလေး(၉)ဦးကို ဒေါ်ခင်ကြည်ဖေါင်ဒေးရှင်း၏ အကူအညီဖြင့် ရန်ကုန်မြို့ရှိ အေးသူဇာစက်ချုပ်လုပ်ငန်းတွင် (၆)လအခမဲ့အထည်ချုပ်သင်တန်းသင်ယူစေမည်ဖြစ်ကြောင်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ အမျိုးသမီးက ပြောသည်။ ယခုစက်ချုပ်သင်တန်းကို တက်ရောက်ရန်အတွက် အသက် ၁၆နှစ်မှ၂၅နှစ်ကြား အမျိုးသမီးများကို ရွေးချယ်ခေါ်ယူခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

## 29 April 2017

ကချင် လွတ်မြောက်ရေးအဖွဲ့ (KIO)သည် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ (United Nationalities Federal Council)မှ နုတ်ထွက်ရန် ၂၀၁၇ ခုနှစ် ဧပြီလ ၂၉ရက်နေ့တွင် UNFC ထံနုတ်ထွက်စာတင်ပြီး ဇွန်လတွင် နုတ်ထွက်ခဲ့သည်။

## 21 May 2017

လွန်ခဲ့သည့်ဧပြီလ၌ ခါးရှိကျေးရွာမှ ဦးဇော်လေးအသတ်ခံရသည့်အပေါ် KIO/KIA အနေဖြင့် တောင်းပန်ခြင်းမရှိသောကြောင့် ယနေ့မြစ်ကြီးနားမြို့တွင် လီဆူတစ်မျိုးသားလုံး ဆန္ဒထုတ်ဖေါ်ပွဲ ပြုလုပ်ရခြင်းဖြစ်သည်ဟု ဒူးလေးပါတီဥက္ကဌ ဦးရွှေမင်းက ပြောသည်။

## 25 May 2017

မေလ ၂၅ရက်ညတွင် ခမရ (၃၁၉)တပ်ရင်း လှုပ်ရှားစစ်ကြောင်းတစ်ခုမှ မံစီမြို့နယ် မိုင်းခေါင် RC စစ်ဘေးဒုက္ခသည်စခန်းမှ IDP သုံးဦးအား အလုပ်မှအပြန်လမ်းတွင် ဖမ်းဆီးပြီးသတ်ဖြတ်မှုဖြစ်ပွားခဲ့သည်။

## June 2017

ကချင်ပြည်နယ်၏ ၂၀၁၆-၂၀၁၇ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုသူ ၃၀၆၃၇ ဦးမှ အောင်မြင်သူ ၉၂၀၇ ဦးဖြစ်သည်။ ရာခိုင်းနှုန်းအရဆိုလျှင် ၃၀.၀၅ဖြစ်ပြီး တစ်နိုင်လုံးအတိုင်းအတာအရ အောင်ချက်ရာခိုင်နှုန်းအဆင့် ၁၂ ရှိခဲ့သည်။

## June 2017

ဖားကန့်မြို့တွင် ကချင်စစ်ပွဲ(၆)နှစ်ပြည့် ဆုတောင်းပွဲ ဦးဆောင်သူနှစ်ဦးကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကျော်ဦးမှ ငြိမ်းစုစီ ဥပဒေ ပုဒ်မ(၁၉)ဖြင့် အမှုဖွင့်ခဲ့ကြောင်း သိရသည်။

## 1 June 2017

ပူတာအိုမြို့နယ်၊ လုံးစွတ်ရပ်ကွက်ရှိ စစ်ဘေးဒုက္ခသည်စခန်းတွင် နေထိုင်သော စစ်ဘေးဒုက္ခသည်များ မူလရွာသို့ပြန်မပြန်၊ စာရင်းကို ပြုစုရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်စာရေးမှ ဇွန်လ ၁ရက်နေ့တွင် စာရင်းကောက်ယူခဲ့သည်။

## 3 June 2017

ဇွန်လ ၃ရက်နေ့မှစတင်ပြီး တပ်မတော်နှင့် KIA တပ်ရင်း(၁၄)တို့ကြား တိုက်ပွဲဖြစ်ပွား သောကြောင့် တနိုင်းမြို့နယ်၊ အင်ဂါးဂါးကျေးရွာနှင့် နန်ခမ်းကျေးရွာဒေသခံများ တနိုင်းမြို့သို့ထွက်ပြေးခဲ့ကြသည်။

## 5 June 2017

ဇွန်လ ၅ရက်နေ့တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်၊ အစိုးရအရာရှိအချို့နှင့် စက်ဘီးစီးဝါသနာရှင် အယောက် (၇၀)ခန့်သည် မြစ်ကြီးနားမြို့မှ

ဝိုင်းမော်၊ ဝါးရှောင်ကျေးရွာအထိ စက်ဘီးစီးခဲ့ကြသည်။

## 7 June 2017

တနိုင်းလမ်းနှင့် ဖားကန့်လမ်းများတွင် ဇွန်လ ၁၀ရက်နေ့မှစတင်ပြီး ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်အသင်းများသည် နံနက် ၆း၀၀နာရီမှ ညဂ၇း၀၀နာရီအတွင်းသာ သွားလာရန် ဖားကန့် ကေအိုင်အေ နယ်မြေခံတပ်ရင်း(၆)မှ ဇွန်လ ၇ရက်နေ့တွင် သတိပေးစာ ထုတ်ပြန်ခဲ့သည်။

## 7 June 2017

တနိုင်းလမ်းနှင့် ဖားကန့်လမ်းများတွင် ည ၇း၀၀နာရီနောက်ပိုင်း သွားလာခြင်းမပြုရန် ကေအိုင်အေ သတိပေးစာထုတ်ပြန်ခဲ့သည်။ တနိုင်းဒေသတွင် စစ်ရေးတင်းမာနေမှုကြောင့် ဇွန်လ ၁၀ရက်နေ့မှ စတင်ပြီး ဖားကန့် တနိုင်းများတွင် သွားလာနေသည့် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်အသင်းများ နံနက် ၆း၀၀နာရီမှ ည ၇း၀၀နာရီ အတွင်းသာ သွားလာရန် ဖားကန့် ကေအိုင်အေ နယ်မြေခံတပ်ရင်း(၆) မှ ဇွန်လ ၇ရက်နေ့ရက်စွဲဖြင့် သတိပေးစာ ထုတ်ပြန်လိုက်သည်။

## 9 June 2017

ဇွန်လ ၉ရက်နေ့တွင် ကချင်စစ်ပွဲ(၆)နှစ်ပြည့် ဆုတောင်းပွဲအား ဦးဆောင်ကျင်းပခဲ့သည့် ဦးဆောင်သူသုံးဦးကို မြစ်ကြီးနားစုစီဥပဒေပုဒ်မ (၁၉)ဖြင့် အမှုဖွင့်ပြီး၊ ဒဏ်ငွေကျပ်သုံးသောင်းစီ ပေးဆောင်ခိုင်းခဲ့သည်။

## 15 June 2017

ဇွန်လ ၁၅ရက်နေ့တွင် တနိုင်းမြို့နယ်အုပ်ချုပ်ရေးမှူးမှ မြို့တွင်းစစ်ဘေး ဒုက္ခသည်စခန်း ဖွင့်မည်ဆိုပါက မြို့ရက်သိက္ခာကျဆင်းနိုင်ပြီး လုံခြုံမှုလည်း ရှိမည်မဟုတ်သည့်အတွက် စစ်ဘေးဒုက္ခသည်စခန်း အသွင်မပြုလုပ်ရန် ခရစ်ယာန်ဘုရားကျောင်းများသို့ လာရောက် ပြောဆိုခဲ့သည်။

## 15 June 2017

မော်ဒေသများကိုတပ်မတော်မှ နယ်မြေရှင်းလင်းမည်ဖြစ်ပြီး ဇွန်လ ၁၅ရက်နေ့ နောက်ဆုံးထားပြီး ထွက်ခွာရန်ဟု ပါရှိသောစာရွက်ကို လေယာဉ်ဖြင့် ကျဲချခဲ့သည်။

